# အခြေခံဥပဒေရေးရာဂျာနယ်

# Journal of CONSTITUTIONAL AFFAIRS

No. 14, December 2002 ISSN 1513-9182


အခြေခံဥပဒေရေးရာ

- ရွေးချယ်တင်မြှောက်ပုံစနစ်များ (၃)
- ပြည်ထောင်စုနိုင်ငံနှင့် အထက်လွှတ်တော်
- အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ

နိုင်ငံရေးအသွင်ကူးပြောင်းရေး

- ဒီမိုကရေစီအသွင်ကူးပြောင်းရေးအလားအလာများ

လူ့အခွင့်အရေး

- ယူနီကယ်လ်ကုပ္ပဏီအမှု – စစ်အစိုးရ လူ့အခွင့်အရေး ချိုးဖောက်ကြောင်းပေါ်လွင်

တရားဥပဒေစိုးမိုးရေး

- ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး

ဖက်ဒရယ်ပြည်ထောင်စုရေးရာ

- အနာဂါတ်မြန်မာနိုင်ငံဖွဲ့စည်းပုံအပေါ် သဘောထားအမြင်

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

- မှန်မှန်နဲ့မြန်မြန် – တရားရုံးချုပ်ဆုံးဖြတ်ချက်များ စဉ်းစားဖွယ်ရာရှိ

# အခြေခံဥပဒေရေးရာစာစောင်

J o u r n a l  o f

# CONSTITUTIONAL AFFAIRS

အမှတ်စဉ် (၁၄) ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**
P.O. Box 29 Huamark Post Office, Bangkok 10243, Thailand
E-mail <blcsan@ksc.th.com> <blcmain@mozart.inet.co.th>

အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ်(၁၄) ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ

---

## မာတိကာ

အခြေခံဥပဒေရေးရာ

- ရွေးချယ်တင်မြှောက်ပုံစနစ်များ (၃) ၁
- ပြည်ထောင်စုနိုင်ငံနှင့် အထက်လွှတ်တော် ၃၁
- အခြေခံဥပဒေရေးရာ သတင်းအတိုအထွာများ ၆၄

နိုင်ငံရေးအသွင်ကူးပြောင်းရေး

- ဒီမိုကရေစီအသွင်ကူးပြောင်းရေးအလားအလာများ ၁၇

လူ့အခွင့်အရေး

- ယူနိုကယ်လ်ကုမ္ပဏီအမှု – စစ်အစိုးရ လူ့အခွင့်အရေး ချိုးဖောက်ကြောင်းပေါ်လွင် ၁၃

တရားဥပဒေစိုးမိုးရေး

- ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေး ၉၉

ဖက်ဒရယ်ပြည်ထောင်စုရေးရာ

- အနာဂါတ်မြန်မာနိုင်ငံဖွဲ့စည်းပုံအပေါ် သဘောထားအမြင် ၄၄

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

- မှန်မှန်နဲ့မြန်မြန် – တရားရုံးချုပ်ဆုံးဖြတ်ချက်များ စဉ်းစားဖွယ်ရာရှိ ၉၈

---

ထုတ်ဝေဖြန့်ချိ– မြန်မာနိုင်ငံရှေ့နေများကောင်စီ
မူပိုင်– မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ
မျက်နှာဖုံးဒီဇိုင်း– ဘမောင်ဇင်

ပညာပေးရေးအတွက် ထပ်ဆင့်ကူးယူဖြန့်ချိမှုများကိုအားပေးသည်၊

အခြေခံဥပဒေရေးရာ

# ရွေးချယ်တင်မြှောက်ပုံစနစ်များ–အပိုင်း (၃)

ခင်မောင်ဝင်း

## ရွေးချယ်တင်မြှောက်ပွဲ စီမံခန့်ခွဲရေး

အခြေခံဥပဒေရေးရာစာစောင် အမှတ်စဉ် (၁၂)နဲ့(၁၃)မှာ ရွေးချယ်တင်မြှောက်ပုံစနစ်တွေအကြောင်းတင်ပြခဲ့ရာမှာ စနစ်အားလုံးမဟုတ်ပေမဲ့ အဓိကကျတဲ့ စနစ်တွေပါဝင်ခဲ့ပါတယ်။ အခုအခြေခံဥပဒေရေးရာစာစောင် အမှတ်စဉ်(၁၄)မှာတော့ ရွေးချယ်တင်မြှောက်ပွဲတရပ် ဒီမိုကရေစီနည်းလမ်းတကျ ဘယ်လိုစီမံခန့်ခွဲမလဲဆိုတာကို တင်ပြဖို့ရှိပါတယ်။

ရွေးချယ်တင်မြှောက်ပွဲတွေ လုပ်ပေးလိုက်ယုံနဲ့ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ဖြစ်လာပြီလို့ ပြောလို့မရသေးပါဘူး။ ရွေးချယ်တင်မြှောက်ပွဲတခု အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့ ရွေးချယ်တင်မြှောက်ပုံစနစ်အပြင် တခြားသတိထားလုပ်ဆောင်ရမဲ့ကိစ္စတွေ အများအပြားရှိပါသေးတယ်။ အဲသလို လုပ်ဆောင်တာတွေကို ရွေးချယ်တင်မြှောက်ပွဲ လုပ်ငန်းစဉ်စီမံခန့်ခွဲမှု (Electoral Process Management) ဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲလုပ်ငန်းစဉ်စီမံခန့်ခွဲမှုဆိုတာ အတိုပြောရယင်တော့ လက်ရှိတည်ရှိနေတဲ့ နိုင်ငံရေးအခြေအနေ၊ ကိုယ့်နိုင်ငံအနေအထားနဲ့ ကိုက်ညီတဲ့ ရွေးချယ်တင်မြှောက်ပုံစနစ်တခုကို ရွေးချယ်ခြင်းနဲ့ ရွေးချယ်လိုက်တဲ့စနစ်ကို လက်တွေ့ထိရောက်စွာ အသုံးချနိုင်အောင် စီမံခန့်ခွဲခြင်းပဲဖြစ်ပါတယ်။ စီမံခန့်ခွဲမှုလုပ်တဲ့နေရာမှာ ထည့်သွင်းစဉ်းစားစရာအချက်တွေအများကြီးရှိပါတယ်။ ကိုယ့်နိုင်ငံ နိုင်ငံရေးနောက်ခံ အနေအထားနဲ့ ကိုက်ညီမဲ့စနစ်ကို သတိထားရွေးချယ်ခြင်း၊ ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဖွဲ့စည်း တာဝန်ပေးအပ်မှု၊ မဲဆန္ဒရှင်စာရင်းစနစ်တကျပြုစုပြီး မဲဆန္ဒရှင်အားလုံး အခက်အခဲမရှိ မဲပေးခွင့်ရအောင်စီမံခြင်း၊ ရွေးချယ်တင်မြှောက်ပွဲဥပဒေနဲ့ နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေများပြဋ္ဌာန်းခြင်း၊ လျာထားငွေ ဘတ်ဂျက်အတွင်း ရွေးချယ်တင်မြှောက်ပွဲ အထိရောက်ဆုံးဖြစ်အောင် အကောင်အထည်ဖေါ်ခြင်း၊ လိုအပ်ပါက အပိုထောက်ပံ့ငွေရှာဖွေခြင်း၊ ရွေးချယ်

တင်မြောက်ပွဲတရပ် အောင်အောင်မြင်မြင် ကျင်းပနိုင်အောင် လိုအပ်တဲ့ကျွမ်းကျင်ဝန်ထမ်းတွေ လေ့ကျင့်ပညာပေး မွေးထုတ်ခြင်း၊ မဲဆန္ဒရှင်ပြည်သူတွေ ရွေးချယ်တင်မြောက်ပွဲအကြောင်းသိလာအောင် ပညာပေးလုပ်ငန်းဆောင်ရွက်ခြင်း၊ စတာတွေဟာ ရွေးချယ်တင်မြောက်ပွဲလုပ်ငန်းစဉ်စီမံခန့်ခွဲမှုမှာ လုပ်ဆောင်ရတဲ့ ကိစ္စတွေဖြစ်ပါတယ်။ လိုအပ်ယင် ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အကူအညီကိုပါ ရယူခြင်းဟာလည်း ရွေးချယ်တင်မြောက်ပွဲလုပ်ငန်းစဉ် စီမံခန့်ခွဲမှုရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံနဲ့အရှေ့တီမောနိုင်ငံတွေမှာကျင်းပခဲ့တဲ့ အထွေထွေရွေးချယ်တင်မြောက်ပွဲတွေမှာ ကမ္ဘာ့ကုလသမဂ္ဂက အဓိကအကူအညီပေးခဲ့တာ တွေ့နိုင်ပါတယ်။

ကမ္ဘာမှာလူဦးရေအများဆုံး ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံက ရွေးချယ်တင်မြောက်ပွဲကော်မရှင်မင်းကြီး အီ–အက်(စ)–ဆီရှန် က ဒီမိုကရေစီစနစ်အောက်မှာ ရွေးချယ်တင်မြောက်ပွဲတရပ် အောင်အောင်မြင်မြင် ကျင်းပနိုင်ဖို့အတွက် အင်္ဂါရပ်လေးခုနဲ့ ပြည့်စုံရမယ်လို့ ပြောဘူးပါတယ်။ အဲဒီအင်္ဂါရပ်တွေကတော့ **ပထမ** ရွေးချယ်တင်မြောက်ပွဲဥပဒေဟာ လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြောက်ပွဲကို အာမခံနိုင်ရမယ်။ **ဒုတိယ** ရွေးချယ်တင်မြောက်ပွဲကော်မရှင်ဟာ လွတ်လပ်ပြီး ပြင်ပဩဇာလွှမ်းမိုးမှုကို စိုးရိမ်စရာမလိုပဲ လုပ်ငန်းဆောင်ရွက်နိုင်တဲ့ အနေအထားရှိရမယ်။ **တတိယ** မဲဆန္ဒရှင်တိုင်း အခက်အခဲအတားအဆီးမရှိပဲ မဲပေးခွင့်အခွင့်အရေးကို ကျင့်သုံးနိုင်စေရမယ်၊ **စတုတ္ထ** မဲဆန္ဒရှင်တွေကလည်း သူတို့ရဲ့အခွင့်အရေးကျင့်သုံးပိုင်ခွင့်နဲ့ တာဝန်ကို အပြည့်အဝသိရှိထားရမယ်ဆိုတဲ့ အချက်တွေဖြစ်ပါတယ်။

၁၉၉၆ခုနှစ် အိန္ဒိယအထွေထွေရွေးချယ်တင်မြောက်ပွဲ မှတ်တမ်းများအရ မဲဆန္ဒရှင်သန်း ၅၉၀ ဟာ အခက်အခဲမရှိ မဲပေးခွင့်ရအောင် နိုင်ငံတဝှမ်းမှာ မဲရုံပေါင်း ၈၂၅,၀၀၀ တည်ထောင်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်တွေဟာ မြို့တွင်းမှာဆိုယင် မဲပေးဖို့ နှစ်ကီလိုမီတာအကွာကို သွားလိုက်ယုံနဲ့ မဲပေးနိုင်သလို အစွန်အဖြားဒေသက မဲဆန္ဒရှင်တွေဆိုယင် အများဆုံး လေးကီလိုမီတာလောက်သွားလိုက်တာနဲ့ မဲရုံကို ရောက်ပါတယ်။ စက္ကူတန်ချိန် နှစ်သောင်းငါးထောင်ကျော် အသုံးပြုခဲ့ရပြီး အဲဒီရွေးချယ်တင်မြောက်ပွဲမှာ တာဝန်ယူခဲ့ရတဲ့ မဲရုံဝန်ထမ်းအရေအတွက်က ငါးသန်း ဖြစ်ပါတယ်။ စုစုပေါင်းကုန်ကျစရိတ်ကတော့ အမေရိကန်ဒေါ်လာ သန်း၂၀၀ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံတခုအဖြစ် ဒီကနေ့အထိ လက်မထောင်နေနိုင်တဲ့အချက်ထဲမှာ ရွေးချယ်တင်မြောက်ပွဲတွေကို အဲဒီလောက်အထိ ငွေကြေးအကုန်အကျခံပြီး စနစ်တကျ ဆောင်ရွက်နေလို့ဖြစ်တယ်ဆိုတာ ရှင်းပါတယ်။

ဆွီဒင်နိုင်ငံအခြေစိုက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ရွေးချယ်တင်မြောက်ပွဲ အကူအညီပေးရေးအဖွဲ့ **International Institute for Democracy and Electoral Assistance International-IDEA** ရဲ့ မှတ်တမ်းတခုအရဆိုယင် ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံတွေမှာ အထွေထွေရွေးချယ်တင်မြောက်ပွဲကျင်းပယင် မဲဆန္ဒရှင်တဦးတိုင်းအတွက် ကုန်ကျစရိတ်ဟာ လေးဒေါ်လာနဲ့ ခြောက်ဒေါ်လာအကြားရှိတယ်လို့ ဆိုပါတယ်။ အဲဒီစံနဲ့ နှိုင်းယှဉ်ယင် မြန်မာနိုင်ငံလို မဲဆန္ဒရှင် သန်း ၂၀ ကျော်ရှိတဲ့ နိုင်ငံမှာ အထွေထွေရွေးချယ်တင်မြောက်ပွဲတခါလုပ်တိုင်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ လောက်ကုန်မယ်ဆိုတဲ့ သ

ဘောပါ။

ဒီနေ့အခါမှာ ရွေးချယ်တင်မြှောက်ပွဲတွေကို စီစဉ်ရတာတွေ ပိုမိုရှုပ်ထွေးပြီး သိမ်မွေ့လာပါတယ်။ ရွေးချယ်တင်မြှောက်ပုံစနစ်အမျိုးမျိုးထဲမှာ တချို့ဆိုယင် နားလည်ဖို့တောင် ခက်ခဲတဲ့ စနစ်တွေရှိပါတယ်။ ဥပမာ ဥရောပနိုင်ငံတချို့မှာ ကျင့်သုံးနေတဲ့ မဲပြားလွှဲပြောင်းပေးနိုင်တဲ့ အချိုးကျကိုယ်စားပြုစနစ် (Single Transferable Vote- STV) လိုစနစ်မျိုး၊ ဩစတြေးလျနိုင်ငံအောက်လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲမှာကျင့်သုံးတဲ့ လွှဲပြောင်းပေးနိုင်တဲ့မဲပြားစနစ် (Alternative Vote) လိုစနစ်မျိုးဆိုယင် သာမန်မဲဆန္ဒရှင်တွေ နားလည်ဖို့ ခက်ပါတယ်။ အဲဒီလို ခက်ခက်ခဲခဲ ရွေးချယ်တင်မြှောက်ပုံစနစ်ကို ကျင့်သုံးတဲ့နိုင်ငံတွေမှာ စနစ်တခုလုံးကို နားမလည်ယင်တောင်မှ အနည်းဆုံး မဲဆန္ဒရှင်တွေအနေနဲ့ ဘယ်လိုမဲပေးရမလဲဆိုတာကိုတော့ နားလည်ထားဖို့လိုပါတယ်။ ဂျာမနီနိုင်ငံဟာ ရွေးချယ်တင်မြှောက်ပုံစနစ်နှစ်မျိုးရောပြီး ကျင့်သုံးတဲ့နိုင်ငံဖြစ်ပါတယ်။ စာတတ်မြောက်မှုနှုန်း ၁၀၀ ရာနှုန်းရှိတဲ့ ဂျာမနီနိုင်ငံမှာတောင် ရွေးချယ်တင်မြှောက်ပွဲတွေနီးလာယင် တချို့ပြည်နယ်တွေမှာ မဲဆန္ဒရှင်တွေကို ဘယ်လိုမဲပေးရမလဲဆိုတာရှင်းပြတဲ့ မဲဆန္ဒရှင်ပညာပေးလုပ်ငန်းတွေလုပ်နေရတုံးပါ။

ရွေးချယ်တင်မြှောက်ပုံစနစ်တခုလုံးကို သေသေချာချာ ဂဃနဏနားလည်ထားဖို့လိုသူတွေကတော့ ရွေးချယ်တင်မြှောက်ပွဲကော်မရှင် အဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်မဲ့သူတွေနဲ့ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမဲ့ နိုင်ငံရေးပါတီတွေက ပါတီဝင်တွေဖြစ်ပါတယ်။ ဒါမှ မဲဆန္ဒရှင်တွေရဲ့မဲတွေ နိုင်ငံရေးပါတီအသီးသီးကို ဘယ်လိုခွဲတမ်းချပေးမလဲဆိုတာ မှန်မှန်ကန်ကန် သဘောပေါက်ပြီး လုပ်ဆောင်နိုင်မှာပါ။ ဒါကြောင့် မက္ကဆီကိုနိုင်ငံမှာဆိုယင် ရွေးချယ်တင်မြှောက်ပွဲ ပညာသင်ဌာန တခုတည်ထောင်ထားပြီး ကျွမ်းကျင်အဆင့်ရှိ ရွေးချယ်တင်မြှောက်ပွဲဝန်ထမ်းတွေဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနေတာ တွေ့ရပါတယ်။

ရွေးချယ်တင်မြှောက်ပွဲကို စနစ်တကျစီမံဆောင်ရွက်နိုင်အောင် အလားတူပညာသင်ဌာနတွေဖွင့်လှစ်ထားတဲ့နိုင်ငံတွေထဲမှာ အမေရိကန်ပြည်ထောင်စု၊ အလယ်နဲ့ အရှေ့ဥရောပ နိုင်ငံတချို့၊ အာဖရိက၊ အာရှ–ပစိဖိတ်နဲ့ ကရစ်ဗီယန်ဒေသ နိုင်ငံတွေလည်း ပါဝင်ပါတယ်။ ဂရိတ်ဗြိတိန်မှာဆိုယင် ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာဌာနတွေမှာ တာဝန်ထမ်းဆောင်မဲ့သူတွေကို စာမေးပွဲစစ်ပြီး အရည်အချင်းပြည့်မီသူတွေကိုမှ တာဝန်ပေးစေခိုင်းပါတယ်။ ဘရိတ်ချ–တောင်း မြို့ ကောလိပ်တခုကဆိုယင် ရွေးချယ်တင်မြှောက်ပွဲ လုပ်ငန်းနဲ့ပတ်သက်လို့ လေးပတ်ကြာသင်တန်းပို့ချပေးပြီး အရည်အချင်းမီသူတွေကိုမှ သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပါတယ်။

## လွတ်လပ်တဲ့ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်

ဘယ်နိုင်ငံမှာမဆို ရွေးချယ်တင်မြှောက်ပွဲလုပ်တော့မယ်ဆိုယင် ရွေးချယ်တင်မြှောက်ပွဲစီမံခန့်ခွဲမှုလုပ်တဲ့အာဏာပိုင်အဖွဲ့ တနည်းအားဖြင့် ပြင်ပဩဇာလွှမ်းမိုးမရှိပဲ လုပ်ငန်းဆောင်ရွက်နိုင်တဲ့ လွတ်လပ်တဲ့ရွေးချယ်တင်မြှောက်ပွဲ ကော်မရှင်ကို တာဝန်ပေးအပ်ရစမြဲဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ရေးကော်မရှင်တွေဟာ ရွေးချယ်တင်မြှောက်ပွဲကို အဓိက

တာဝန်ယူ စီမံခန့်ခွဲရတဲ့အာဏာပိုင်အဖွဲ့ဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲတရပ်ကျင်းပတယ်ဆိုတာ ငွေကုန်ကြေးကျများတဲ့ အလုပ်ဖြစ်ပါတယ်။ အနောက်တိုင်းဒီမိုကရေစီနိုင်ငံတွေက စံနှုန်းနဲ့နှိုင်းယှဉ်ယင် မြန်မာနိုင်ငံလို မဲဆန္ဒရှင် သန်း၂၀ ကျော်ရှိတဲ့ နိုင်ငံတခုအဖို့ အထွေထွေရွေးချယ်တင်မြှောက်ပွဲတရပ် ကျင်းပရင် အမေရိကန် ဒေါ်လာ သန်း ၁၀၀ လောက်ကုန်နိုင်တယ်လို့ အထက်မှာ တင်ပြခဲ့ပါတယ်။ ဒီလောက် ငွေကြေးအကုန်ကျခံ လုပ်ရတဲ့ အထွေထွေရွေးချယ်တင်မြှောက်ပွဲတခု ချောချောမောမောဖြစ်ဖို့နဲ့ ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို အားလုံးက ကြည်ဖြူစွာ အသိအမှတ်ပြုလာအောင် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ရွေးချယ်တင်မြှောက်ပွဲ စီမံခန့်ခွဲရေးလုပ်ဆောင်ရာမှာ အထူးသတိထားရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ရွေးချယ်တင်မြှောက်ပွဲ အကူအညီပေးရေးအဖွဲ့ IDEA ကထုတ်ဝေတဲ့ စာတမ်းပါအကြံပြုအချက်တွေကို အခြေခံပြီး ဆွေးနွေးတင်ပြသွားပါ့မယ်။

**ပထမ** အရေးအကြီးဆုံးက ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဟာ နိုင်ငံရေးပါတီအားလုံးနဲ့ မဲဆန္ဒရှင်ပြည်သူတရပ်လုံး အယုံအကြည်ရှိတဲ့ ကော်မရှင်ဖြစ်ဖို့လိုပါတယ်။ ရွေးချယ်တင်မြှောက်ပွဲတရပ် အောင်မြင်ရေးဆိုတာ နိုင်ငံရေးပါတီအားလုံးနဲ့ မဲဆန္ဒရှင်ပြည်သူတရပ်လုံးက ရွေးချယ်တင်မြှောက်ပွဲကော်မရှင်အပေါ် အယုံအကြည်ရှိမှုအပေါ်မှာ အဓိကမူတည်တယ်ဆိုတာ ကမ္ဘာ့နိုင်ငံတွေရဲ့အတွေ့အကြုံအရ အခိုင်အမာသက်သေပြပြီးဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ ကော်မရှင်အနေနဲ့ ဥပဒေပြဋ္ဌာန်းချက်တွေအတိုင်း တိတိကျကျလိုက်နာ ဆောင်ရွက်ဖို့လိုပါတယ်။ နိုင်ငံရေးပါတီတခုခုကို မျက်နှာသာပေးတာဒါမှမဟုတ် ချိုးနှိမ်ထားတာမျိုးမလုပ်ဖို့ အရေးကြီးသလို ရွေးချယ်တင်မြှောက်ပွဲရလဒ်ကို အကောင်အထည်ဖေါ်ပေးနိုင်တဲ့ အရည်အချင်းလည်း ရှိဖို့လိုပါတယ်။ ကော်မရှင်က ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရေးနဲ့ ပတ်သက်လို့ IDEA အဖွဲ့က ဒီလိုအကြံပြုထားပါတယ်။ ကော်မရှင်ဟာ တိုင်းပြည်ရဲ့ တည်ဆဲဥပဒေအားလုံးကို လေးစားလိုက်နာရမယ်။ လုပ်ငန်းဆောင်ရွက်ချက်တွေဟာ ရွေးချယ်တင်မြှောက်ပွဲနဲ့ပတ်သက်နေတဲ့ ဥပဒေအားလုံး ဥပမာ အခြေခံဥပဒေ၊ နိုင်ငံရေးပါတီများဥပဒေ၊ ရွေးချယ်တင်မြှောက်ပွဲဥပဒေတွေနဲ့ ကိုက်ညီရမယ်။ ရွေးချယ်တင်မြှောက်ပွဲနဲ့ပတ်သက်မှုရှိတဲ့ ပါတီတွေနဲ့ မဲဆန္ဒရှင်အားလုံးကို တရားမျှတမှုရှိရှိနဲ့ ဆက်ဆံရမယ်ဆိုတဲ့ အချက်တွေကို အကြံပြုထားပါတယ်။

ရွေးချယ်တင်မြှောက်ပွဲတရပ် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် **ဒုတိယ** အရေးကြီးလိုအပ်ချက်ကတော့ ကော်မရှင်ဟာ ဘက်လိုက်မှုမရှိကြားနေအဖြစ် ရပ်တည်နိုင်ရေးဖြစ်ပါတယ်။ ဘက်မလိုက်ကြားနေတယ်ဆိုတဲ့အမြင်ကို ထိခိုက်စေမဲ့ လုပ်ရပ်မှန်သမျှကို ကော်မရှင်ကရှောင်ရှားဖို့လိုပါတယ်။ ဥပမာ ရွေးချယ်တင်မြှောက်ပွဲ မကျင်းပခင်ကတည်းက ဘယ်နိုင်ငံရေးပါတီကတော့ဖြင့် ဘယ်လောက်အထိ အနိုင်ရမလဲဆိုတဲ့ ရွေးချယ်တင်မြှောက်ပွဲရလဒ် ကြိုတင်ခန့်မှန်းပြောဆိုတာမျိုး ကော်မရှင်က လုပ်လာပြီဆိုယင် အဲဒီကော်မရှင်ဟာ ဘက်လိုက်မှုမရှိကြားနေတဲ့ကော်မရှင်လို့ အများကလက်ခံမှာ မဟုတ်တော့ဘူး။ ရွေးချယ်တင်မြှောက်ပွဲ စီမံခန့်ခွဲနေစဉ်အတွင်း ဘက်မလိုက်ကြားနေမှုကို ထိခိုက်နိုင်တဲ့ ပြင်ပလူပုဂ္ဂိုလ်တွေနဲ့ ဆက်ဆံရေးကို ဖြတ်တောက်ထားတာမျိုးကိုလည်း လုပ်ကောင်း လုပ်ရနိုင်တယ်။ ရွေးချယ်တင်မြှောက်ပွဲ ရလဒ်ကနေ အကျိုးသက်ရောက်မှုရှိသူ

တဦးဦးထံက တံစိုးလက်ဆောင် လက်ခံယူခြင်း၊ ကိုယ်စားလှယ်လောင်းတဦးဦး ဒါမှမဟုတ် နိုင်ငံရေးပါတီတခုခုကို အသားပေးရာရောက်တဲ့ အလုပ်တွေဆောင်ရွက်ခြင်း၊ ရွေးချယ်တင်မြှောက်ပွဲကာလအတွင်း ပြိုင်ဘက်ပါတီတွေအကြား နိုင်ငံရေးအရ အခြေအတင်ငြင်းခုန်စရာဖြစ်နေတဲ့ ကိစ္စတွေနဲ့ပတ်သက်လို့ သဘောထားပေးပြောဆိုခြင်း၊ ပါတီတခုခုက သင်္ကေတအဖြစ်အသုံးပြုတဲ့ အမှတ်အသားတွေကို အသုံးပြုခြင်း စတာတွေကိုလည်း ရှောင်ရှားရပါတယ်။

ရွေးချယ်တင်မြှောက်ပွဲတရပ် အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် **တတိယ** လိုအပ်ချက်ကတော့ ကော်မရှင်က ရွေးချယ်တင်မြှောက်ပွဲလုပ်ငန်းစဉ် စီမံခန့်ခွဲရာမှာ ပွင့်လင်းမှုရှိရေးဖြစ်ပါတယ်။ ရိုးသားပွင်းလင်းမှုရှိရှိနဲ့ ကော်မရှင်က လုပ်ငန်းဆောင်ရွက်ပါမှ ကော်မရှင်က ဆုံးဖြတ်ချက်တွေချမှတ်ယင် သက်ဆိုင်သူတွေက အဲဒီဆုံးဖြတ်ချက်တွေကို လေးစားလိုက်နာနိုင်မှာဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲတခုမှာ စာရင်းဇယားတွေ၊ မှတ်တမ်းမှတ်ရာတွေ တပုံတပင်ရှိနိုင်တာမို့ အဲဒီမှတ်တမ်းအားလုံး သိလိုသူတွေကို ကြည့်ခွင့်ပေးတာမျိုး၊ မိတ္တူကူးပေးတာမျိုး လုပ်နိုင်မှာမဟုတ်ပေမဲ့ ကော်မရှင်လုပ်ငန်းဆောင်ရွက်ပုံ၊ ဆုံးဖြတ်ချက်ချမှတ်ပုံတွေနဲ့ပတ်သက်လို့ ရိုးသားပွင့်လင်းစွာ လုပ်ကိုင်ခဲ့တယ်ဆိုတာကို အများကယုံကြည်အောင် ပြသနိုင်ဖို့လိုပါတယ်။ လိုအပ်ယင် အငြင်းပွါးမှုဖြစ်နေတဲ့ ဆုံးဖြတ်ချက်တခုခုနဲ့ ပတ်သက်နေတဲ့ မှတ်တမ်းမှတ်ရာတွေကို ထုတ်ပြနိုင်အောင် ပြင်ဆင်ထားသင့်ပါတယ်။ ဒ့ါအပြင် ကော်မရှင်ရဲ့ ရွေးချယ်တင်မြှောက်ပွဲစီမံခန့်ခွဲပုံကို စောင့်ကြည့်နေတဲ့ နိုင်ငံရေးပါတီအသီးသီးက ကိုယ်စားလှယ်တွေ သူတို့အခွင့်အရေးကို အပြည့်အဝကျင့်သုံးနိုင်အောင် စီစဉ်ပေးခြင်းဟာလည်း ကော်မရှင်က ရိုးသားပွင့်လင်းစွာလုပ်ငန်းဆောင်ရွက်တယ်ဆိုတာကို ပြသတဲ့ အချက်ဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲတရပ် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် **စတုတ္ထ** လိုအပ်ချက်ကတော့ ကော်မရှင်ကအသုံးပြုတဲ့ သတင်းအချက်အလက်၊ မှတ်တမ်းမှတ်ရာနဲ့ မဲစာရင်းရလဒ် အားလုံးဟာ တိကျမှန်ကန်မှုရှိရေးဖြစ်ပါတယ်။ ကော်မရှင်က တိကျမှန်ကန်မှုမရှိတဲ့ အချက်အလက်တခုခုကို အသုံးပြုပြီး တခုခုဆုံးဖြတ်ချက်ချမှတ်ထားတာတွေ့ရှိသွားယင် ကော်မရှင်လုပ်ငန်းဆောင်ရွက်မှုတခုလုံးကို အယုံအကြည်ကင်းမဲ့သွားစေနိုင်ပါတယ်။ ဒါကြောင့် ကော်မရှင်အနေနဲ့ သတင်းအချက်အလက်နဲ့ ရွေးချယ်တင်မြှောက်ပွဲမဲစာရင်းတွေကို မှတ်တမ်းပြုစုရာမှာ စနစ်ကျဖို့နဲ့ မှန်ကန်မှုရှိအောင် သတိထားလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ ကွန်ပျူတာနည်းစနစ်ကို တတ်နိုင်သသမျှ အသုံးပြုခြင်းဟာ မှန်ကန်တိကျမှုကို ပိုမိုရရှိစေပါတယ်။

ကော်မရှင်က သတိထားအာရုံစိုက်လုပ်ဆောင်ရမဲ့ **ပဉ္စမ** အချက်ကတော့ မဲဆန္ဒရှင်တွေ သူတို့အခွင့်အရေးကျင့်သုံးရာမှာ အကူအညီပေးရေး ဖြစ်ပါတယ်။ မဲရုံအလုံအလောက် တည်ထောင်ပေးခြင်းဖြင့် မဲဆန္ဒရှင်တွေအလွယ်တကူ မဲပေးနိုင်အောင် စီစဉ်ပေးတာမျိုး၊ ရွေးချယ်တင်မြှောက်ပွဲနဲ့ ရွေးချယ်တင်မြှောက်ပုံစနစ်အကြောင်း ကျယ်ကျယ်ပြန့်ပြန့် ပညာပေးတာမျိုးတွေဟာ မဲဆန္ဒရှင်တွေ သူတို့အခွင့်အရေးကို ထိထိရောက်ရောက်ကျင့် သုံးနိုင်အောင် ကူညီပေးတဲ့ အလုပ်တွေဖြစ်ပါတယ်။

# လွတ်လပ်တရားမျှတတဲ့ ရွေးချယ်တင်မြှောက်ပွဲ

ရွေးချယ်တင်မြှောက်ပွဲ လုပ်ငန်းစဉ်စီမံခန့်ခွဲမှုမှာ အရေးအကြီးဆုံးက ရွေးချယ်တင်မြှောက်ပွဲတရပ် လွတ်လပ်တရားမျှတမှုရှိအောင် စီမံလုပ်ဆောင်ရေးဖြစ်ပါတယ်။ လွတ်လပ်တရားမျှတတဲ့ ရွေးချယ်တင်မြှောက်ပွဲဆိုတာ ဘယ်လိုမျိုးရွေးချယ်တင်မြှောက်ပွဲမျိုးဖြစ်ပါသလဲ။ လွတ်လပ်မှု(**free**)နဲ့ တရားမျှတမှု(**fair**) ကို နှစ်မျိုးခွဲခြား ဆွေးနွေးတင်ပြပါ့မယ်။

**လွတ်လပ်မှု** ဆိုတာက အကြမ်းဖျင်းအားဖြင့် အစိုးရနဲ့ အစိုးရသြဇာလွှမ်းမိုးမှုရှိတဲ့ အာဏာပိုင်အဖွဲ့၊ ဒါမှမဟုတ် ရွေးချယ်တင်မြှောက်ပွဲကနေ အကျိုးသက်ရောက်မှုရှိမဲ့ အဖွဲ့အစည်းနဲ့လူပုဂ္ဂိုလ်တွေရဲ့ ပရောဂမပါပဲ ရွေးချယ်တင်မြှောက်ပွဲ လုပ်ငန်းစဉ်ချောမွေ့စွာ လည်ပတ်နိုင်ခြင်းကို ဆိုလိုပါတယ်။ ရွေးချယ်တင်မြှောက်ပွဲမှာ မဲဆန္ဒရှင်တွေ သူတို့ကြိုက်နှစ်သက်တဲ့ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းတွေကို တခြားလူတွေရဲ့ သဘောထားကို ထောက်ထားနေစရာမလိုပဲ မဲပေးနိုင်ခွင့်ဟာလည်း လွတ်လပ်တဲ့ရွေးချယ်တင်မြှောက်ပွဲဖြစ်ဖို့ မဲဆန္ဒရှင်တွေမှာ ရှိရမဲ့လွတ်လပ်မှုမျိုးဖြစ်ပါတယ်။ တနည်းအားဖြင့် မဲဆန္ဒရှင်တွေက အသဲကြားကမဲတပြားကို သူတို့ဆန္ဒရှိတဲ့အတိုင်း လွတ်လပ်စွာမဲပေးနိုင်ဖို့ လိုပါတယ်။ အဲဒီလို မဲဆန္ဒရှင်တွေ လွတ်လပ်စွာမဲပေးနိုင်စေရေး ရည်ရွယ်ချက်နဲ့ ကမ္ဘာ့နိုင်ငံအားလုံးက ရွေးချယ်တင်မြှောက်ပွဲတွေမှာ လျှို့ဝှက်မဲပေးစနစ်(**secret voting system**)ကို ကျင့်သုံးနေကြတာဖြစ်ပါတယ်။ လျှို့ဝှက်မဲပေးစနစ်ဆိုတာ မဲဆန္ဒရှင်တယောက် မဲပေးရာမှာ ဘယ်ကိုယ်စားလှယ်လောင်း သို့မဟုတ် ပါတီကို မဲပေးလိုက်သလဲဆိုတာ သူကလွဲပြီး ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဝန်ထမ်းတွေအပါအဝင် တခြားသူတွေ မသိနိုင်အောင် ကာကွယ်ထားခြင်းကို ဆိုလိုတာပါ။ ပြောင်မဲပေးစနစ်(**open voting**)မှာက မဲဆန္ဒရှင်တွေက ဘယ်သူ့ကိုဘယ်လို မဲပေးလိုက်သလဲဆိုတာကို အများကသိသွားပြီး မဲပေးခံရသူနဲ့ မဲအပေးမခံရသူတွေက အဲဒီမဲဆန္ဒရှင်အပေါ် အမျိုးမျိုးဆက်ဆံပြုမှုလာနိုင်ပါတယ်။ မဲဆန္ဒရှင်တွေက သူတို့ရဲ့မဲပေးမှုကြောင့် တခြားသူတွေသိရှိသွားပြီး တမျိုးမျိုးဆက်ဆံခံရမှာ စိုးရိမ်ကြောက်ရွံ့နေရယင် အဲဒီမဲပေးမှုဟာ သူတို့ရဲ့အသဲကြားကမဲတပြားကို လွတ်လွတ်လပ်လပ်ပေးခွင့်မရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်စွာမဲပေးမှုဖြစ်စေရေးမှာ ပြောင်မဲပေးစနစ်ကို မသုံးပဲ လျှို့ဝှက်မဲပေးစနစ်ကို ကမ္ဘာ့နိုင်ငံတွေမှာ အသုံးပြုနေတာဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲမှာ အနိုင်ရလိုသူတွေက မဲဆန္ဒရှင်တွေကို ငွေကြေးတစိုးလက်ဆောင်ပေးခြင်း၊ အာဏာနဲ့ခြိမ်းခြောက်ခြင်း စသဖြင့်တခုခုလုပ်ထားပြီး မဲဆန္ဒရှင်တွေကို လွှမ်းမိုးထားတယ်ဆိုယင် လွတ်လပ်တဲ့ မဲပေးမှုမဖြစ်တော့ပါဘူး။ မဲဆန္ဒရှင်တွေကို ငွေပေးပြီး သူတို့ရဲ့မဲကိုရရှိအောင်လုပ်ယူတဲ့ မဲဝယ်စနစ်(**vote buying**)ဟာ လွတ်လပ်မှုကို အထိခိုက်ဆုံး ရွေးချယ်တင်မြှောက်ပွဲဖေါက်ပြန်မှုမျိုးဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေ ထောက်ခံချင်တဲ့ပါတီကို ထောက်ခံခွင့်မရအောင် ခြိမ်းခြောက်မှုတွေရှိနေယင်လည်း ရွေးချယ်တင်မြှောက်ပွဲဟာ လွတ်လပ်မှုမရှိတော့ပါဘူး။ လွတ်လပ်မှုဆိုတဲ့ စံသတ်မှတ်ချက်ထဲမှာ ရွေးချယ်တင်မြှောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြမဲ့ ကိုယ်စားလှယ်လောင်းတွေနဲ့ ပါတီစည်းရုံးရေးမှူးတွေ တနည်းနည်းနဲ့ခြိမ်းခြောက်ခံရခြင်းက ကင်းလွတ်ရေးလည်းပါဝင်ပါတယ်။ ဒါ

ကြောင့် ပါတီစည်းရုံးရေးမှုတွေ လွတ်လပ်မှုမရှိခြင်းဟာလည်း ရွေးချယ်တင်မြှောက်ပွဲ လွတ်လပ်မှုမရှိခြင်းပဲဖြစ်ပါတယ်။

ရွေးချယ်တင်မြှောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ နိုင်ငံရေးပါတီတွေ အခွင့်အရေး ညီမျှစေခြင်းဟာ **တရားမျှတမှု** ဖြစ်ပါတယ်။ အစိုးရပါတီ၊ ဒါမှမဟုတ် အစိုးရထောက်ခံမှုရှိတဲ့ ပါတီက ရထားတဲ့ အခွင့်အရေးမျိုး တခြားပါတီတွေလည်းရဖို့ လိုအပ်ပါတယ်။ ထို့ အတူ အစိုးရပါတီ ဒါမှမဟုတ် အစိုးရထောက်ခံမှုရှိတဲ့ပါတီက လုပ်ခွင့်မရှိကြောင်း တားမြစ်ခံထားရတဲ့ ကိစ္စမျိုးတွေကိုသာ တခြားပါတီတွေကလည်း တားမြစ်ခံရမှာဖြစ်ပါတယ်။ အစိုးရပါတီ ဒါမှမဟုတ် အစိုးရထောက်ခံမှုရထားတဲ့ ပါတီတွေက မဲဆွယ်စည်းရုံးခွင့်၊ ပါတီတည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ရသလိုမျိုး တခြားပါတီတွေလည်း တူညီတဲ့ အခွင့်အရေးရဖို့လိုပါတယ်။ အစိုးရပါတီ ဒါမှမဟုတ် အစိုးရထောက်ခံမှုရှိတဲ့ ပါတီက လွတ်လပ်စွာ စည်းရုံးရေးလုပ်နေပြီး တခြားပါတီတွေကို အဲဒါမျိုးမလုပ်နိုင်အောင် ကန့်သတ်နေယင်တော့ အဲဒီရွေးချယ်တင်မြှောက်ပွဲဟာ တရားမျှတမှုမရှိဘူးလို့သတ်မှတ်ခံရမှာဖြစ်ပါတယ်။

တရားမျှတမှုနဲ့ပတ်သက်လို့ အနောက်တိုင်း ဒီမိုကရေစီနိုင်ငံတွေမှာ အသုံးများတဲ့ ဝေါဟာရတလုံးရှိပါတယ်။ အဲဒါကတော့ **level playing field** ခေါ် ပြိုင်ကွင်းမျက်နှာပြင်ညီမျှရေး ဆိုတာဖြစ်ပါတယ်။ ဒီဝေါဟာရကအားကစားပြိုင်ပွဲကလာတာဖြစ်ပါတယ်။ ယှဉ်ပြိုင်ဘက်အသင်းနှစ်သင်းမှာ တသင်းက ပြိုင်ကွင်းအမြင့်ဘက်က အမြဲတမ်းနေရာယူထားပြီး တခြားအသင်းကို အနိမ့်ဖက်ကအမြဲတမ်းနေရာယူခိုင်းတာမျိုးမရှိစေရပဲ မျက်နှာပြင်အနိမ့်အမြင့် အတူတူဖြစ်အောင် စီမံပေးထားရေးကို ပြောတာဖြစ်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲတွေမှာ ယှဉ်ပြိုင်တဲ့ပါတီတွေဟာလည်း အဲဒီအတိုင်း အခွင့်အလမ်းညီမျှရပါမယ်။ ဒါမှ တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်တယ်ဆိုတဲ့ သဘောပါ။

ဒီနေရာမှာ ပါတီတိုင်းအခွင့်အလမ်းညီမျှအောင် လုပ်ရေးဆိုတာနဲ့ပတ်သက်လို့ ဆန့်ကျင်ဘက် အမြင်နှစ်မျိုးရှိပြန်ပါတယ်။ **ပထမအမြင်** က ရွေးချယ်တင်မြှောက်ပွဲဝင်မဲ့ ပါတီတိုင်း ကြီးငယ်မရွေးနဲ့ ကိုယ်စားလှယ်လောင်းတိုင်း နိုင်ငံတော်ကပေးအပ်တဲ့ ဘဏ္ဍာရေးနဲ့ ရုပ်မြင်သံကြားထုတ်လွှင့်ခွင့်အပါအဝင် ရွေးချယ်တင်မြှောက်ပွဲအထောက်အပံ့တွေ တန်းတူ ပေးအပ်ရမယ်ဆိုတဲ့ အမြင်ဖြစ်ပါတယ်။ အကြောင်းပြချက်ကတော့ ပါတီငယ်တွေကလည်း ပါတီကြီးတွေနဲ့တန်းတူ မဲဆန္ဒရှင်တွေကိုစည်းရုံးနိုင်ပါမှ ပါတီငယ်တွေအတွက် အခွင့်အလမ်းညီမျှမှုရှိစေတယ်ဆိုပါတယ်။ **ဒုတိယအမြင်** က အဖွဲ့ဝင်အနည်းအကျဉ်းသာရှိတဲ့ ပါတီငယ်တွေကို ပါတီကြီးတွေနဲ့တန်းတူ အခွင့်အလမ်းနဲ့ အထောက်အပံ့ပေးတာဟာ တရားမမျှတဘူးဆိုတဲ့ ဆန့်ကျင်ဘက်အမြင်ဖြစ်ပါတယ်။ ဥပမာ ပါတီငယ်တွေကို ပါတီကြီးတွေနဲ့တန်းတူ အစိုးရပိုင် ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်ခွင့်ပေးထားတာဟာ အဓိကကျတဲ့ အတိုက်အခံပါတီကြီးတွေကို ပါတီငယ်တွေနဲ့ တန်းညှိလိုက်တာဖြစ်ပြီး အားနည်းသွားအောင် လုပ်တာနဲ့တူပါတယ်။ ဒီနည်းနဲ့ အစိုးရက ပါတီတွေအကြားကစားနိုင်ကြောင်း၊ အတိုက်အခံဘက်မှာ ဘယ်ပါတီကမှ အားကောင်းမလာအောင် ဖန်တီးပြီး အစိုးရပါတီက ပြန်အရွေးခံရအောင် လုပ်နိုင်ကြောင်း ထောက်ပြကြပါတယ်။ ဒါ့အပြင် ပါတီတွေကို နိုင်ငံတော်ထောက်ပံ့ကြေးပေးတဲ့ရာမှာ ပါတီအသီးသီးရရှိထားတဲ့ လူထုထောက်ခံမှုအချိုးအစားအရ ခွဲတမ်းချပါမှ တရားမျှတမှုရှိနိုင်တယ်လို့ဆိုပါတယ်။

ဒါကြောင့် ရွေးချယ်တင်မြှောက်ပွဲမှာ ဝင်ရောက်အရွေးခံမဲ့ပါတီတိုင်းကို အခွင့်အလမ်း

အညီအမျှပေးရမယ်ဆိုတာကို လက်ခံတာခြင်းတူပေမဲ့ ပါတီကြီးနဲ့ပါတီငယ်တွေကို ဘယ်လို အထောက်အပံ့ပေးသင့်သလဲဆိုတဲ့ အချက်အပေါ်မှာတော့ မူပိုင်းဆိုင်ရာ ခြားနားမှုရှိတာ တွေ့ရပါတယ်။ ဒီနေရာမှာ ဘယ်မူနောက်လိုက်မလဲလို့ စဉ်းစားယင် ကိုယ့်နိုင်ငံအခြေအနေက ဘာလဲဆိုတာကို ပြန်ကြည့်ရပါတယ်။ အခြေခိုင်ပြီးဖြစ်တဲ့ ဥရောပဒီမိုကရေစီနိုင်ငံတွေမှာက အများအားဖြင့် နိုင်ငံရေးပါတီ တဒါဇင်ထက် မပိုတာများပါတယ်။ ရွေးချယ်တင်မြှောက်ပွဲအနိုင်ရတဲ့ ပါတီတိုင်းလည်ပတ်နိုင်အောင် နိုင်ငံတော်ကထောက်ပံ့ကြေးပေးထားပါတယ်။ ဂျာမနီနိုင်ငံမှာဆိုယင် ကိုယ်စားလှယ်နေရာများများအနိုင်ရတဲ့ ပါတီကိုများများထောက်ပံ့ကြေးပေးပါတယ်။ ထိုင်းနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ စနစ်ဟာလည်း ဒီအတိုင်းပါပဲ။ မြန်မာနိုင်ငံလို ပါတီ ၂၃၅ ခု မှတ်ပုံတင်ပြီး ၉၃ ပါတီ ရွေးချယ်တင်မြှောက်ပွဲမှာ ယှဉ်ပြိုင်ခဲ့တဲ့ ၁၉၉၀ခုနှစ် အထွေထွေရွေးချယ်တင်မြှောက်ပွဲ မှတ်တမ်းကို ကြည့်ယင် ပါတီအားလုံး တပြေးညီအထောက်အပံ့အထောက်အပံ့ရရှိရေးဆိုတာ အစိုးရက အတိုက်အခံပါတီကြီးတွေပေါ်မလာအောင် ကစားနိုင်တဲ့လမ်းကို ထွင်ပေးရာရောက်ပါတယ်။ ပါတီကြီးကို ပိုပြီးအထောက်အပံ့ပေးရေးဆိုတာကို စဉ်းစားပြန်ယင်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီလို အစိုးရထောက်ခံမှုရှိတဲ့ပါတီကို အစိုးရက တဖက်သတ်အခွင့်အရေးပေးထားတာမျိုးလုပ်လို့ရအောင် လမ်းဖွင့်ပေးသလို ဖြစ်သွားနိုင်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မဲ့နိုင်ငံရေးပါတီတွေအကြား တရားမျှတမှုရှိအောင် လုပ်ရေးဆိုတာကို စဉ်းစားတဲ့နေရာမှာ ကိုယ့်နိုင်ငံအခြေအနေကိုလည်း မူတည်းစဉ်းစားဖို့ လိုအပ်ပါတယ်။

လွတ်လပ်တရားမျှတတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်ဖို့ တခြားလိုအပ်ချက်တွေလည်း ရှိပါသေးတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဟာ ဒီမိုကရေစီအတွက် အရေးကြီးသလို ရွေးချယ်တင်မြှောက်ပွဲတရပ် လွတ်လပ်တရားမျှတမှုရှိရေးအတွက်လည်း အဓိကကျတဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ ရွေးချယ်တင်မြှောက်ပွဲတွေ ကျင်းပတယ်ဆိုတာ ပြည်သူတွေအတွက် အကောင်းဆုံးမူဝါဒတွေနဲ့ တိုင်းပြည်ကိုအုပ်ချုပ်မဲ့ နိုင်ငံရွေးပါတီ ရွေးချယ်ပွဲလုပ်တာဖြစ်ပါတယ်။ ဒါကြောင့် ရွေးချယ်တင်မြှောက်ပွဲမတိုင်မီမှာ နိုင်ငံရေးပါတီအသီးသီးရဲ့ လမ်းစဉ်နဲ့မူဝါဒတွေကို မဲဆန္ဒရှင်ပြည်သူလူထု သိအောင်လုပ်နိုင်ဖို့လိုပါတယ်။ အဲဒီလို လုပ်နိုင်အောင် နိုင်ငံရေးပါတီအားလုံး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ရထားဖို့ လိုအပ်ပါတယ်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် မရှိတဲ့နိုင်ငံတွေမှာ ကျင်းပတဲ့အထွေထွေ ရွေးချယ်တင်မြှောက်ပွဲတွေဟာ လွတ်လပ်တရားမျှတမှုမရှိဘူးလို့ သတ်မှတ်ခံရလေ့ပါတယ်။

ဒါပေမဲ့ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံရေးပါတီအားလုံး ပိုင်ဆိုင်ကြောင်း အာမခံထားယုံနဲ့ ရွေးချယ်တင်မြှောက်ပွဲဟာ တရားမျှတမှုရှိသွားတာပဲလို့တော့ မပြောနိုင်သေးပါဘူး။ သာမန်အားဖြင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် နိုင်ငံရေးပါတီအားလုံးကို ကျင့်သုံးခွင့်ပေးတာဟာ အစိုးရအနေနဲ့ ငွေတပြားမှ ကုန်ကျစရာမရှိပါဘူး။ ဒါပေမဲ့ အဲဒီအခွင့်အရေးကို ရွေးချယ်တင်မြှောက်ပွဲ အနိုင်ရရေးရည်ရွယ်ချက်နဲ့ နိုင်ငံရေးပါတီအသီးသီးက အပြိုင်အဆိုင်ကျင့်သုံးယင်တော့ ပါတီတွေက ငွေကုန်ကြေးကျခံနိုင်ဖို့လိုပါတယ်။ လက်ကမ်းစာစောင်ရိုက်နှိပ်ဖြန့်ဝေတာကစလို့ ပါတီမူဝါဒလမ်းစဉ်တွေကို မဲဆန္ဒရှင်တွေ သိလာအောင်လုပ်တာ၊ ကိုယ့်ပါတီ ထင်ပေါ်ကျော်ကြားအောင် လူထုစည်းရုံးရေးလုပ်ငန်းတွေ လုပ်တာဟာ နိုင်ငံရေးပါတီတွေလိုအပ်တဲ့ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မျိုးဖြစ်သလို

ငွေအကုန်အကျခံပြီးမှ သုံးနိုင်တဲ့အခွင့်အရေးမျိုးဖြစ်ပါတယ်။ ဒါကြောင့်ရွေးချယ်တင်မြှောက်ပွဲဝင်မဲ့နိုင်ငံရေးပါတီတွေ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အခွင့်အရေးကို ကျင့်သုံးတယ်ဆိုတာ ငွေကုန်ကြေးကျများလေလေ အခွင့်အရေးကို ပိုပြီးကျင့်သုံးနိုင်လေလေ ဖြစ်ပါတယ်။ ငွေကြေးအကုန်အကျများများ ကျခံနိုင်တဲ့ပါတီက လူသိများအောင် စည်းရုံးရေးလုပ်ငန်းတွေပိုလုပ်နိုင်မှာဖြစ်ပြီး၊ ဆင်းရဲတဲ့ပါတီတွေကျတော့ နည်းနည်းပဲပဲ လုပ်နိုင်မှာဖြစ်ပါတယ်။ ရလဒ်ကတော့ ချမ်းသာတဲ့ပါတီက စည်းရုံးရေးမှာ ငွေပိုသုံးနိုင်တဲ့အတွက် လူပိုသိပြီး အနိုင်ရဖို့အခွင့်အလမ်းများပြီး၊ ဆင်းရဲတဲ့ပါတီတွေက လူသိနည်းလို့ အနိုင်ရဖို့ အလားအလာနည်းတယ်ဆိုတာပါပဲ။ ထိုင်းနိုင်ငံရေးသမိုင်းမှာ ကိုယ်စားလှယ်နေရာ အများဆုံးအနိုင်ရခဲ့တဲ့ ဝန်ကြီးချုပ်တက်ဆင်ရှင်နာဝပ်ရဲ့ထိုင်းရပ်ထိုင်းပါတီဟာ သူ့ရဲ့ချမ်းသာကြွယ်ဝမှုနဲ့ ပါတီစည်းရုံးရေးကို ငွေကြေးအကုန်ကျခံလုပ်နိုင်လို့ဖြစ်ကြောင်း အကဲခတ်တွေက ထောက်ပြပါတယ်။

ငွေသုံးနိုင်တဲ့ပါတီတွေက အနိုင်ရဖို့အလားအလာပိုများပြီး ဆင်းရဲတဲ့ပါတီတွေက အနိုင်ရဖို့ အလားအလားနည်းတာဟာ နိုင်ငံရေးပါတီတွေအကြား တရားမျှတစွာယှဉ်ပြိုင်ရေးမှုဖြစ်တဲ့ ပြိုင်ကွင်းမျက်နှာပြင်ညီမျှမှုရှိရေး **level playing filed** ကို ထိခိုက်တယ်လို့ လက်ခံလာကြပါတယ်။ ဒါကြောင့် ရွေးချယ်တင်မြှောက်ပွဲမှာ ကိုယ်စားလှယ်လောင်း သို့မဟုတ် ပါတီတွေက မဲဆွယ်စည်းရုံးမှုအတွက် ငွေဘယ်လောက်ထက် ပိုမသုံးရဆိုတဲ့ကန့်သတ်ချက်တွေ ပြုလုပ်လာရပါတယ်။ ဒါဟာ ကိုယ်စားလှယ်လောင်းတွေနဲ့ နိုင်ငံရေးပါတီတွေအကြား တရားမျှတမှုကိုထိမ်းပေးရေးဆိုတဲ့ လိုအပ်ချက်အရဖြစ်ပေါ်လာတဲ့ ကန့်သတ်ချက်ပါ။ ဥပမာ ပြင်သစ်နဲ့ ကနေဒါနိုင်ငံတွေမှာ ကိုယ်စားလှယ်လောင်းတယောက်နဲ့ ပါတီတခုလုံးအနေနဲ့ ရွေးချယ်တင်မြှောက်ပွဲမဲဆွယ်စည်းရုံးရာမှာ အများဆုံးသုံးနိုင်တဲ့ ငွေပမာဏကို ကန့်သတ်ထားပြီး၊ ချမ်းသာတဲ့ပါတီနဲ့ ဆင်းရဲတဲ့ပါတီအကြား မဲဆွယ်စည်းရုံးမှုအရာမှာ တရားမျှတမှုရှိအောင်စီမံထားတာ တွေ့နိုင်ပါတယ်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဟာ တကယ်တော့ အကြွင်းမဲ့ကျင့်သုံးနိုင်တဲ့ အခွင့်အရေးမျိုးတော့ မဟုတ်ပါဘူး။ အကြောင်းအမျိုးမျိုးကြောင့် ဘယ်ဟာတော့ဖြင့် မပြောရ စသဖြင့်ကန့်သတ်မှုမျိုးတွေလုပ်ထားတာမျိုး ဒီမိုကရေစီနိုင်ငံကြီးတွေမှာတောင် တွေ့ရပါတယ်။ အဲဒီလို ကန့်သတ်မှုလုပ်တာဟာ လက်ရှိအစိုးရကမှားယွင်းစွာ လုပ်ကိုင်နေတာကို ဝေဖန်ခွင့်မရှိအောင် ကန့်သတ်တာမျိုးမဖြစ်ဖို့တော့လိုပါတယ်။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံတွေမှာ လက်ခံထားတဲ့ ကန့်သတ်မှုတွေကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ရွေးချယ်တင်မြှောက်ပွဲ အကူအညီပေးရေးအဖွဲ့ IDEA ရဲ့အကြံပြုချက်ကို တင်ပြလိုပါတယ်။

**ပထမ** ကန့်သတ်ချက်အဖြစ် စစ်ဖြစ်နေတဲ့အချိန်မျိုးတွေမှာ ရန်သူဖက်က ကိုယ့်အခြေအနေကိုသိသွားပြီး ရန်သူအသာစီးရစေမဲ့ စစ်ရေးလျှို့ဝှက်ချက်မျိုးတွေလို နိုင်ငံတော်လုံခြုံရေးကို ထိခိုက်မဲ့ကိစ္စမျိုးတွေ ဆွေးနွေးခြင်းမပြုဖို့ ကန့်သတ်ထားနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံတော်တော်များများက အစိုးရတွေဟာ နိုင်ငံတော်လုံခြုံရေးဆိုတာကို သူတို့လိုရာဖက်အဓိပ္ပါယ်ဖွင့်ကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နေတာကတော့ လက်မခံနိုင်တဲ့ကန့်သတ်မှုမျိုးဖြစ်ပါတယ်။ **ဒုတိယ** ဘာသာရေး၊ လူမျိုးရေး၊ ယဉ်ကျေးမှု စသဖြင့်ကွဲပြားမှုဖြစ်နေတဲ့ လူမျိုးတွေအကြား ရန်လိုမုန်းတီးမှုတွေ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေဖြစ်စေမဲ့ ပြောဆိုချက်မျိုးမလုပ်ရလို့ ကန့်သတ်ထားနိုင်ပါတယ်။ ဥပမာ မူဆလင်တွေ

ဟာ ဗုဒ္ဓဘာသာကို ဝါးမြိုဖို့ ကြံစည်နေတယ်ဆိုတဲ့ အပြောအဆိုအရေးအသားမျိုးတွေ၊ ကို တားမြစ်ရပါတယ်။ ဒါပေမဲ့တချို့နိုင်ငံတွေမှာ အဲဒါမျိုးအရေးအသား အပြောအဆိုတွေ ကိုခွင့်ပြုထားပြီး နိုင်ငံရေးကစားကွက် ဖန်တီးနေတာကိုလည်း တွေ့နေရပါတယ်။ **တတိယ** ကန့်သတ်ချက်ကတော့ နိုင်ငံရေးသမားတွေကို အကြောင်းမဲ့ အသရေဖျက် တိုက်ခိုက်မှုမ လုပ်ရဘူးဆိုတဲ့ ကန့်သတ်ချက်မျိုးဖြစ်ပါတယ်။ ဒီအချက်နဲ့ ပတ်သက်လို့ တနိုင်ငံနဲ့တနိုင်ငံ ကန့်သတ်မှုအတိုင်းအတာနဲ့ တိုက်ခိုက်ခံရလို့တရားစွဲဆိုလျော်ကြေးတောင်းခံနိုင်ခွင့်အ ရာမှာ ခြားနားတတ်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာ နိုင်ငံရေးသမားတွေထားရှိအပ်တဲ့ စံနဲ့အကျင့်သိက္ခာ မြင့်မားလာစေရေးဆိုတာရှိတော့ အထင်ကရနိုင်ငံရေးသမားတွေကို အတိုက်အခံတွေနဲ့ သတင်းလောကက ဝေဖန်ပြောဆိုခွင့် အတော်လေးပေးထားတာ တွေ့ရပါတယ်။ ဗြိတိန် နိုင်ငံမှာက မတရားအသရေဖျက်တိုက်ခိုက်ခံရသူ နိုင်ငံရေးသမားတွေက တရားစွဲဆိုနိုင်ခွင့် အရာမှာ အမေရိကန်ပြည်ထောင်စုနဲ့ နှိုင်းယှဉ်ယင် ပိုအခွင့်အရေးရှိပါတယ်။ နိုင်ငံရေးသ မားလုပ်တယ်ဆိုတာ နိုင်ငံရေးသမားနဲ့ သူတို့ရဲ့မိသားစုအဖွဲ့ဝင်တွေကို အများက မျက်စိ ဒေါက်ထောက်ကြည့်တာကို ခံရမှာဖြစ်သလို မမှန်ကန်တဲ့ကိစ္စတွေနဲ့ အသေဖျက် တိုက် ခိုက်တာကိုတော့ ကန့်သတ်ရစမြဲဖြစ်ပါတယ်။

အနှစ်ချုပ်ပြောရယင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မရှိပဲ လွတ်လပ်တရားမျှတမှု ရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲကျင်းပဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ လွတ်လပ်စွာ ထုတ် ဖော်ပြောဆိုမှုကို အခြေအနေနှစ်ရပ်မှာ ကန့်သတ်ချက်လုပ်ထားရပြန်ပါတယ်။ ပထမ အ ခြေအနေက ပြိုင်ဘက်ပါတီတွေနဲ့ကိုယ်စားလှယ်လောင်းတွေအကြား တရားမျှတမှုကို ထိမ်းပေးတဲ့အနေနဲ့ မဲဆွယ်စည်းရုံးရုံးမှုအတွက် အများဆုံးသုံးနိုင်တဲ့ ငွေကြေးကို ကန့် သတ်ထားရပါတယ်။ ဒုတိယအခြေ အနေမှာက နည်းလမ်းမကျပဲ လွတ်လပ်စွာထုတ်ဖော် ပြောဆိုခွင့် ကျင့်သုံးတာမျိုးမဖြစ်ရအောင် ကန့်သတ်ခြင်းဖြစ်ပါတယ်။

## နိုင်ငံရေးပူးပေါင်းဆောင်ရွက်ခွင့်

လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲတရပ်ဖြစ်ရေးမှာ နိုင်ငံရေးပူးပေါင်း ဆောင်ရွက်ခွင့်(**political participation**)ဟာလည်း အရေးကြီးလှပါတယ်။ နိုင်ငံရေးပူး ပေါင်းပါဝင်ဆောင်ရွက်ခွင့်ဆိုတာ ရွေးချယ်တင်မြှောက်ပွဲတွေမှာ မဲပေးနိုင်ခြင်း(**the right to vote**)၊ ကိုယ်တိုင်အရွေးခံခြင်း(**the right to be elected**)အပါအဝင် နိုင်ငံသားတိုင်း မိမိတို့နိုင်ငံ အရေးကိစ္စတွေမှာ လွတ်လပ်စွာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကိုပြောတာဖြစ်ပါ တယ်။ မဲပေးခွင့်အခွင့်အရေးကို ပြည်သူတွေ ရရှိပိုင်ဆိုင်တယ်ဆိုယုံမျှနဲ့ လွတ်လပ်တရား မျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်သွားတာတော့မဟုတ်ပါဘူး။ လွတ်လပ်တရားမျှတ မှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်ရေးအတွက် ရှိအပ်တဲ့ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဆို တာ စံသတ်မှတ်ချက်တချို့နဲ့ ကိုက်ညီဖို့လိုပါတယ်။

**ပထမ** စံသတ်မှတ်ချက်က နိုင်ငံသားတွေမဲပေးမှုနှုန်း(**voter turnout**) မြင့်မားရေးဆိုတာဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ ပြည်သူတွေဟာ ရွေးချယ်တင်မြှောက်ပွဲတွေကို စိတ်ဝင်စားမှုနည်းနေတဲ့အတွက် မဲပေးမှုနှုန်းဟာ မဲပေးခွင့်ရှိတဲ့မဲဆန္ဒရှင်အရေအတွက်ရဲ့ တဝက်တောင်မပြည့်တာမျိုး မကြာခဏကြုံရပါတယ်။ အဲဒီလိုမဲပေးမှုနည်းတဲ့နိုင်ငံဟာ ဒီမိုကရေစီမခိုင်မာသေးတဲ့နိုင်ငံဖြစ်ယင် မဲပေးဖို့ပျက်ကွက်သူတွေဟာ ရိုးရိုးသားသားနိုင်ငံသားတွေဖြစ်ပြီး ရွေးချယ်တင်မြှောက်ပွဲဟာ နိုင်ငံရေးအပြောင်းအလဲဖြစ်စေလိမ့်မယ်လို့ မယုံကြည်လို့ မဲမပေးကြတာဖြစ်ကြောင်း သုတေသနပြုလေ့လာချက်တွေအရ သိရပါတယ်။ မဲဆန္ဒရှင်များများ မဲပေးဖို့ပျက်ကွက်လေလေ လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်ဖို့ အလားအလာနည်းလေလေပါပဲ။ ဘာကြောင့်လဲဆိုတော့ ရိုးရိုးသားသားမဲဆန္ဒရှင်တွေ မဲပေးဖို့စိတ်ပျက်နေချိန်မှာ အစိုးရပါတီ ဒါမှမဟုတ် အစိုးရထောက်ခံမှုရှိတဲ့ ပါတီကပါတီဝင်တွေနဲ့ ထောက်ခံသူတွေက အင်တိုက်အားတိုက်မဲပေးကြပြီး သူတို့ပါတီအနိုင်ရအောင် လုပ်သွားနိုင်ပါတယ်။ ဒါကြောင့် ရိုးသားတဲ့မဲဆန္ဒရှင်တွေ မဲမပေးတာကို အခွင့်ကောင်းယူပြီး အစိုးရပါတီ ဒါမှမဟုတ် အစိုးရထောက်ခံတဲ့ပါတီတွေ အနိုင်ရအောင် လုပ်တာမျိုးမဖြစ်အောင် တားဆီးတဲ့အနေနဲ့ တချို့နိုင်ငံတွေမှာ မဲဆန္ဒရှင်တိုင်း မဲမပေးမနေရ ဥပဒေပြဋ္ဌာန်းလာတာ တွေ့ရပါတယ်။ ဩစတြေးလျနိုင်ငံက အဲဒီဥပဒေကို ကျင့်သုံးနေတာ ဆယ်စုနှစ်ပေါင်းများစွာ ကြာနေပြီဖြစ်ပြီး၊ ထိုင်းနိုင်ငံမှာတော့ ၁၉၉၇ခုနှစ် အခြေခံဥပဒေထဲမှာ မဲဆန္ဒရှင်တိုင်း မဲမပေးမနေရလို့ပြဋ္ဌာန်းထားပြီး ၂၀၀၀ ပြည့်နှစ် အထွေထွေရွေးချယ်တင်မြှောက်ပွဲမှာ စတင်အာဏာတည်စေခဲ့ပါတယ်။

**ဒုတိယ** စံသတ်မှတ်ချက်က မဲဆန္ဒရှင်တွေရဲ့ နိုင်ငံရေးစိတ်ဝင်စားမှုနှုန်း မြင့်မားရေးဖြစ်ပါတယ်။ နိုင်ငံရေးစိတ်ဝင်စားမှုနည်းယင် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုနှုန်းထားလည်း ကျဆင်းလာပါတယ်။ တချို့နိုင်ငံတွေမှာ အတိုက်အခံနိုင်ငံရေးပါတီထောက်ခံသူတွေ နည်းသွားအောင်လုပ်တဲ့အနေနဲ့ အစိုးရက သာမန်နိုင်ငံသားတွေ နိုင်ငံရေးစိတ်မဝင်စားအောင်လုပ်တဲ့နည်းဗျူဟာကို ကျင့်သုံးကြပါတယ်။ မဟုတ်တာလုပ်နေတဲ့ အစိုးရတွေဟာ နိုင်ငံသားတွေ နိုင်ငံရေးစိတ်မဝင်စားလေလေ ပိုလို့အနေချောင်လေလေဖြစ်တာမို့ နိုင်ငံသားတွေ နိုင်ငံရေးမှာ စိတ်မဝင်စားအောင်လုပ်ထားပြီး ဒါမှမဟုတ် အခြားနည်းတခုခုနဲ့ ဖိအားပေးထားပြီး နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု လုပ်မလာအောင် ဖန်တီးကြပါတယ်။ နိုင်ငံသားတွေ နိုင်ငံရေးစိတ်မဝင်စားဘူးဆိုယင် လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်ရေးကို ထိခိုက်ပါတယ်။ ရွေးချယ်တင်မြှောက်ပွဲမတိုင်မီကတည်းက မဲဆန္ဒရှင်ပြည်သူတွေက အရေးကြီးတဲ့နိုင်ငံရေးကိစ္စတွေမှာ ဆွေးနွေးတိုင်ပင်နေတာတွေ၊ အဲဒီနိုင်ငံရေးကိစ္စတွေမှာ နိုင်ငံရေးပါတီအသီးသီးက ဘယ်လိုသဘောထား သလဲဆိုတာကိုသိရှိအောင် ပါတီလူထုစည်းဝေးပွဲတွေမှာ တက်ရောက်နားထောင်တာမျိုးတွေ၊ လိုအပ်ယင် ပါတီအသီးသီးရဲ့မူဝါဒတွေကို ဝေဖန်ဆွေးနွေးတာမျိုးတွေ စိတ်ဝင်တစားလုပ်နိုင်ခွင့်ရှိဖို့ လိုအပ်ပါတယ်။

**တတိယ** စံသတ်မှတ်ချက်က မဲဆန္ဒရှင်တွေနဲ့နိုင်ငံသားတွေရဲ့နိုင်ငံရေးလှုပ်ရှားမှုမှာ ကန့်သတ်ချုပ်ချယ်မှု ကင်းရေးဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ အစိုးရအာဏာပိုင်လုပ်သူတွေက သူတို့ပါတီ၊ ဒါမှမဟုတ် သူတို့ထောက်ခံထားတဲ့ပါတီက အသာစီးရအောင် လုပ်ယူတဲ့အနေနဲ့ အတိုက်အခံပါတီထောက်ခံသူတွေ နိုင်ငံရေးပူးပေါင်းဆောင်ရွက်ခွင့်မရအောင် ကန့်သတ်ထားတာတွေရှိပါတယ်။ နိုင်ငံသားတွေရဲ့နိုင်ငံရေးလှုပ်ရှားမှုကို ကန့်

သတ်ထားယင် အဓိပ္ပါယ်ရှိတဲ့နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု မရနိုင်သလို လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကိုလည်း ထိခိုက်ပါတယ်။ နိုင်ငံသားတိုင်း နိုင်ငံရေးပါတီ တည်ထောင်ခွင့်အခွင့်အရေးနဲ့ အဲဒီပါတီတွေမှာ ပါဝင်ခွင့်အခွင့်အရေးကို ကျင့်သုံးရာမှာ ကန့်သတ်ချက်မရှိဖို့လိုအပ်ပါတယ်။ ဒ့ါအပြင် မဲဆန္ဒရှင်တွေနဲ့ နိုင်ငံသားတွေဟာ သူတို့ထောက်ခံတဲ့နိုင်ငံရေးပါတီ ဒါမှမဟုတ် ကိုယ်စားလှယ်လောင်းဘက်က ရပ်တည်ပြီး စည်းရုံးရေးလုပ်ငန်းလုပ်တာမျိုးတွေ၊ အစိုးရနဲ့တခြားပြိုင်ဘက်နိုင်ငံရေးပါတီတွေရဲ့ မူဝါဒတွေကို ဝေဖန်ထောက်ပြတာမျိုးတွေလည်း လုပ်နိုင်ဖို့လိုပါတယ်။

**စတုတ္ထ** စံသတ်မှတ်ချက်ကတော့ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်ကို အာမခံထားရေးဖြစ်ပါတယ်။ နိုင်ငံရေးပူးပေါင်းဆောင်ရွက်တယ်ဆိုတာ စိတ်ထဲကပူးပေါင်းဆောင်ရွက်နေလို့ရတာမဟုတ်ပဲ ကိုယ်တိုင်ကိုယ်ကျပါဝင်၊ ကိုယ့်အယူအဆကို သူများသိအောင် နှုတ်ကလည်းထုတ်ပြော၊ သူများတွေဘာပြောနေသလဲဆိုတာကိုလည်းလေ့လာ စတာတွေပါလုပ်ဖို့ လိုအပ်တာမို့ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်ဟာ အဓိပ္ပါယ်ပြည့်ဝတဲ့ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်အရေးပါပါတယ်။ ဆန္ဒပြပွဲတွေ စီစဉ်ဆောင်ရွက်ခွင့်နဲ့ အဲဒီဆန္ဒပြပွဲတွေမှာ ပါဝင်ခွင့်ရှိကြဖို့လည်း လိုအပ်ပါတယ်။

မဲပေးခွင့်အခွင့်အရေးဟာ နိုင်ငံရေးပူပေါင်းဆောင်ရွက်မှုမှာ အဓိကအကျဆုံး အခွင့်အရေးဖြစ်ပါတယ်။ အဲဒီအခွင့်အရေးကို အာဏာရှင်စနစ်နိုင်ငံတွေမှာတောင် ငြင်းပယ်လေ့မရှိပါဘူး။ အာဏာရှင်တွေက သူတို့အစိုးရတွေဟာ ပြည်သူက ရွေးချယ်တင်မြှောက်ထားတဲ့အစိုးရဖြစ်ကြောင်း သက်သေပြလိုတဲ့အတွက် ရွေးချယ်တင်မြှောက်ပွဲတွေကျင်းပ၊ အဲဒီရွေးချယ်တင်မြှောက်ပွဲတွေမှာ လူထုဘယ်နှရာနှုန်းမဲပေးခဲ့သလဲဆိုတာတွေကို ထုတ်ကြွား စသဖြင့်လုပ်လေ့ရှိပါတယ်။ တဖက်ကတော့ တခြားနည်းလမ်းနဲ့ ရွေးချယ်တင်မြှောက်ပွဲအနိုင်ရအောင် စီမံထားပြီးဖြစ်ပါတယ်။ ပြည်သူတွေက နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုလုပ်ဖို့ တက်ကြွလာလေလေ အာဏာလက်လွှတ်ရမှာစိုးရိမ်တဲ့ အာဏာရှင်အစိုးရတွေက တခြားနည်းနဲ့ အဲဒီနိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုကို ကန့်သတ်ဖို့ ကြိုးစားလေလေပါပဲ။ ဒါကြောင့် ရွေးချယ်တင်မြှောက်ပွဲရှိတာ၊ ပြည်သူတွေက ဘယ်နှစ်ရာခိုင်နှုန်းမဲပေးခဲ့တယ်ဆိုတာဆိုတခုထဲနဲ့တော့ အဓိပ္ပါယ်ပြည့်ဝတဲ့ နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီလို့ မဆိုနိုင်သလို လွတ်လပ်တရားမျှတရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲဖြစ်ရေးကိုလည်း အထောက်အကူမဖြစ်စေပါဘူး။ နိုင်ငံသားတွေရဲ့ နိုင်ငံရေးပူးပေါင်းဆောင်ရွက်ခွင့်လို့ပြောယင် မဲပေးခွင့်တခုထည်းနဲ့မတိုင်းတာပဲ နိုင်ငံသားတွေရဲ့နိုင်ငံရေးစိတ်ဝင်စားမှု၊ နိုင်ငံရေးလှုပ်ရှားမှုကို အကန့်အသတ်မရှိပဲ လုပ်ဆောင်နိုင်မှု၊ လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုနိုင်မှု စတဲ့စံတွေနဲ့လည်း တိုင်းတာဖို့လိုအပ်ပါတယ်။ အဲဒီစံတွေနဲ့ကိုက်ညီတဲ့ နိုင်ငံရေးပူးပေါင်း ဆောင်ရွက်မှုကသာလျှင် လွတ်လပ်တရားမျှတမှုရှိတဲ့ ရွေးချယ်တင်မြှောက်ပွဲကို အာမခံနိုင်ပါတယ်။ ။

*အယ်ဒီတာ့မှတ်ချက်။ ။ ဆောင်းပါးရှင်ကိုယ်တိုင် ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သော ဆောင်းပါးများကို အခြေခံဥပဒေရေးရာစာစောင် ပရိတ်သတ်များအတွက် အခန်းဆက်အနေဖြင့် ပြန်လည်ဖေါ်ပြခြင်းဖြစ်သည်။ ။*

## လူ့အခွင့်အရေး

# ယူနိုကယ်လ် ကုမ္ပဏီ အမှု
# စစ်အစိုးရ လူ့အခွင့်အရေးချိုးဖေါက်ကြောင်း
# ပေါ်လွင်။

(John Doe & others -V- Unocal Corporation & others)

(ဂျွန် ဆော့သလန်)

(သီးသန့်အယူခံရုံးအမှတ် (၉)၏ဆုံးဖြတ်ချက်အပေါ် အမေရိကန်ပြည်ထောင်စုအယူခံ
တရားရုံး၏ဆုံးဖြတ်ချက် စက်တင်ဘာလ ၁၈ ရက်၊ ၂၀၀၂။)

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းအတွင်း ဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရာ၌ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်စပ်လျဉ်း၍ တရားစွဲဆိုရေးလုပ်ထုံးလုပ်နည်းအရ အယူခံမှုအပေါ် အမေရိကန်အယူခံတရားရုံးက မကြာသေးမီက ဆုံးဖြတ်ချက်ချခဲ့သည်။ ဤတရားရုံးဆုံးဖြတ်ချက်မှာ တရားရင်ဆိုင်ရေး၌ နောက်ဆုံးအဆင့် မဟုတ်သေးပါ။ ရှေ့ဆက်ရန်ရှိပေသေးသည်။ သို့သော် ယခုဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးမြင့်တင်ရေး ဆောင်ရွက်နေသူများအတွက် ထူးထူးခြားခြား အားဖြစ်စေသော ဆုံးဖြတ်ချက်ဖြစ်သည်။ ယူနိုကယ်အား တရားစွဲဆိုခွင့်မရှိဟူသော ခရိုင်တရားရုံး၏ မူလဆုံးဖြတ်ချက်ကို ယခုဆုံးဖြတ်ချက်ကလွှမ်းမိုးသွားပြီး အမှုကို ဆက်လက်စစ်ဆေးစီရင်ရန် ဆုံးဖြတ်ခဲ့သည်။

တရားစွဲဆိုမှု၏ နောက်ခံအကြောင်းအချက်များကို မြန်မာပြည်အရေး လေ့လာနေသူများက ရင်းနှီးကြပြီးဖြစ်သည်။ စစ်အာဏာပိုင်များက သဘာဝဓါတ်ငွေ့ထုတ်လုပ်ရောင်းချရေးအတွက် ပြင်သစ်နှင့် အမေရိကန်ကုမ္ပဏီများနှင့် ဖက်စပ်ဆောင်ရွက်လျှက်ရှိသည်။ သဘာဝဓါတ်ငွေ့ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ စာချုပ်ပါ လုပ်ငန်းအစီအစဉ်များမှာ ရှုပ်ထွေးသော်လည်း၊ ယူနိုကယ်ကုမ္ပဏီအနေဖြင့် ပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းစဉ်၌ ပါဝင်သည်။ ဓါတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရာတွင်၊ မြန်မာစစ်တပ်က ထိုကုမ္ပဏီအတွက်

လုံခြုံရေးနှင့် အခြားဝန်ဆောင်မှုများကို တာဝန်ယူပေးသည်။ ပိုက်လိုင်းတည်ဆောက်ရာတွင် စစ်တပ်မှ ပါဝင်ပတ်သက်မှုရှိကြောင်း ယူနိုကယ်ကုမ္ပဏီ၏ မှတ်တမ်းများက ဖော်ပြခဲ့သည်။ (ထိုအချက်ကို ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးသီးခြားမှတ်တမ်းများ၊ မြန်မာအာဏာပိုင်များ၏ သီးခြားမှတ်တမ်းနှင့် ကုမ္ပဏီ၏ အီးမေးလ်ဆက်သွယ်မှုမှတ်တမ်းများကလည်း အတည်ပြုကြသည်။)

ယူနိုကယ်အားတရားစွဲဆိုမှုကို ၁၉၉၆ ခုနှစ်တွင် အမေရိကန်၌ စတင်ခဲ့ခြင်းဖြစ်သည်။ တရားစွဲဆိုမှုကို တနင်္သာရီ ရွာသားများကိုယ်စား မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂနှင့် မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရတို့က တိုတယ်လ်(ပြင်သစ်ကုမ္ပဏီ)၊ ယူနိုကယ်နှင့် မြန်မာစစ်အစိုးရတို့အပေါ် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ နိုင်ငံခြားတိုင်းပြည်တွင် ကျူးလွန်သူများအပေါ် အမေရိကန်ပြည်တွင်း၌ တရားစွဲဆိုခွင့်ရှိသည်ဟူသော ဥပဒေအရ တရားစွဲဆိုခြင်းဖြစ်သည်။ ထိုဥပဒေကို အသုံးပြု၍ယခင်က တရားစွဲဆိုခဲ့ဖူးခြင်းရှိသည်။ သို့သော် ကုမ္ပဏီကိုတရားစွဲခြင်းမှာ ယခုပထမဦးဆုံးအကြိမ် ဖြစ်သည်။ တရားရုံးများတွင် အပြန်အလှန် အခြေအတင် လျှောက်လဲခဲ့ကြသည်။ ၁၉၉၇ ခုနှစ်တွင် စစ်အစိုးရအား အချုပ်အခြာအာဏာ ကင်းလွတ်ခွင့်အရ အမှုမှ ဖယ်ရှားခဲ့သည်။

ထို့အပြင် အမျိုးသားညွန့်ပေါင်းအစိုးရနှင့် မြန်မာနိုင်ငံအလုပ်သမားအဖွဲ့ချုပ်အား အမှုတွင်ဆက်လက်ပူးတွဲပါရန် အကြောင်းမလုံလောက်ဟုဆိုကာ တားမြစ်ခံခဲ့ရသည်။ ထို့ကြောင့် ဤအမှုတွင် တနင်္သာရီရွာသားများနှင့် ယူနိုကယ်လ်ကုမ္ပဏီသာ ကျန်တော့သည်။ ယူနိုကယ်အနေဖြင့် အမှုရပ်ဆိုင်းပေးရန် တရားရုံးသို့ လျှောက်ထားခဲ့သည်။ တရားရုံးသည် ၂၀၀၂ ခုနှစ်တွင် အမှုစွဲဆိုရန် အချက်အလက်များ မလုံလောက်ဟုဆိုကာ ယူနိုကယ်လ်အား အနိုင်ပေးလိုက်ပြီး အမှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာ တစ်သိန်းနှစ်သောင်းငါးထောင်ကို တရားပြိုင်မှ ယူနိုကယ်အား ပေးဆောင်ရန် ဆုံးဖြတ်ခဲ့သည်။ အဆိုပါ ဆုံးဖြတ်ချက်များကို တရားပြိုင်မှ အယူခံလျှောက်ထားခဲ့ရာ အယူခံတရားရုံးမှ လက်ခံခဲ့သည်။ အယူခံရုံးဆုံးဖြတ်ချက်သည် အမှုကိုမူလအခြေအနေသို့ ပြန်ရောက်ရှိစေခဲ့ပြီး အမှု ဆက်လက်ကြားနာစစ်ဆေးရန် ညွှန်ကြားခဲ့သည်။

အယူခံရုံးဆုံးဖြတ်ချက်၏ အနှစ်သာရသည် အမေရိကန်ဥပဒေက အဓမ္မခိုင်းစေမှု၊ လူသတ်မှုနှင့် မုဒိန်းမှုများတွင် သိလျက်နှင့်ကူညီခြင်း သို့မဟုတ် အားပေးခြင်းမှ ကုမ္ပဏီများအား တားမြစ်သည်ဟူသည့် အနှစ်သာရပင်ဖြစ်သည်။ ယခုအမှုတွင် ယူနိုကယ်လ်ကုမ္ပဏီသည် ဤဥပဒေသတ်မှတ်ချက်များနှင့်ညှိစွန်းသည့် ဆီလျော်သော အချက်အလက်များတွေ့နိုင်သည်ဖြစ်၍ အမှုကို ကြားနာစစ်ဆေးရမည်ဟု အယူခံတရားရုံးက ဆုံးဖြတ်ခဲ့သည်။ တရားရုံးဆုံးဖြတ်ချက်၏ အရေးကြီးသော အပိုဒ်တပိုဒ်မှာ –

> သက်သေခံအထောက်အထား... တရားလို ( တနင်္သာရီရွာသား) များအား မြန်မာအစိုးစစ်ရက အဓမ္မခိုင်းစေရာတွင် ယူနိုကယ်လ်ကုမ္ပဏီ လက်တွေ့ အကူအညီပေးခဲ့သည်။ ကုမ္ပဏီအား လုံခြုံရေးပေးရန်နှင့် ပိုက်လိုင်းတည်ဆောက်ရေး လမ်းကြောင်းတလျှောက် လမ်းဖောက်လုပ်ပေးရန်အတွက် မြန်မာစစ်သားများအား ငွေကြေးနှင့် အစားအသောက်များပေးကာ ငှားရမ်းခဲ့ခြင်း၊ ထို့အပြင် နေ့စဉ်အစည်းအဝေးများတွင် လုံခြုံရေးပေးရမည့်နေရာနှင့် လမ်းများဖောက်လုပ်ပေးရမည့်နေရာကို စစ်တပ်အားပြရန် ဓါတ်ပုံများ၊ စစ်တမ်းများနှင့် မြေပုံများကို အသုံးပြုခြင်းဖြင့် လက်

တွေ့အကူအညီပေးခဲ့သည်။

ဆုံးဖြတ်ချက်တွင် အရေးကြီးသောအချက်တရပ်မှာ ယူနိုကယ်လ်အနေဖြင့် လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်ပတ်သက်၍ သိရှိပြီးဖြစ်မည်ဟူသည့်အကြောင်း တွေ့ရန်လမ်းကြောင်း အမျိုးမျိုးမှ ဖေါ်ထုတ်ခဲ့ခြင်းဖြစ်သည်။ ယူနိုကယ်လ် အနေဖြင့် စစ်အစိုးရ၏ကျူးလွန်မှုများကို ကုမ္ပဏီအရာရှိများနှင့် ကုမ္ပဏီအတွင်း ဆွေးနွေးမှုများမှလည်းကောင်း၊ လူ့အခွင့်အရေး အဖွဲ့အစည်းများမှလည်းကောင်း၊ ကုမ္ပဏီမှ ငှားထားသော အတိုင်ပင်ခံများမှတဆင့်လည်းကောင်း၊ အမေရိကန်အစိုးရ၏ အစီရင်ခံစာများမှလည်းကောင်း၊ သိရှိပြီးဖြစ်ကြောင်း တရားရုံးက ရှင်းပြထားသည်။ ဤသည်မှာ လူ့အခွင့်အရေးချိုးဖေါက်မှု မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာတင်ပြခြင်းတို့၏ အရေးပါမှုကို ဖေါ်ပြလိုက်ခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာများသည် လက်ငင်းအကျိုးသက်ရောက်မှုမရှိသေးသော်လည်း ယခုလို တရားရုံးတွင် အဆုံးအဖြတ်ခံယူရန် တိုက်ဆိုင်လာပါက စပ်ဆိုင်သော သတင်းအချက်အလက်များကို မှတ်တမ်းအဖြစ် အခိုင်အမာတင်ပြနိုင်သော အကျိုးရှိပေသည်။

တရားရုံးဆုံးဖြတ်ချက်မှ မှတ်သားဘွယ် အခြားအချက်များကို အကျဉ်းချုံးဖေါ်ပြရလျှင်–

၁ – မြန်မာစစ်အစိုးရသည် နိုင်ငံသားများအပေါ် အတင်းအကြပ်အလုပ်ခိုင်းစေနေသည် ဆိုသည့် ကျော်ကြား၊ ရှည်လျားသော သမိုင်းကြောင်းကို တရားရုံးက ရည်ညွှန်းသည်။

၂ – တရားရုံးသည် အမှုတွင် မည်သည့် ဥပဒေကို အသုံးပြုသင့်ကြောင်းဆွေးနွေးရာတွင် တစုံတရာအချိန်ယူခဲ့ပြီး တိုးတက်ဖွံ့ဖြိုးလာသော အပြည်ပြည်ဆိုင်ရာဥပဒေကို အသုံးပြုခဲ့သည်။ တရာရုံးသည် ယူနိုကယ်လ်ကုမ္ပဏီ အပေါ်ဆုံး ဖြတ်ချက်ချမှတ်ရာတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားခုံရုံး( ယူဂိုဆလာဗ်အတွက်နှင့် ရဝမ်ဒါ အတွက်) မှ ပေါ်ထွန်းလာသော ဆုံးဖြတ်ချက်များနှင့် မူများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ညွှန်းဆိုခဲ့သည်။ ဤသည်မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးကြီးပုံကို ပြသခြင်းပင်ဖြစ်သည်။ (ထို့အပြင် ဤဥပဒေအဝန်းအဝိုင်း ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေရန် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားခုံရုံးလုပ်ငန်းများ စတင်စေခြင်းမှာ အရေးကြီးကြောင်း ထပ်မံထောက်ခံလိုက်ခြင်းဖြစ်သည်)

၃ – ယခုအမှုတွင် ယူနိုကယ်လ် ပတ်သက်မှုရှိသည်ဟူသော အထောက်အထား အချက်အလက်များပေါ်တွင် အခြေခံဆုံးဖြတ်ရသည်ဖြစ်၍ မြန်မာစစ်အစိုးရနှင့် စီးပွားရေးလုပ်နေကြသော အခြားကုမ္ပဏီများကြောင့် ယခင်ကဖြစ်ပေါ်ခဲ့သော အကျိုးဆက်များအတွက်မူ အကန့်အသတ်ရှိသည်။ သို့သော် ရှေ့တွင်ဖေါ်ပြခဲ့သကဲ့သို့ ဤအမှုမှာ စစ်အစိုးရနှင့် ဆက်ဆံဆောင်ရွက်နေသော ကုမ္ပဏီများနှင့် အခြားပုဂ္ဂိုလ်များအားသိစေရန် မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။

၄ – တရားရုံးသည် အပြည်ပြည်ဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော အတင်းအကြပ်ခိုင်း

စေခံရသောအလုပ်သမား၏ အဆင့်အတန်းကို ထည့်သွင်းစဉ်းစားခဲ့သည်။ အတင်းအကြပ်ခိုင်းစေခြင်းကိုတားမြစ်ချက်သည် ကျွန်ပြုခြင်းကို တားမြစ်သကဲ့သို့ နိုင်ငံတကာတွင် အသုံးပြုနိုင်သော အပြည်ပြည်ဆိုင်ရာဥပဒေ၏ အထွေထွေမှုဖြစ်သည်ကိုလည်း သတိမူခဲ့သည်။

(ဒီဇင်ဘာလ ထုတ် Legal Issues on Burma Journal အမှတ် ၁၃ စာစောင်မှ John Southalan ရေးသားသော John Doe & Others -v- Unocal Corporation & Others ကို ဘာသာပြန်ဆို ဖော်ပြခြင်းဖြစ်သည်။)

## နိုင်ငံရေးအသွင်ကူးပြောင်းရေး

# ဒီမိုကရေစီအသွင်ကူးပြောင်းရေးအလားအလာများ

ပါမောက္ခ ဂျိုးဇက်–စီဗားစတိုင်း

၂၀၀၂ ခုနှစ် မေလ(၆)ရက်နေ့မှာ ဗမာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က လွှတ်ပေးလိုက်ပါတယ်။ "ဒီကနေ့ဟာ မြန်မာပြည်သားတွေနဲ့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအတွက် သမိုင်းတခေတ်စာမျက်နှာသစ် ဖွင့်လိုက်တဲ့နေ့ဖြစ်ပါတယ်။ အမျိုးသားတိုင်းပြည်နဲ့ ဒေသဆိုင်ရာအေးချမ်းရေးတို့ကို ဦးစားပေးဆောင်ရွက်နေစဉ် ကျုပ်တို့နိုင်ငံရေးဖြစ်စဉ်မှာ ကျုပ်တို့နိုင်ငံသားတွေကို လွှတ်လပ်စွာပါဝင်ခွင့်ပေးဖို့ ကျုပ်တို့တာဝန်ယူတယ်"လို့ အစိုးရပြောခွင့်ရပုဂ္ဂိုလ် ဒုဗိုလ်မှူးကြီးလှမင်းက ပြောပါတယ်။ ဒီသတင်း ကမ္ဘာမှာပြန့်သွားတော့ နိုင်ငံရေးခေါင်းဆောင်တွေ သံတမန်တွေနဲ့ သတင်းစာအယ်ဒီတာတွေက အကောင်းဘက်က တုန့်ပြန်ကြတယ်။ စစ်အစိုးရသတင်းစာ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားက ဒီသတင်းကို လျစ်လျူရှုထားတာကြောင့် မြန်မာပြည်သားတွေဟာ ဒီအကြောင်းကို အပြည်ပြည်ဆိုင်ရာအသံလွှင့်ဌာနတွေကရင်း၊ တဆင့်စကားတဆင့်ကြားလို့ရင်း သိရှိကြရပါတယ်။

ပရိသတ်နှစ်မျိုးကို တဖက်တမျိုးခွဲခြားပြီး စစ်အစိုးရကပြောကြားနေသလိုဖြစ်နေတယ်။ ဒေါ်စုကိုလွှတ်ပေးတာ ပထမအဆင့်သာဖြစ်ပြီး မကြာမီမြန်မာပြည်သားတွေအတွက် နိုင်ငံရေးအပြောင်းအလဲ စတော့မယ်လို့ နိုင်ငံခြားပရိသတ်ကိုပြောဆိုနေစဉ် ပြည်တွင်းပရိသတ်ကိုတော့ ဒေါ်စုကိုလွှတ်ပေးတာကြောင့် ဘာမှပြောင်းလဲသွားမှာမဟုတ်ကြောင်း၊ တိုင်းပြည်နိုင်ငံရေးအနာဂတ်နဲ့ပတ်သက်ပြီး စစ်တပ်ရဲ့မဖော်ပြတဲ့ လက်ရှိအစီအစဉ်အတိုင်း ဆက်လုပ်သွားမယ်လို့ ပြောကြားသလိုဖြစ်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးတာဟာ သူတို့လုပ်ဖို့ရည်ရွယ်ထားတာထက်ပိုပြီး လုပ်ပေးလိုက်တာဆိုတဲ့သဘောမျိုးသက်ရောက်သွားလိမ့်မယ်လို့ စစ်ခေါင်းဆောင်တွေက မျှော်လင့်ကောင်းမျှော်လင့်နိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့အချိန်ဇယားနဲ့ အစီအစဉ်အတိုင်း "စည်းကမ်းရှိ" ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့ အုတ်မြစ်ချနေကြောင်း ထပ်ခါတလဲလဲပြောနေတာ(၁၂)နှစ်ရှိပြီဖြစ်လို့ပါပဲ။ အခြေခံဥပဒေသစ်အတွက် မူဝါဒရေးဆွဲနေတဲ့ အမျိုးသားညီလာခံကော်မရှင်အစည်းအဝေး မေလ (၁၅)ရက်နေ့က ကျင်းပ

ကြောင်း သတင်းထုတ်ပြန်ပေမယ့် အသေးစိတ်နဲ့ လုပ်ငန်းဘယ်တော့ပြီးမယ် ဆိုတာကိုတော့ မကြေငြာပါဘူး။ စစ်ခေါင်းဆောင် တွေပြောတဲ့ "ဒီမိုကရေစီ"စနစ်ကိုဝေဖန်ရှုတ်ချတဲ့ နိုင်ငံခြားအစိုးရနဲ့ လေ့လာသူတွေရှိသလို ချီးကျူးသူတွေလည်းရှိပါတယ်။ ဒါကြောင့် သဘောထားကွဲပြားနေတဲ့ ဒီကမ္ဘာကြီးမှာ မကျေနပ်တဲ့နိုင်ငံရော ကျေနပ်တဲ့နိုင်ငံရောရှိနေတာမို့ မကျေနပ်မှုနဲ့ကျေနပ်မှု ချေနိုင်တယ်ထင်ပြီး ပြောချင်ရာပြောနိုင်တယ်လို့ စစ်အစိုးရက ယုံကြည်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးတာဟာ နိုင်ငံရေးအပြောင်းအလဲဖြစ်မယ့်ရှေ့ပြေးနိမိတ်မို့ အရေးကြီးတယ်လို့ အကဲမဖြတ်မီ လွှတ်မြောက်သွားမှုရဲ့ အနက်အဓိပ္ပါယ်ကို သိရှိနိုင်ဖို့အတွက် စစ်ခေါင်းဆောင်တွေပြောဆိုတာနဲ့ တကယ်ဖြစ်ပျက်နေတာတွေကို လေ့လာသုံးသပ်ရပါလိမ့်မယ်။

ဒေါ်အောင်ဆန်းစုကြည် "လွှတ်မြောက်"ပြီး ရန်ကုန်မှာသွားလာလှုပ်ရှားကာ ပါတီဝင်တွေ ပြည်သူတွေနဲ့တွေ့ဆုံတဲ့အတွက် မြန်မာပြည်သားတွေ နေ့စဉ်ရက်ဆက်ဝမ်းသာအားရဖြစ်ကြပါတယ်။ ဒါပေမယ့် ဒီလိုလွှတ်ပေးပြီးတဲ့နောက် အပြောင်းအလဲဖြစ်လာလိမ့်မယ်ဆိုတဲ့သဘောကိုပြသတဲ့ အစိုးရအပြုအမူကိုမတွေ့ရတဲ့အခါမှာ ပြည်သူလူထုရဲ့ စိတ်အားထက်သန်မှုလဲ ကျဆင်းလာပါတယ်။ သံသယဖြစ်စရာ သတင်းတွေကိုရရှိတဲ့ ပြည်တွင်းပြည်ပသတင်းသမားတွေဟာ ပိုပြီးသံသယရှိလာကြပြီး အလွန်နှေးကွေးလှတဲ့ နိုင်ငံရေးအပြောင်းအလဲမှာ နောက်တဆင့်ဘာဖြစ်မလဲဆိုတာကို စောင့်ကြည့်နေရပါတယ်။ ဒီအတောအတွင်း ဒေါ်အောင်ဆန်းစုကြည်ကလည်း "ကန့်သတ်မှုမရှိလွှတ်ပေးတာ"ကိုစမ်းသပ်ယင်း သတိရှိရှိသွားလာလှုပ်ရှားကာ သူ့ပါတီရှင်သန်အောင် အသက်သွင်းပေးနေရပါတယ်။ ဇွန်လ(၁၄)ရက်နေ့မှာ ကရင်ပြည်နယ် သာမညတောင်ကုန်းမှာ သတင်းသုံးနေတဲ့ ဆရာတော်ဦးဝိနိယကိုဖူးမျှော်ဖို့ ဒေါ်စုဟာ ပထမဆုံးအကြိမ် ရန်ကုန်မြို့ပြင်ထွက်ပါတယ်။ ၁၉၉၅ ခုနှစ်မှာ အကျယ်ချုပ်ကလွတ်လာတုန်းကလည်း သာမညဆရာတော်ကို ဒေါ်အောင်ဆန်းစုကြည် သွားတွေ့ဖူးပါတယ်။ ဘယ်လောက်လွတ်လပ်စွာသွားလာလှုပ်ရှားနိုင်တယ်ဆိုတာကို ဒီခရီးက စမ်းကြည့်လိုက်တာပါပဲ။ လွတ်လပ်တယ်ဆိုရင် နယ်ကပါတီရုံးတွေကိုသွားပြီး ပြည်သူတွေနဲ့တွေ့ဆုံကာ မိန့်ခွန်းတွေပြော၊ လူထုစည်းဝေးပွဲတွေကျင်းပ၊ ပါတီသတင်းစာထုတ်ဖို့ကြိုးစား စသဖြင့်လုပ်ကိုင်လာနိုင်ဖွယ်ရှိပါတယ်။

မြန်မာပြည်မှာ လွတ်လပ်မှုနဲ့ဒီမိုကရေစီရှိမရှိဆိုတာ တကယ်တမ်းတိုင်းတာမယ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လွတ်မြောက်မှုတခုတည်းနဲ့ တိုင်းတာလို့မဖြစ်ပဲ ပြည်သူလူထုရဲ့လွတ်လပ်မှုနဲ့ တိုင်းတာရပါလိမ့်မယ်။ တိုင်းပြည်ရဲ့ လက်ရှိနိုင်ငံရေးဘဝအခြေအနေကောင်းလာသလား ဆိုးလာသလားဆိုတာကို တိုင်းတာရာမှာ အနည်းဆုံးပြဿနာသုံးရပ်ကိုကြည့်ရင်သိနိုင်ပါတယ်။ ဒီပြဿနာတွေကတော့ ပြည်တွင်းစစ်၊ နိုင်ငံရေးအကျဉ်းသားကိစ္စနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်မခေါ်နိုင်အောင် ပိတ်ပင်တားမြစ်ထား တဲ့ကိစ္စတွေပါပဲ။

ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးလိုက်တဲ့နေ့မှာ ကရင်ပြည်နယ်ခိုကေးရွာက ရွာသူရွာသားတွေကို နေအိမ်ကထွက်ခွာဖို့ နယ်စပ်ရှိ နအဖစစ်သားတွေကအမိန့်ပေးနေပါတယ်။ မထွက်ခွာရင် ပစ်သတ်ခံရမယ်လို့ပြောပြီး စစ်အစိုးရဆန့်ကျင်ရေးစိတ်ဓါတ်ရှိမှုနဲ့ ပြည်တွင်းစည်းလုံးရေးပျက်ပြားအောင်လုပ်မှုအတွက် အပြစ်ပေးတဲ့အနေနဲ့ခြံမြေ့တိရိစာန်တွေကိုပစ်သတ်ကာ စပါးကျီနဲ့အိမ်တွေကိုမီးရှို့ပစ်ပါတယ်။[၁] ဒါမျိုးဖြစ်နေတာ ဒီတနေရာ

တည်းမဟုတ်ပါဘူး။ ဒီလိုဖြစ်ရပ်မျိုး သို့မဟုတ် ဒီထက်ဆိုးတာမျိုးတွေဟာ တောင်ပေါ်ဒေသနဲ့ နယ်စပ်တွေမှာ အမြဲတမ်းဖြစ်ပွားနေပါတယ်။ နှိပ်စက်ညှဉ်းပန်းခံရလို့ ထွက်ပြေးလာတဲ့ရွာသူရွာသားတွေကို သတင်းထောက်တွေက သွားမတွေ့နိုင်လို့ သူတို့အကြောင်း မကြားရတာပါ။ အပြည်ပြည်ဆိုင်ရာစာချုပ်အရ လူ့အခွင့်အရေးချိုးဖျက်သူကို အရေးယူပါ့မယ်လို့ ဗမာအစိုးရကဆိုပေမယ့် နယ်စပ်ဒေသအရပ်သားတွေကို အတင်းအဓမ္မစေခိုင်းနေတဲ့ စစ်ဗိုလ်စစ်သားကို ဖမ်းဆီးစစ်ဆေးအပြစ်ပေးတာမျိုးမရှိကြောင်း၊ နယ်စပ်ဒေသမှာ အဓမ္မလုပ်အားပေးစနစ်ကို စစ်တပ်ကဆက်လက်ကျင့်သုံးနေကြောင်း၊ ILO ခေါ်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် မကြာမီကထုတ်ပြန်တဲ့ အစီရင်ခံစာမှာဖေါ်ပြထားပါတယ်။ ၁၉၅၀ ပြည့်လွန်နှစ်တွေကစပြီး တိုင်းရင်းသားလူနည်းစုတွေကို အစိုးရကစစ်ဆင်လာတာဖြစ်ပြီး ဒီစစ်ဆင်မှုတွေကို အခုချက်ချင်းရပ်ဆိုင်းဖို့ (သို့မဟုတ်) မကြာမီရက်ဆိုင်းဖို့ အစိုးရကအရေးယူဆောင်ရွက်တဲ့ အရိပ်လက္ခဏာမတွေ့ရပါဘူး။

နိုင်ငံရေးအကျဉ်းသားလွှတ်ပေးတာဟာ နိုင်ငံရေးအပြောင်းအလဲမှာအရေးကြီးတဲ့ ဒုတိယအချက်ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့အခြားပုဂ္ဂိုလ်တွေကို စွဲချက်မရှိတရားရုံးမတင်ပဲဖမ်းဆီးထိန်းသိမ်းထားတာကို တကမ္ဘာလုံးကသိပေမယ့် စစ်အစိုးရကတော့ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ ၁၉၈၈ ကတည်းကငြင်းဆန်လာခဲ့ပါတယ်။ ၁၉၉၂ ခုနှစ် စစ်အုပ်စုခေါင်းဆောင်အပြောင်းအလဲဖြစ်ပြီး ဗိုလ်ချုပ်ကြီးသန်းရွှေ ခေါင်းဆောင်သစ် ဖြစ်လာတဲ့အခါမှာ နိုင်ငံရေးအကျဉ်းသားတွေထိန်းသိမ်းထားကြောင်း၊ စတင်လွှတ်ပေးနေပြီဖြစ်ကြောင်း ဝန်ခံလိုက်ပါတယ်။ ဖမ်းဆီးထိန်းသိမ်းထားသူဦးရေ(၁၅၀၀)က(၂၀၀၀)အထိရှိနိုင်တယ်လို့ မကြာမီက ခန့်မှန်းထားတာရှိပါတယ်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးနဲ့ ကုလသမဂ္ဂလူ့အခွင့်ရေးရာအထူးကိုယ်စားလှယ် ပါမောက္ခပင်ညဲရိုး မြန်မာပြည်ကိုစတင်ဝင်ရောက်လာချိန်ကစပြီး နိုင်ငံရေးအကျဉ်းသား(၂၀၀–၂၅၀)လောက်လွှတ်ပေးလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးစဉ်က စစ်အစိုးရဟာ အကျဉ်းသား(၆၀၀)ကိုလွှတ်ပေးလိုက်ပြီဖြစ်ကြောင်း တိုင်းပြည်ကိုအန္တရာယ်မပြုမယ့်သူတွေကို ဆက်လက်ပြီးလွှတ်ပေးမှာဖြစ်ကြောင်း ဒုဗိုလ်မှူးကြီးလှမင်းက ပြောပါတယ်။ ဒါပေမယ့် ဗိုလ်မှူးကြီးတင်လှိုင်ကတော့ တမျိုးပြောပြန်ပါတယ်။ မြန်မာပြည်မှာ နိုင်ငံရေးအကျဉ်းသားထိန်းသိမ်းတာမျိုးမရှိတော့ကြောင်း လွှတ်ပေးလိုက်တဲ့ (NLD) အဖွဲ့ဝင်(၂၀၀)ကျော်ဟာ ရာဇဝတ်မှုကျူးလွန်သူတွေသာဖြစ်ကြောင်း မလေးရှားမှာ ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာညီလာခံမှာ ဗိုလ်မှူးကြီးတင်လှိုင်ကပြောသွားပါတယ်။ မင်းကိုနိုင်ထောင်ကျနေတာ တကမ္ဘာလုံးကသိပါတယ်။ တခြားကျောင်းသားတွေနဲ့ ပါတီခေါင်းဆောင်တွေဟာ ထောင်ဒဏ်သက်တမ်းကုန်နေတာတောင် ထောင်ထဲမှာပဲရှိနေပါသေးတယ်။ သာမန်ပြည်သူတွေလည်းအဖမ်းခံနေရပါတယ်။ ရောဝတီစာစောင်က မေးမြန်းတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်က ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့ပါတီရပ်တည်ချက်ကို အခုလိုရှင်းပြပါတယ်။

> “နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိအမြန်ဆုံးလွှတ်ပေးဖို့ကို အလွန်အရေးကြီးတဲ့ ကိစ္စတခုအဖြစ် ကျမတို့ဦးစားပေးထားပါတယ်။ ဒီကိစ္စကို ဗမာအစိုးရကလည်း ကောင်းကောင်းသိပါတယ်။ ကျမလွှတ်လာကတည်းက ထပ်ခါတလဲ ပြောဆိုနေတာတွေထဲမှာ ဒီကိစ္စ

> လည်းပါတယ်။ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရာမှာ နှေးကွေးနေတာကို ကျမအလွန်စိတ်ပျက်မိတယ်။ နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးဖို့ ကျမတို့လိုလားတယ်။''[၂]

နိုင်ငံရေးအကျဉ်းသားတွေကို မြန်မာပြည်အရပ်ရပ်မှာ ထိန်းသိမ်းထားတာကို မကြေငြာပါဘူး။ သူတို့ကို မိသားစုဝင်တွေက သွားရောက်တွေ့ဆုံရတာဟာ ငွေကုန်လူပန်း ဖြစ်ရတဲ့အပြင် ဘယ်တော့လွှတ်မယ်ဆိုတာမသိပါဘူး။ မေလ(၆)ရက်နေ့က ဒုဗိုလ်မှူးကြီးလှမင်းပြောတဲ့ မြန်မာပြည်သားတွေအတွက်ဖွင့်ပေးလိုက်တဲ့ သမိုင်းစာမျက်နှာသစ်ဟာ ဗလာအလွတ်မဟုတ်တော့ပဲ နိုင်ငံရေးအကျဉ်းသားနာမည်တွေနဲ့ စွန်းထင်းနေတဲ့စာမျက်နှာသာဖြစ်နေပါတယ်။ နိုင်ငံရေးပြောင်းလဲမှုရှိလာပြီလို့မပြောခင် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးဖို့ကိစ္စကို ပြီးစီးအောင်လုပ်ဖို့လိုပါတယ်။

လွှတ်တော်ကျင်းပခွင့်နဲ့ အာဏာယူခွင့်မရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိစ္စကို မေလ(၂၇)ရက်နေ့မှာ မြန်မာပြည်ရောက်နေတဲ့ သတင်းစာဆရာတွေနဲ့ ကမ္ဘာ့ပရိသတ်က ကြုံတွေ့ရပြန်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ(၁၂)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်နဲ့ ပရိသတ်(၁၀၀၀)ကျော်တက်ရောက်ပါတယ်။ ပြည်သူ့လွှတ်တော်ကျင်းပခွင့်ပေးပြီး ငြိမ်းချမ်းစွာအာဏာလွှဲ ပြောင်းပေးဖို့ ကုလသမဂ္ဂက ဆုံးဖြတ်ချက်ချပြီး တိုက်တွန်းထားတာကို စစ်ခေါင်းဆောင်တွေက ဂရုမစိုက်ပဲ အာဏာရှင်စနစ်ဆက်လက်ကျင့်သုံးနေတာကို ရွေးကောက်ပွဲနှစ်ပတ်လည်နေ့ရောက်တိုင်း မြန်မာပြည်သားတွေနဲ့ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက သတိရနေပါတယ်။ မလွဲမရှောင်သာလို့ ထုတ်ဖော်ပြောဆိုရတော့မယ်ဆိုရင်တော့ ကျင်းပထားတာကြာလှပြီဖြစ်တဲ့ ရွေးကောက်ပွဲကိုလျစ်လျူရှုပြီး စစ်အစိုးရရေးဆွဲနေတဲ့အခြေခံဥပဒေအရ ကျင်းပမယ့်ရွေးကောက်ပွဲသစ်ကိုသာ စောင့်မျှော်သင့်ကြောင်း နအဖ အရာထမ်းတွေက ပြောကြပါတယ်။ ''ရွေးကောက်ပွဲကျင်းပခဲ့တာ (၁၂) နှစ်ရှိပြီ၊ အနောက်တိုင်း ဒီမိုကရေစီနိုင်ငံတွေမှာတောင် လွှတ်တော်ကိုယ်စား လှယ်သက်တမ်းဟာ(၄)နှစ် သို့မဟုတ်(၅)နှစ်သာရှိတယ်။ အခုဟာက (၁၂) နှစ်ရှိနေပြီမို့ ဒီကိစ္စနိဂုံးချုပ်သွားပြီ''လို့ ကနေဒါဆိုင်ရာ နအဖ သံအမတ် ဦးညွှန့်တင်က ဒေါ်အောင်ဆန်းစုကြည်လွှတ်လာပြီး (၃) ရက်အကြာ ကနေဒါရုပ်မြင်သံကြားမှာ ပြောဆိုသွားပါတယ်။

ဒါပေမယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီကိစ္စကိုမမေ့ပါဘူး။ ပြည်တွင်းပြည်ပက ဝိုင်းပြီးအာရုံစိုက်နေတဲ့ မေလ(၁၀)ရက်နေ့မှာ ဒေါ်အောင်ဆန်းစုကြည်က–

> ''ဒါဟာမူဝါဒနဲ့ ဆိုင်တဲ့ကိစ္စပါ။ ဒါကြောင့်ဆွေးနွေးရမယ့်ကိစ္စဖြစ်တယ်။ ကျမတို့ဟာ အမြဲတမ်း ပျော့ပြောင်းခဲ့ပါတယ်။ မြန်မာပြည်သားတွေအတွက် အကျိုးရှိမယ့်ရလာဒ်ပေါ်ထွက်လာဖို့ ကျမတို့က စေ့စပ်ဆွေးနွေးညှိနှိုင်းဖို့ အဆင်သင့်ပါပဲ။''[၃]

နောက်တပတ်လောက်ကြာတော့ ဒီကိစ္စကို ဒေါ်စုက ထပ်မံပြောဆိုပါတယ်။ ဒီတခါတော့ ပိုပြီးခိုင်ခိုင်မာမာ တိုက်ရိုက်ကျကျပြောသွားပါတယ်။

> “ကိုယ်အလိုကျဖြစ်မလာတာနဲ့ ရွေးကောက်ပွဲရလာဒ်ကို ဘေးဖယ်ထားလိုက်တာဟာ မကောင်းတဲ့ အစဉ်အလာဖြစ်တဲ့အတွက် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလာဒ်ကို လေးစားရမယ်လို့ ကျမတို့က အမြဲတမ်းတောင်းဆိုပါတယ်။ ကျမတို့တောင်းဆိုနေတာဟာ ကမ္ဘာ့ကုလသမဂ္ဂရဲ့ မြန်မာပြည်ဆိုင်ရာဆုံးဖြတ်ချက်တွေနဲ့လည်း တူညီနေပါတယ်။ ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာဖေါ်ပြတဲ့ မြန်မာပြည်သားတို့ရဲ့ဆန္ဒကိုလေးစားပြီး အကောင်အထည်ဖေါ်ရမယ်လို့ ကုလသမဂ္ဂဆုံးဖြတ်ချက်က ဆိုပါတယ်။ ဒါကိုကျမတို့က အမြဲတမ်းတောင်းဆိုနေပါတယ်။ ဒီမိုကရေစီနဲ့အတူ တိုးတက်လာတဲ့ တိုင်းပြည်မှာ ဒီလိုတောင်းဆိုတာဟာ အင်မတန် အကျိုးကြောင်းသင့်တော်တဲ့ ကိစ္စပါ။”[၄]

ဆွေးနွေးပြီး ငြိမ်းချမ်းစွာအဖြေရှာဖို့ ဒေါ်စုတိုက်တွန်းတာကို ရွေးကောက်ပွဲနှစ်ပတ်လည်အခမ်းအနားမှာ ပါတီဝင်တွေဆုံတော့ ထောက်ခံအားပေးကြပါတယ်။ ဒီအတောအတွင်း စစ်ခေါင်းဆောင်တွေဘက်ကတော့ ကနေဒါရောက်နေတဲ့ နအဖ သံအမတ်ပြောထားတဲ့ ရပ်တည်ချက်ကပြောင်းပြီးကို ထုတ်ဖော်ပြောဆိုခြင်းမပြုပါဘူး။

ရွေးကောက်ပွဲကိစ္စပြန်ပေါ်လာတော့ ပါတီဝင်တွေ ပါတီကထွက်ကုန်အောင်နဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ နုတ်ထွက်အောင် စစ်အစိုးရက ခြိမ်းခြောက်ဖမ်းဆီး အကြမ်းဖက်သတ်ဖြတ်ခဲ့တာတွေကို မြန်မာပြည်သားတွေ ပြန်လည်သတိရကြပါတယ်။ (၁၂) နှစ်ကြာ ဖိနှိပ်ညှဉ်းပမ်းနှိပ်စက်ခဲ့ပေမယ့် ထောင်ပေါင်းများစွာသော ပါတီဝင်တွေနဲ့ ပါတီနဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ်က မနုတ်ထွက်ပဲ ထောင်ကျခံခဲ့တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ရှိနေကြပါသေးတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသူနည်းပါးသွားအောင် စစ်အစိုးရအစွမ်းကုန်ကြိုးစားပေမယ့်၊ ဒေါ်စုကိုခေါင်းဆောင်အဖြစ် အသိအမှတ်ပြုပြီး သစ္စာရှိနေသူတွေအများကြီး ရှိနေပါသေးတယ်။ ဒေါ်စုကို ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပါဘူး။ ဒေါ်စုရဲ့ပါတီ ရွေးကောက်ပွဲနိုင်ပြီး တရားဝင်အုပ်ချုပ်ခွင့်ရှိကြောင်း ပြသနိုင်တာကြောင့် အုပ်ချုပ်ပိုင်ခွင့်မရှိ အများပြည်သူထောက်ခံမှုလည်းမရပဲ စစ်အစိုးရ အတင်းအဓမ္မအုပ်ချုပ်နေတာကို ကမ္ဘာ့အသိုင်းအဝိုင်းကို အသိပေးသလို ဖြစ်နေပါတယ်။ ရွေးကောက်ပွဲနဲ့ရွေးကောက်ပွဲရလဒ်ကို ပြည်သူလူထုသတိရနေသမျှကာလပတ်လုံး ဒီကိစ္စဟာ နိဂုံးမချုပ်သေးတာကြောင့် နိုင်ငံရေးပြောင်းလဲမှုလဲ မစသေးပါဘူး။

အခုတင်ပြခဲ့တဲ့ ပြဿနာ(၃)ရပ်နဲ့ မေလ(၆)ရက်နေ့နောက်ပိုင်းပြောဆိုတာတွေကို အခြေခံဘောင်အဖြစ်သတ်မှတ်ပြီး မြန်မာပြည်ဒီမိုကရေစီအသွင်ကူးပြောင်းရေးအလားအလာကို ဆန်းစစ်ရပါလိမ့်မယ်။ အခုထိတော့ အလားအလာမကောင်းပါဘူး။ ဒီစာတမ်းရေးနေတာ ရက်သတ္တ(၆)ပတ်ရှိသွားပြီ။ ပြည်သူလူထုကို လွတ်လပ်စွာနိုင်ငံရေးလုပ်ခွင့်ပေးမယ်လို့ကြေငြာထားတဲ့ စစ်အစိုးရ ရိုးသားဖြောင့်မတ်ရဲ့လားဆိုတာကို ဆုံးဖြတ်နိုင်ဖို့ အချိန်စောသေးပေမယ့်မကြာမီ နိုင်ငံရေးလုပ်ခွင့်ပေးတော့မယ်ဆိုတဲ့ သက်သေအထောက်အထား ခိုင်ခိုင်မာမာမရှိသေးပါဘူး။

၁

မြန်မာပြည်မှာ မူရင်းဒီမိုကရေစီစနစ် နောက်ဆုံးကျင့်သုံးခဲ့တာ လွန်ခဲ့တဲ့အနှစ်(၄၀)ကဖြစ်ပါတယ်။ အနှစ်(၄၀)စစ်တပ်က အာဏာကိုလက်ဝါးကြီးအုပ်ထားပြီး အတိတ်က ဒီမိုကရေစီအမွေအနှစ်ကို ဖျောက်ဖျက်ပါတယ်။ ၁၉၈၈ ခုနှစ်က ရန်ကုန်နဲ့အခြားနေရာတွေမှာ လူထုဆန္ဒပြပွဲတွေလုပ်ပြီး အာဏာရှင်စနစ်က ဒီမိုကရေစီစနစ်ကို ပြောင်းလဲပစ်ဖို့တောင်းဆိုကြပေမယ့် ကြွေးကြော်သူအတော်များများဟာ ဒီမိုကရေစီအဓိပ္ပါယ်ကို သိကြတာမဟုတ်ပါဘူး။ ရက်စက်ကြမ်းတမ်းဖေါက်ပြန်ပြီး အရည်အချင်းမရှိတဲ့အစိုးရအောက်မှာ (၂၆)နှစ်နေလာခဲ့လို့ ဘာမှမသိတော့ဘူး။ ဒီမိုကရေစီဆိုတာဘာလဲ ဒီမိုကရေစီကို ဘယ်လိုကျင့်သုံးသလဲ စသဖြင့် နိုင်ငံခြားသတင်းထောက်အချို့နဲ့ အနောက်တိုင်းခရီးသည်တွေကို သူတို့မေးမြန်းကြပါတယ်။

ဒီမိုကရေစီဆိုတာ လွတ်လပ်မှု၊ ရွေးကောက်ပွဲကျင်းပပြီး ခေါင်းဆောင်တင်မြှောက်မှု၊ အရပ်သားအုပ်ချုပ်မှု စတာတွေနဲ့ ပတ်သက်ကြောင်း သူတို့သိကြပါတယ်။ အရပ်သားအဖွဲ့အစည်း(**civil society**) နဲ့ပတ်သက်လို့ သူတို့ဟာ ဝိုးတိုးဝါးတားသာ မှတ်မိကြပါတော့တယ်။ ၁၉၆၂ ခုနှစ် စစ်အာဏာမသိမ်းမီက အသင်းအဖွဲ့အုပ်စုတွေ ကိုယ်ကြိုက်သလိုဖွဲ့စည်းနိုင်တာကို မှတ်မိသူတွေအများကြီးရှိပါတယ်။ သတင်းစာထုတ်ဝေနိုင်တယ်။ ဘယ်ဘာသာရပ်မဆို အစိုးရဆင်ဆာမရှိပဲ စာအုပ်ထုတ်ဝေနိုင်ပါတယ်။ ခရီးထွက်ရင် ခွင့်ပြုချက်တောင်းစရာမလို ဧည့်စာရင်းတိုင်စရာလည်းမလိုပါ။ ကျောင်းတွေ စာကြည့်တိုက်တွေဖွင့်ပေးထားပြီး စာအုပ်မျိုးစုံရှိပါတယ်။ လူကြီးရော ကျောင်းသားပါ နိုင်ငံရေး၊ လူမှုရေးအုပ်စုတွေ ဖွဲ့စည်းနိုင်ပြီး အစိုးရခေါင်းဆောင်တွေနဲ့ မူဝါဒတွေကို ဝေဖန်ဆွေးနွေးနိုင်ကြပါတယ်။ တက္ကသိုလ်ကျောင်းသားသမဂ္ဂအဆောက်အဦးကို ၁၉၆၂ ခုနှစ်မှာ စစ်တပ်ကဖျက်ဆီးလိုက်တာကို သူတို့အများစုကသိကြတယ်။ ဒီအဆောက်အဦးမှာ မျက်မှောက်ခေတ်ပြဿနာတွေကို ကျောင်းသားခေါင်းဆောင်တွေနဲ့ အမျိုးသားနိုင်ငံရေးခေါင်းဆောင်တွေ ဆွေးနွေးခဲ့ကြတယ်။ ဦးအောင်ဆန်းလို အနာဂတ်နိုင်ငံရေးခေါင်းဆောင်တွေဟာ ဒီအဆောက်အဦးမှာ ပထမဆုံးသော နိုင်ငံရေးအတွေ့အကြုံကို ရယူကြပါတယ်။ ပထမအခြေခံဥပဒေကပြဋ္ဌာန်းပေးတဲ့ ဒီလိုအတိတ်ရဲ့ လွတ်လပ်မှုတွေဟာ အပြစ်အနာအဆာကင်းတာမဟုတ်ပေမယ့် စစ်အစိုးရခေတ်မှာမရနိုင်တဲ့ အခွင့်အရေးတွေပဲဖြစ်ပါတယ်။

ဒီကနေ့နဲ့ အနာဂတ်ရဲ့ ဒီမိုကရေစီအလားအလာကိုဆွေးနွေးရင် အခုပြောသွားတာတွေက စရပါလိမ့်မယ်။ စစ်အာဏာရှင်စနစ်နဲ့ အာဏာရှင်သဘောတရားကို 'သမိုင်းအမှိုက်ပုံးထဲ' ပစ်ထည့်ပြီးတဲ့အခါမှာ ပေါ်ထွန်းလာမယ့် မြန်မာ့ဒီမိုကရေစီကိုသိချင်ရင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရေးသားပြောဆိုချက်တွေကိုလေ့လာတာ အကောင်းဆုံးပါပဲ။ ဒေါ်စုရဲ့ ပြောဆိုရေးသားချက်တွေ မြန်မာပြည်မှာ ရှိပေမယ့်အလွယ်တကူမရနိုင်ပါဘူး။

မြန်မာပြည်မှာ တနေ့တော့ဒီမိုကရေစီစနစ် ပြန်လည်ကျင့်သုံးလိမ့်မယ် ဒေါ်အောင်ဆန်းစုကြည်နဲ့ **NLD** ခေါင်းဆောင်တွေကရော စစ်ခေါင်းဆောင်တွေကရော အတိအလင်းထုတ်ဖော်ပြောဆိုထားပါတယ်။ ဒီသဘောကို ဆွေးနွေးကြတဲ့အခါမှာ ဒီမိုကရေစီရဲ့ အဓိပ္ပါယ်နဲ့ပတ်သက်ပြီး သဘောတူကြရဲ့လား။ "ဒီမိုကရေစီနဲ့ပတ်သက်ပြီး အစိုးရဘက်သားတချို့က တမျိုးမြင်ချင်တာရှိချင်ရှိနိုင်ပေမယ့် ကျမတို့နားလည်တဲ့ ဒီမိုကရေစီ ကတော့ တမျိုးထူးခြားတာမဟုတ်ပါဘူး"လို့ ဒေါ်အောင်ဆန်းစုကြည်လွတ်လာပြီး မကြာမီ

မှာ ပြောပါတယ်။ မြန်မာပြည်ဟာ ဒီမိုကရေစီအတွက် အဆင့်သင့်မဖြစ်သေးကြောင်း စစ်အစိုးရလျှော့ပေးရင် တိုင်းပြည်ပြိုကွဲသွားမှာဖြစ်ကြောင်း စစ်ခေါင်းဆောင်တွေက ယုံကြည်နေတယ်ဆိုတဲ့ အမြင်နဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ ဒေါ်အောင်ဆန်းစုကြည်က–

> “အားကောင်းတဲ့အာဏာရှင်အုပ်စု ထိပ်ဆုံးမှာမရှိတာနဲ့ တိုင်းပြည်ပြိုကွဲမယ်လို့ ကျမ မထင်ပါဘူး။ တကယ်အားကောင်းတဲ့အုပ်စုဆိုတာ လူထုထောက်ခံမှုနဲ့ယုံကြည်မှုရတဲ့ အုပ်စုလို့ ကျမထင်တယ်။”[၅]

ခရီးထွက်တာပိတ်ပင်ခံရပြီး ၂၀၀၀–ခုနှစ်က ၂၀၀၂–ခုနှစ်အထိ နေအိမ်မှာ (၁၈)လ အထိန်းသိမ်းခံရပြီးတဲ့အခါ ဒီစကားကို ဒေါ်စုကပြောလိုက်တာပါပဲ။ အထိန်းခံနေရစဉ် “ယုံကြည်မှုတည်ဆောက်ရေးကိစ္စ”ကလွဲပြီး ဒေါ်စုနဲ့ စစ်ခေါင်းဆောင်တွေ မည်မည်ရရ မဆွေးနွေးရသေးဘူးဆိုတော့ ဒီမိုကရေစီနဲ့ပတ်သက်တဲ့ အမြင်တွေကိုရော ဖလှယ်ဦးမှာလားလို့ မေးရပါလိမ့်မယ်။ NLD အစိုးရတက်လာရင်သုံးဖို့ ၁၉၉၀ ပြည့်နှစ်ကရေးဆွဲထားတဲ့ ယာယီအခြေခံဥပဒေနဲ့ ဒေါ်အောင်ဆန်းစုကြည် ဝေဖန်ရေးသားပြောဆိုထားတာတွေကတဖက် စစ်ခေါင်းဆောင်ရဲ့မိန့်ခွန်းတွေနဲ့ သူတို့ပြင်ဆင်ရေးဆွဲနေတဲ့ အခြေခံဥပဒေရေးရာမူဝါဒတွေကတဖက် နှိုင်းယှဉ်ကြည့်ရင် အများကြီးကွာခြားနေတာမို့ လက်ခံနိုင်လောက်တဲ့ ဒီမိုကရေစီစနစ်တည်ဆောက်ရာမှာ အသုံးပြုနိုင်မယ့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သဘောတူလက်ခံနိုင်ဖို့အတွက် စေ့စပ်ဆွေးနွေး အပေးအယူမလုပ်နိုင်ဘူးဆိုရင် ဒီကွာဟချက်ကို ကျော်လွှားနိုင်မှာမဟုတ်ပါဘူး။

အာဏာကို ပြည်သူလူထုကသာပိုင်တယ်လို့ စစ်တပ်ကပြောပါတယ်။ ဒါပေမယ့် အရပ်သားတွေအုပ်ချုပ်စဉ်အခါက အစိုးရကိုမထိန်းသိမ်းနိုင်တဲ့အခါမှာ စစ်ခေါင်းဆောင်တွေဟာ မော်စီတုန်းနည်းတူ “သေနတ်ပြောင်းဝကအာဏာထွက်တယ်လို့” ယုံကြည်ပြီး အာဏာသိမ်းလိုက်ပါတယ်။ ဒါဟာ လက်တွေ့မှာတော့(၁၂)နှစ်ကြာ အာဏာရယူခဲ့တဲ့စစ်တပ်ဟာ အာဏာကိုအမြဲတမ်းရယူလိုပါတယ်။ အနာဂတ်အမျိုးသားနိုင်ငံရေးမှာ စစ်တပ်ကဦးဆောင်ပါဝင်ရမယ်ဆိုတဲ့ အဆိုပြုချက်ပါဝင်တဲ့ အခြေခံဥပဒေသစ် မူဝါဒတွေကိုရေးဆွဲဖို့ စစ်တပ်ရဲ့လက်ရွေးစင် ကိုယ်စားလှယ်တွေက အမျိုးသားညီလာခံကျင်းပပါတယ်။ စစ်တပ်ကဖန်တီးထားတဲ့ အမျိုးသားညီလာခံဖြစ်တဲ့အတွက် အစစအရာရာ တာဝန်ကျစစ်အရာရှိတွေကို တင်ပြနေရတာမို့ ကိုယ်စားလှယ်တွေဟာ ညီလာခံမှာဖြစ်ပျက်နေတာကို သူတို့ကိုယ်စားပြုတဲ့ပြည်သူနဲ့ လွတ်လပ်စွာမဆွေးနွေးနိုင်ပါဘူး။ ညီလာခံအတွင်းမှာရော ညီလာခံအပြင်မှာရော လွတ်လပ်စွာပြောဆိုနိုင်ခွင့်မပေးမချင်း ညီလာခံမတက်ဘူးဆုံးဖြတ်ပြီး ဒေါ်စုပါတီ နုတ်ထွက်လိုက်ပါတယ်။ ဒီကွဲလွဲချက်ကို စစ်ခေါင်းဆောင်တွေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဖြေရှင်းခြင်းမရှိပါဘူး။ ဒါဟာလည်း နှစ်ဘက်အကြားမှာရှိနေတဲ့ ကွာဟချက်တခုပါပဲ။

လူ့အဖွဲ့အစည်းမှာ လူမျိုးပေါင်းစုံ ယဉ်ကျေးမှုဓလေ့ပေါင်းစုံရှိတာကို စစ်တပ်က အသိအမှတ်ပြုပေမယ့် အားလုံးကိုတန်းတူရည်တူ သတ်မှတ်တာမဟုတ်ပါဘူး။ လက်နက်ကိုင်တပ်ဖွဲ့မှာ ဗမာအရာရှိနဲ့ စစ်သားတွေကြီးစိုးပါတယ်။ ၁၉၄၅ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အင်္ဂလိပ်အရာရှိတွေ စစ်တပ်ကိုတည်ထောင်စဉ်ကတော့ ဒီလိုမဟုတ်ပါဘူး။ အဲဒီ

တုန်းက အရာရှိစုဆောင်းရာမှာကို ဗမာကြီးစိုးတဲ့ တပ်မတော်ကရော တိုင်းရင်းသားတွေရှိရာ ဗမာပြည်ကာကွယ်ရေးတပ်ကရော စုဆောင်းပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် ပုန်ကန်ထကြွကြပြီး ပြည်တွင်းစစ်ဖြစ်တဲ့အခါမှာ ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်တဲ့ ဗမာပြည်စစ်တပ်မှာ တိုင်းရင်းသားလူမျိုးစုကို ဗမာနဲ့တဖြည်းဖြည်းအစားထိုးလိုက်ပါတယ်။ အခုဆိုရင် လက်နက်ကိုင်တပ်ဖွဲ့မှာရော လူ့အဖွဲ့အစည်းတခုလုံးမှာရော ဗမာကကြီးစိုးနေပါတယ်။

လူ့အဖွဲ့အစည်းမှာ လူမျိုးပေါင်းစုံ ယဉ်ကျေးမှုဓလေ့ပေါင်းစုံရှိပေမယ့် ဥပဒေအရ အားလုံးတန်းတူညီတူပဲလို့ ဒေါ်စုနဲ့ဒီမိုကရေစီသမားတွေ မြင်ပါတယ်။ နိုင်ငံရေးနဲ့စီးပွားရေးမှာ နိုင်ငံသားအားလုံး ညီတူညီမျှပါဝင်လုပ်ကိုင်ခွင့်ရှိတယ်ဆိုတာဟာ မြန်မာ့ဒီမိုကရေစီအမြင်ဖြစ်ပါတယ်။

၁၉၄၈ ခုနှစ်နဲ့ ၁၉၆၂ ခုနှစ်အကြား ဖယ်ဒရယ်တပိုင်းပြည်သူ့ကိုယ်စားလှယ်အစိုးရစနစ် ခဏကျင့်သုံးခဲ့တာကြောင့် မထိရောက်တဲ့အစိုးရနဲ့ ချည့်နဲ့တဲ့နိုင်ငံတော်ပေါ်ပေါက်လာရပြီး နိုင်ငံတော်တည်တံ့ရေးဟာ အမြဲတမ်းအန္တရာယ်ကြုံနေရတယ်လို့ စစ်ခေါင်းဆောင်တွေက ဆိုပါတယ်။ ၁၉၆၂ ခုနှစ်မှာ ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းလိုက်ပြီး စနစ်ပြောင်းလိုက်တော့မှ စစ်တပ်ဟာငြိမ်ဝပ်အောင်လုပ်ပြီး အားကောင်းတဲ့ဗဟိုချုပ်ကိုင်မှုစနစ်ကို တည်ထောင်နိုင်တယ်လို့ဆိုပါတယ်။

အမျိုးသားတွေလုံခြုံရေးဟာ အခြားတာဝန်တွေထက် ပိုအရေးကြီးတဲ့ဦးစားပေးဖြစ်တယ်လို့ အာဏာရ စစ်ဗိုလ်တွေက ယုံကြည်နေပါတယ်။ ဒါကြောင့် အနာဂတ်မှာရွေးကောက်တင်မြှောက်မယ့်ခေါင်းဆောင်တွေဟာ စစ်မှုရေးရာအတွေ့အကြုံအများကြီးရှိရမယ်၊ အရေးပေါ်အချိန်ကာလမှာ အုပ်ချုပ်ရေးအာဏာကို ကာကွယ်ရေးဝန်ကြီးကသိမ်းယူရမယ်လို့ တောင်းဆိုထားပါတယ်။ စစ်တပ်ရဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းကို နိုင်ငံတော်ဘတ်ဂျက်ငွေစာရင်းထဲမှာ မထည့်ရတဲ့အပြင် လွှတ်တော်တခုလုံးမှာ ဆွေးနွေးခွင့်အတည်ပြုခွင့်မရှိပါဘူး။ စစ်တပ်ရဲ့ ရသုံးခန့်မှန်းခြေ ဘတ်ဂျတ်ငွေစာရင်းကို စစ်တပ်ကိုယ်စားလှယ်တွေကသာ ဆွေးနွေးအတည်ပြုမှာဖြစ်တယ်။ “ပြည်ထောင်စုမပြိုကွဲရေး–တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်တံ့ခိုင်မြဲရေး–နဲ့ အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး–တို့ကို သေချာရအောင် စစ်တပ်ကလုပ်နိုင်ဖို့အတွက်” ဒီလိုအာဏာမျိုးလိုအပ်တယ် လို့ စစ်တပ်ကယူဆပါတယ်။ အဓိကမကျတဲ့အာဏာတွေပဲ ပြည်သူ့လက်ထဲကျန်ပါတယ်။ အာဏာကို မမျှမတခွဲဝေထားပြီး အပြန်အလှန်ထိန်းချုပ်မှုမရှိတာကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို နှောင့်ယှက်တယ်လို့ စစ်တပ်ကကြေငြာတိုင်း ပြည်သူ့အာဏာကို ဘေးဖယ်ပစ်နိုင်ပါတယ်။

နိုင်ငံရေးမငြိမ်မသက်ဖြစ်ပြီး မညီမညွတ်ဖြစ်နေကြတဲ့ နိုင်ငံရေးအကြောင်းရင်းတွေကို ရေရှည်အဖြေရှာဖို့ရည်ရွယ်ပြီး ဆွေးနွေးတိုင်ပင်ဖို့အတွက် ဝန်ကြီးချုပ်ဦးနုက တိုင်းရင်းသားခေါင်းဆောင်အားလုံးကို ရန်ကုန်လာကြဖို့ ၁၉၆၂ ခုနှစ်က ဖိတ်ကြားပါတယ်။ လူမျိုးစုခေါင်းဆောင်တွေက ဖိတ်ကြားချက်ကိုလက်ခံပါတယ်။ ဒါပေမယ့် ဆွေးနွေးပွဲမပြီးမီ စစ်တပ်ကအာဏာသိမ်းလိုက်ပြီး ဆွေးနွေးပွဲတက်ရောက်လာသူတွေကို ထောင်သွင်းအကျဉ်းချလိုက်တာမို့ ငြိမ်းချမ်းစွာဖြေရှင်းနိုင်တဲ့ အခွင့်အလမ်းကို ဖျက်ဆီးခံလိုက်ရပါတယ်။

တွေ့ဆုံဆွေးနွေးပြီးအဖြေရှာရမယ်လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ခေါင်း

ဆောင်တွေကလည်း မြင်ကြပါတယ်။ ပြည်တွင်းစစ်ဟာ မဖြေရှင်းရသေးတဲ့ နိုင်ငံရေးပြဿနာတွေကိုရောင်ပြန်ဟပ်နေတာမို့ ပါဝင်သူတွေအားလုံး ဆွေးနွေးဆင်ခြင်စေ့စပ်ညှိနှိုင်းပြီး ရေရှည်ခံမယ့်နိုင်ငံရေးအဖြေကို ရှာရမယ်လို့ သူတို့ကယုံကြည်ပါတယ်။ မမျှတာဘူးလို့ တိုင်းရင်းသားလူမျိုးစုတွေ ခံစားရချိန်က ပေါ်ပေါက်လာရတဲ့ ပြဿနာအချို့နဲ့ ဒီပြဿနာကို စစ်တပ်ကငြိမ်းချမ်းစွာမဖြေရှင်းနိုင်ခဲ့တာလည်း ဒီအထဲမှာပါဝင်ပါတယ်။ တော်လှန်ပုန်ကန်သူတွေ လာရောက်ဆွေးနွေးဖို့ ၁၉၆၃ ခုနှစ်မှာ စစ်တပ်ကဖိတ်ခေါ်လို့ သွားတွေ့တဲ့ အခါ ပြည်တွင်းစစ်နိဂုံးချုပ်ဖို့ စစ်တပ်ကသတ်မှတ်ထားတာတွေကို လက်ခံဖို့ကလွဲပြီး ဆွေးနွေးခွင့်မရှိတာကိုကိုတွေ့ကြရပါတယ်။ စစ်တပ်ကတင်ပြတာကို အတိုက်အခံကလက်ခံမလား ပယ်ချမလားဆိုတာပဲရှိပါတယ်။ တိုင်းရင်းသားလူမျိုးစုတွေက ပယ်ချလိုက်တော့ ပြည်တွင်းစစ်ပြန်ဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်မှာ စစ်တပ်ကမဟာဗျူဟာသစ်ချမှတ်ပြီး အပစ်အခတ်ရပ်စဲဖို့ သူပုန်တွေကိုကမ်းလှမ်းလိုက်တယ်။ အစိုးရကိုတိုက်ခိုက်နေတဲ့ အုပ်စုတွေနဲ့မပေါင်းပဲ အပစ်အခတ်ရပ်စဲတဲ့ အတိုက်အခံအဖွဲ့ကို လက်နက်ကိုင်ဆောင်ခွင့်ပေးပြီး ကိုယ့်ဒေသကိုယ်အုပ်ချုပ်ကာ စီးပွားရေးလုပ်ခွင့်ပေးတဲ့နည်းပါပဲ။ အုပ်စု(၁၄)စုက ဒီအစီအစဉ်ကိုလက်ခံလိုက်ပြီး စစ်ဆင်ရေးကိုရပ်ဆိုင်းလိုက်ပါတယ်။ လူမျိုးစု(၅)စုကတော့ ဆက်လက်တိုက်ပွဲဝင်နေလို့ နိဂုံးချုပ်ဖို့လမ်းမမြင်သေးပါဘူး။ ပြဿနာရဲ့အကြောင်းရင်းနဲ့ ပြဿနာကို နိုင်ငံရေးအရ ဘယ်လိုဖြေရှင်းမယ်ဆိုတာကို (၁၃)နှစ်လုံးလုံးမဆွေးနွေးပါဘူး။ နောင်တက်လာမယ့် အရပ်သားအစိုးရက ဒီပြဿနာတွေကို ဖြေရှင်းပေးလိမ့်မယ်လို့ စစ်တပ်ကဆိုပါတယ်။

ခိုင်မာအားကောင်းပြီး စည်းလုံးညီညွတ်တဲ့ နိုင်ငံတော်ဖြစ်လာဖို့အတွက် မြန်မာပြည်မှာ ဗဟိုအစိုးရကြီးစိုးတဲ့စနစ်(**unitary system**)ရှိရမယ်လို့ စစ်ခေါင်းဆောင်တွေကစောဒကတက်ပါတယ်။ တကယ့်အာဏာ အားလုံး ရန်ကုန်အစိုးရဆီမှာ စုစည်းထားပြီး နေရာတိုင်းပါဝင်တဲ့ အားကောင်းတဲ့အုပ်ချုပ်ရေးစနစ်ကို ရန်ကုန်မြို့တော်က နယ်စပ်ကျေးရွာအထိ ဖြာထွက်ထားတဲ့အတွက် အခြားနေရာတွေကအခြေအနေနဲ့ လိုအပ်ချက်တွေကို အစိုးရကတုံ့ပြန်နိုင်ပါလိမ့်မယ်။ တိုင်းရင်းသားလူမျိုးစုအများစုဟာ တောင်တန်းနဲ့နယ်စပ်ဒေသမှာ နေထိုင်တာကြောင့် အုံကြွမှုမကျေနပ်မှုတွေကို ကိုင်တွယ်ရာမှာ ဗဟိုအစိုးရ ကြီးစိုးတဲ့စနစ်က မကြီးစိုးတဲ့စနစ်ထက်ပိုပြီး မြန်ဆန်စွာစွမ်းဆောင်နိုင်ပါလိမ့်မယ်။ အတိတ်မှာတော့ ပြည်နယ်တွေဟာ ပြဿနာကို ထိရောက်စွာကိုင်တွယ်ဖို့ လူအင်အားရော အထောက်အပံ့ရော မရှိခဲ့ကြပါဘူး။

တိုင်းရင်းသားလူမျိုးစုတွေက ၁၉၄၇ ခုနှစ်မှာ မိမိတို့သဘောအလျောက် ပြည်ထောင်စုထဲပါဝင်လာကြတယ်လို့ အကျိုးသင့်အကြောင်းသင့်ပြောနေတာ ကြာလှပါပြီ။ မူရင်းအခြေခံဥပဒေမှာ ပြည်နယ်အားလုံးခွဲထွက်ခွင့်ရှိတယ်ဆိုတဲ့ မူကိုပြဋ္ဌာန်းခဲ့ပေမယ့် ပြည်နယ်နှစ်ခု (ရှမ်းနဲ့ကယား)သာ ခွဲထွက်ခွင့်ရပါတယ်။ ပြည်နယ်အချင်းချင်းအခွင့်အရေးမတူညီမှုနဲ့ အခြားပြဿနာတွေကြောင့် လူမျိုးစုအတော်များများ မကျေမနပ်ဖြစ်ကြရတာပါပဲ။ အစိုးရကိုတိုက်နေတဲ့ အကြီးဆုံးတိုင်းရင်းသားလူမျိုးစု(၁၀)စုက ခွဲထွက်ခွင့်မတောင်းဆိုဖို့ ၁၉၈၄ ခုနှစ်မှာ သဘောတူလက်မှတ်ရေးထိုးကြပြီး မိမိတို့ဘဝခေလှေ့ကို ထိန်းသိမ်းကာကွယ်ခွင့်နဲ့ မိမိတို့ဘဝအတွက် နိုင်ငံရေးလုပ်ပိုင်ခွင့်ရှိမယ့် စစ်မှန်တဲ့ဖယ်ဒရယ်ပြည်ထောင်စုကိုသာ တည်ထောင်ဖို့တောင်းဆိုကြတယ်။ ဒီတောင်းဆိုချက်ကို ဒီကနေ့အထိ စစ်တပ်က အသိအမှတ်မပြုပါဘူး။ ဒီတောင်းဆိုချက်ကို မြန်မာပြည်မှာ ဘယ်လိုသုံးနိုင်မယ်ဆိုတာ

ကိုလည်း စူးစမ်းလေ့လာတာမဟုတ်ပါဘူး။ အားကောင်းတဲ့ဗဟိုအစိုးရမရှိရင် ပြည်ထောင်စု ပြိုကွဲလိမ့်မယ်လို့သာ စစ်အစိုးရက အဆက်မပြတ် ဇွတ်အတင်းပြောဆိုနေပါတယ်။

လွတ်လပ်ရေးခရီးစဉ် နောက်ဆုံးအဆင့် ၁၉၄၇ ခုနှစ်မှာ ဗိုလ်ချုပ်အောင်ဆန်း တိုင်းရင်းသားစည်းလုံးရေး ရယူစဉ်က ရှင်းလင်းတင်ပြခဲ့တဲ့အယူအဆက တစိတ်တဒေသအားဖြင့် ဒေါ်စုရဲ့ ဖယ်ဒရယ်သဘောတရား ပေါက်ဖွားလာပါတယ်။ 'ထွေပြားခြားနားမှုထဲက စည်းလုံးညီညွတ်မှု'(**unity in diversity**) အယူအဆကို ဗိုလ်ချုပ်အောင်ဆန်းက ဗဟိုပြုထားပါတယ်။ ဗမာအမျိုးသားဝါဒကို အဓိပ္ပါယ်ဖွင့်ရာမှာ ကျဉ်းမြောင်းလွန်းရင် "ဆိုးဝါးတဲ့အကျိုးဆက်တွေထွက်ပေါ်လာနိုင်ကြောင်း" ဗိုလ်ချုပ်အောင်ဆန်းက သူ့လူတွေကို ပန်ကြားခဲ့ပါတယ်။[၈]

ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်ကပြန်လာပြီးမကြာမီ ၁၉၄၇ ခုနှစ်ဖေဖော်ဝါရီလမှာ တောင်တန်းသားတွေကို အရေးကြီးတဲ့အချက်နှစ်ခုတင်ပြပါတယ်။ ပထမအချက်က ဗမာတွေနဲ့ နိုင်ငံရေးအရပေါင်းစည်းမယ်ဆိုရင် "တောင်တန်းသားတွေဟာ ကိုယ့်ဒေသကိုကိုယ်ကြိုက်သလိုအုပ်ချုပ်ခွင့်ရမှာဖြစ်ပြီး ဗမာတွေကဝင်ရောက်စွက်ဖက်မှာမဟုတ်တဲ့ အကြောင်းဖြစ်တယ်"။ ဒုတိယအချက်ကတော့ အဆင့်နိမ့်တဲ့နိုင်ငံသားနဲ့ စိုးမိုးတဲ့နိုင်ငံသားဆိုတာမျိုးမရှိရအောင် တောင်တန်းသားတွေနဲ့ ဗမာတွေဟာညီတူညီမျှဖြစ်ရမယ်၊ "ဗမာတကျပ်ရရင် ခင်ဗျားလည်းတကျပ်ရရမယ်"[၉] ဆိုတာပါပဲ။ တိုင်းပြည်တည်တံ့ရေးနဲ့ အောင်မြင်ရေးမှာ လူတိုင်းပါဝင်လုပ်ဆောင်နိုင်အောင် ဖယ်ဒရယ်စနစ်က လုပ်ပေးထားတာမို့ ငြိမ်းချမ်းသာယာ စည်းလုံးညီညာတဲ့ ပြည်ထောင်စုကို ဖန်တီးလိုက်တာဖြစ်ပါတယ်။

"အနာဂတ်မြန်မာပြည်ကို ဖယ်ဒရယ်နိုင်ငံအဖြစ်မြင်ပါသလား" လို့ ဒေါ်အောင်ဆန်းစုကြည်ကိုမကြာမီက မေးမြန်းတဲ့အခါမှာ ဒေါ်စုက အမြဲကြာရှည်ခံမယ့် ပြည်ထောင်စုဟာ ဖယ်ဒရယ်သာဖြစ်ရမယ်လို့ ပြန်ဖြေသွားပါတယ်။ ပြည်နယ်ခွဲထွက်နိုင်တဲ့စနစ်ကို ဖယ်ဒရယ်ရယ်လို့ အရင်ကနားလည်ထားခဲ့ကြတာမို့ မြန်မာပြည်သားအများအပြားဟာ ဖယ်ဒရယ်ဆိုတဲ့ဝေါဟာရကို နားမလည်သေးဘူးလို့ ဒေါ်စုက သတိပေးလိုက်ပါတယ်။ ဖယ်ဒရယ်ဆိုတာခွဲထွက်ခွင့်မဟုတ်ကြောင်း NLD ပါတီက ကြိုးစားပြီးရှင်းပြနေတယ်လို့ ဒေါ်စုကပြောပါတယ်။ "ဖယ်ဒရယ်မှု"ဆိုတာ ဗဟိုအစိုးရနဲ့ ပြည်နယ်အစိုးရတွေအကြား အာဏာခွဲဝေမှုသာဖြစ်ကြောင်း၊ ဗဟိုအစိုးရမှာ ဘယ်လိုလုပ်ပိုင်ခွင့်အာဏာတွေရှိပြီး ပြည်နယ်အစိုးရမှာ ဘယ်လိုအာဏာတွေရှိကြောင်း အခြေခံဥပဒေမှာဖော်ပြပြီး၊ မဖော်ပြတဲ့ကြွင်းကျန်သောလုပ်ပိုင်ခွင့်အာဏာကို ဘယ်သူကတာဝန်ယူကြောင်း ရှင်းလင်းတာဟာ ဖယ်ဒရယ်မှုဖြစ်ကြောင်း ဒေါ်စုကရှင်းပြပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြဿနာဖြစ်လာရင် တရားရေးဌာနကဖြေရှင်းရပါတယ်။ တိုင်းရင်းသားတွေဟာ ခွဲထွက်ရေးတောင်းဆိုနေတာမဟုတ်ပဲ စစ်မှန်တဲ့ဖယ်ဒရယ်ပြည်ထောင်စုအတွင်းမှာ သူတို့ရဲ့ရပိုင်ခွင့်တွေကို တောင်းဆိုနေတာသာဖြစ်တယ်လို့ ဒေါ်စုက နိဂုံး စကားပြောဆိုသွားပါတယ်။[၁၀]

အခြားပြဿနာကြီးတခုကတော့ ဒီမိုကရေစီနိုင်ငံမှာ အာဏာရရှိရေးအတွက် ဘယ်လိုပြိုင်ဆိုရမယ်ဆိုတဲ့ ကိစ္စပါပဲ။ ပြည်သူလူထုကသာ အာဏာပိုင်ဖြစ်လို့ ဒီအာဏာကို အသုံးပြုရမယ်ဆိုတဲ့ ဒီမိုကရေစီအစဉ်အလာ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဒေါ်အောင်ဆန်းစုကြည်ကရှင်းပြပါတယ်။ အာဏာဟာအကန့်အသတ်နဲ့သာရှိတာမို့ လူတိုင်းခံစားနိုင်တဲ့ လွတ်လပ်မှုနဲ့ ကိုယ်ပိုင်လွတ်လပ်မှုမှာလည်း အတိုင်းအတာရှိပါတယ်။ အာဏာကို လူတန်းစားတခု (သို့မဟုတ်) အုပ်စုတစုက ပိုင်ဆိုင်တာမဟုတ်ပါဘူး။ ငြိမ်းချမ်းစွာရွေးကောက်ပွဲဝင်ပြီး

ပြိုင်ဆိုင်သူအားလုံး အာဏာရနိုင်ပါတယ်။ အရပ်သားတွေက သူတို့ခေါင်းဆောင်ရဲ့အရည်အချင်း၊ အယူအဆနဲ့ အစီအစဉ်တွေကိုအခြေခံပြီး အာဏာရရှိရေးအတွက် အခြေခံဥပဒေဘောင်အတွင်းမှာ ပြိုင်ဆိုင်နေသမျှ ကာလပတ်လုံး အစိုးရဟာ အရပ်သားလက်ထဲမှာသာရှိရပါမယ်။

ပြည်သူလူထုရဲ့ အခွင့်အရေးနဲ့ပတ်သက်ပြီး စစ်အစိုးရက မပြောသလောက်ပါပဲ။ ၁၉၄၇ အခြေခံဥပဒေမှာ ဒီအခွင့်အရေးတွေဟာ လုံးဝဥဿုံပြည့်စုံပြီး ဥပဒေအရပြဋ္ဌာန်းကာ နိုင်ငံတော်ကကာကွယ်ထားကြောင်း ဖော်ပြပါတယ်။ ၁၉၇၄ အခြေခံဥပဒေ အလယ်ပိုင်းမှာဖော်ပြထားတဲ့ အခွင့်အရေးတွေကတော့ မပြည့်စုံပါဘူး။ နိုင်ငံတော်ရဲ့ ဦးတည်ချက်၊ တာဝန်ဝတ္တရား စတာတွေနဲ့ အခွင့်အရေးတွေကို ချည်နှောင်ထားပါတယ်။[၁၁] အမျိုးသားညီလာခံမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေမူသစ်မှာတော့ ပုဂ္ဂလိကအခွင့်အရေးကို သာမန်ဥပဒေမှာသာ ပြဋ္ဌာန်းထားပါတယ်။ ဒီအခွင့်အရေးတွေကို “နိုင်ငံသားအားလုံး” ခံစားခွင့်ရှိတယ်လို့ ပြောထားပေမယ့် တာဝန်တွေနဲ့ ချည်နှောင်ထားတာကြောင့် အားလုံးအတွက်မဟုတ်ပါဘူး။

မူအချို့ကို ဆန်းစစ်ကြည့်တာနဲ့ NLD အဖွဲ့ချုပ်နဲ့ စစ်အစိုးရဟာ အများကြီးသဘောထားကွဲလွဲနေပါတယ်။ ဒီမိုကရေစီပန်းတိုင်ကို သူတို့တကယ်တမ်းရောက်ရှိလိုတယ်ဆိုရင် တိုင်းပြည်အတွက် ဒီမိုကရေစီအခြေခံတည်ဆောက်နိုင်အောင် အများကြီးဆွေးနွေးပြီး အများကြီးစေ့စပ်ညှိနှိုင်းကာ အပေးအယူလုပ်ရပါလိမ့်မယ်။

၂

စစ်ခေါင်းဆောင်တွေက ပြည်သူလူထုလက်ထဲ တကယ်ပဲအာဏာလွှဲပြောင်းလိုသလား၊ မလိုဘူးလားဆိုတဲ့အပေါ်မှာ ဒီမိုကရေစီအလားအလာမူတည်နေပါတယ်။ တကယ်ပဲအာဏာလွှဲပေးလိုတယ်ဆိုရင် အရေးကြီးတဲ့ကိစ္စ(၄)ခုကို သူတို့က အရေးယူဆောင်ရွက်ရပါလိမ့်မယ်။ ပြည်တွင်းစစ်အဆုံးသတ်ဖို့၊ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးဖို့၊ တရားဥပဒေပြန်လည်စိုးမိုးနိုင်အောင်လုပ်ဖို့နဲ့ တပြည်လုံးသိရှိနိုင်တဲ့ ဆွေးနွေးပွဲစတင်နိုင်တဲ့အခြေအနေကို ဖန်တီးပေးဖို့ ဆောင်ရွက်ရပါလိမ့်မယ်။

ပြည်တွင်းစစ်ကိုနိဂုံးချုပ်ရမယ်။ တပြည်လုံးအပစ်အခတ်ရပ်စဲဖို့ အစိုးရကကြေငြာပြီး မတော်တဆစစ်ပွဲမဖြစ်စေရန် တိုက်ခိုက်နေသူအားလုံးကို ပြန်ဆုတ်ခိုင်းရမယ်။ လက်နက်ကိုင်ထားပြီး အသုံးမပြုပဲအတူနေတဲ့အတွေ့အကြုံ စစ်အစိုးရမှာရော အပစ်အခတ်ရပ်စဲထားတဲ့အုပ်စုတွေမှာရော ရှိပြီးသားပါ။ ဒီအတွေ့အကြုံကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုပြီး အုပ်စုအားလုံး–အထူးသဖြင့် တိုက်ခိုက်နေသူတွေ– ကျင့်သုံးနိုင်အောင် စီစဉ်ပေးရမယ်။ အပစ်အခတ်ရပ်စဲရေး အစစ်အမှန်ဖြစ်ကြောင်း တိုက်ခိုက်နေသူတွေကို သက်သေပြရပါလိမ့်မယ်။ အပစ်အခတ်ရပ်စဲမှု ပျက်ပြားတဲ့နေရာတွေမှာ ပျက်ပြားရတဲ့အကြောင်းရင်းကို စုံစမ်းစစ်ဆေးပြီး အမြန်ဆုံးပြင်ဆင်နိုင်ဖို့ လုပ်ပိုင်ခွင့်ရှိတဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းသူတွေကို စေလွှတ်ပေးဖို့ အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို အကူအညီတောင်းရပါလိမ့်မယ်။ တိုက်ခိုက်မှုကင်းတဲ့ ပတ်ဝန်းကျင်အခြေအနေမှာသာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပပြီး စစ်

ရေးကငြိမ်းချမ်းရေးကို ကူးပြောင်းနိုင်ပါလိမ့်မယ်။

တကယ်တမ်းအဖြေရှာဖို့ အဆင်သင့်ဖြစ်ကြောင်း စစ်ခေါင်းဆောင်တွေက အချက်ပေးလိုရင် အပစ်အခတ်ရပ်စဲရေးကြေငြာပြီး နိုင်ငံရေးအကျဉ်းသားတွေအားလုံးလွှတ်ပေးတာဟာ အကောင်းဆုံးနည်းပါပဲ။ ဖမ်းထားတဲ့ နိုင်ငံရေးအကျဉ်းသားတွေအကြောင်း အစိုးရကအပြည့်အစုံရှင်းပြပြီး ဆက်လက်ထိန်းသိမ်းထားချင်တဲ့ နိုင်ငံရေးအကျဉ်းသားရှိနေသေးရင်လည်း စွဲချက်တင်ကာ တရားရုံးကို ဆုံးဖြတ်ခွင့်ပေးရပါလိမ့်မယ်။ ဒီလိုလုပ်တာကို ပြောစရာရှိမယ်မဟုတ်ပဲ အလျှင်အမြန်တုံ့ပြန်လာတာကို တွေ့ရပါလိမ့်မယ်။ ဒီလိုလုပ်တဲ့အတွက် စစ်တပ်ဟာ တရားသူကြီး၊ ဂျူရီလူကြီးနဲ့ ထောင်မှူးမဟုတ်တော့ပဲ အာဏာရှင်အစိုးရက တရားဥပဒေအရ အုပ်ချုပ်တဲ့အစိုးရအဖြစ် စတင်အသွင်ပြောင်းနေပြီဖြစ်ကြောင်း အထင်အရှားပြသရာရောက်ပါတယ်။ မြန်မာပြည်က ၁၉၄၈ ခုနှစ်မှာ လက်မှတ်ရေးထိုးထားတဲ့ ကမ္ဘာ့လူ့အခွင့်အရေးကြေငြာစာတမ်း၊ ကိုလိုနီခေတ်ကတည်းက ရှိခဲ့တဲ့ လူ့အခွင့်ရေးရာအပြည်ပြည်ဆိုင်ရာစာချုပ်များ၊ လွတ်လပ်ရေးရပြီးမှပြဋ္ဌာန်းခဲ့တဲ့ စာချုပ်သစ်တွေအပေါ်မှာ အခြေမခံတဲ့ ကန့်သတ်ချုပ်ချယ်မှုတွေကို နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပြီးတာနဲ့ စစ်ခေါင်းဆောင်တွေက ရုပ်သိမ်းရပါလိမ့်မယ်။

လူ့အခြေခံအခွင့်အရေးနဲ့ လွတ်လပ်မှုတွေကိုရုပ်သိမ်းပြီး ပြည်သူလူထုကိုချုပ်ချယ်ရာမှာ အနှစ်(၄၀)အသုံးပြုခဲ့တဲ့ ကျယ်ပြန့်လှတဲ့ထောက်လှမ်းရေးစနစ်ကို စစ်ခေါင်းဆောင်တွေက အဆုံးသတ်ရပါလိမ့်မယ်။ ပြည်သူလူထုစုဝေးနိုင်ဖို့ ဆက်သွယ်နိုင်ဖို့ တပြည်လုံးလွတ်လပ်စွာသွားလာနိုင်ဖို့ အစိုးရကလုပ်ပေးရပါလိမ့်မယ်။ ပြန်လည်ခွင့်ပြုတဲ့ ပြည်သူ့စာနယ်ဇင်းကို အသုံးပြု၍၎င်း၊ တိုက်ရိုက်ပြောဆို၍၎င်း တဦးနဲ့တဦးအပြန်အလှန် အကျိုးသက်ရောက်စေရန် အစိုးရကစီစဉ်ပေးရပါလိမ့်မယ်။ ဒီလိုအပြောင်းအလဲလုပ်တာဟာ အရပ်သားအဖွဲ့အစည်း(civil society) ပြန်လည်ရှင်သန်ရေးကို အထောက်အကူဖြစ်စေပါတယ်။

သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပရေးကိုရှေးရှုပြီး မြန်မာပြည်အနာဂတ်အခြေခံဥပဒေနဲ့ နိုင်ငံရေးစနစ်အကြောင်း တဦးနဲ့တဦး အပြန်အလှန်ဆွေးနွေးလာကြစေဖို့ ပြည်သူလူထုကို အားပေးအားမြှောက်လုပ်ရပါလိမ့်မယ်။ ဒီလိုလွတ်လွတ်လပ်လပ် အလွတ်သဘောနဲ့ဆွေးနွေးရင်း ထွက်ပေါ်လာတဲ့အယူအဆ အကြံပြုချက်နဲ့ထောက်ခံချက်တွေကို သက်ဆိုင်ရာတရားဝင်ဆွေးနွေးပွဲ တက်ရောက်နေတဲ့ ကိုယ်စားလှယ်တွေထံ တင်ပြနိုင်ပါတယ်။ ဒီလိုလုပ်တဲ့အတွက် အခြေခံဥပဒေသစ်ရေးဆွဲရာမှာရော မိမိတို့နေထိုင်မယ့် နိုင်ငံရေးလူ့ဘောင် တည်ဆောက်ရာမှာ ပြည်သူလူထုကိုယ်တိုင် ပါဝင်လုပ်ကိုင်လာနိုင်ပါတယ်။

အပြောင်းအလဲစတင်ဖြစ်ပေါ်ပြီး ပြည်သူလူထုက တဦးနဲ့တဦး အပြန်အလှန် စတင်ဆက်ဆံလာတဲ့ သစ်လွင်တဲ့ပတ်ဝန်းကျင်အခြေအနေမှာ အလေးအနက်ကျင်းပတဲ့ ဆွေးနွေးပွဲဟာ ထမြောက်အောင်မြင်နိုင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ခေါင်းဆောင်များ၊ စစ်ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ စတဲ့အဓိကအင်အားစုသုံးစုမှာ ပါဝင်သူအားလုံး အပြန်အလှန်ယုံကြည်မှုရအောင်လုပ်ရင်း အေးချမ်းစွာ အလေးအနက် ဆွေးနွေးပွဲကျင်းပနိုင်ပါလိမ့်မယ်။ ဆွေးနွေးသူအချင်းချင်း တကယ်တမ်းယုံကြည်သွားတာနဲ့ ဆွေးနွေးပွဲဟာစတင်အကျိုးဖြစ်ထွန်းလာနိုင်ပြီး ပြောင်းလဲမှုဖြစ်စဉ်ကို စတင်ကြီးထွားလာစေမှာ ဖြစ်ပါတယ်။ အုပ်စု(၃)စုလုံး တန်းတူညီတူရှိရမှာဖြစ်ပြီး တဦးပြောစကား တဦးနားထောင်ကာ တင်ပြလာတဲ့အမြင်အမျိုးမျိုးကို သဟဇာတဖြစ်အောင်

လုပ်နိုင်တဲ့နည်းလမ်းတွေကို ရှာကြံရမှာဖြစ်ပါတယ်။ အားလုံးတန်းတူညီတူဖြစ်တယ်ဆိုတဲ့ အခြေခံမှုကို အုပ်စု(၃)စုလုံးက ကျေနပ်စွာလက်မခံနိုင်ရင် ငြိမ်းချမ်းရေး(သို့မဟုတ်)နိုင်ငံရေးပြောင်းလဲမှု ဖြစ်ပေါ်လာမှာ မဟုတ်ပါဘူး။ ဩဇာအာဏာနဲ့အပေါ်စီးယူပြီး မိမိအယူအဆကိုသူများလက်ခံလာအောင် လုပ်ခွင့်မရှိပါဘူး။ အပေးအယူလုပ်နိုင်တဲ့စိတ်ဓါတ် မွေးမြူရပါလိမ့်မယ်။ အမြဲတမ်းငြိမ်းချမ်းတဲ့ပြည်ထောင်စု တည်ထောင်ဖို့အတွက် အားလုံးစုဝေးနေတာဖြစ်ကြောင်း ဆွေးနွေးပွဲတက်ရောက်နေသူအားလုံးက ယုံကြည်ရပါလိမ့်မယ်။ ဒါမှသာလျှင် တင်ပြတာတွေ ပြင်ဆင်တာတွေနဲ့ အတည်ပြုတာတွေဟာ အုပ်စုတစုအတွက် သာမဟုတ်ပဲ အုပ်စုသုံးစုလုံးအတွက် အဓိပ္ပါယ်ရှိပါလိမ့်မယ်။

တိုင်းပြည်တခုလုံး စစ်ဖြစ်ရာကငြိမ်းချမ်းရေးရသွားတဲ့အခါမှာ တရားဥပဒေထိန်းသိမ်းရေးအတွက် ဒေသခံရဲက လက်နက်ကိုင်စစ်သားကို အစားထိုးသွားမှာမို့ လမ်းအဆင့်က စပြီး ပတ်ဝန်းကျင်အခြေအနေ တကယ်ပြောင်းလဲသွားမှာဖြစ်ပါတယ်။ မြန်မာပြည်ကို စစ်မှငြိမ်းချမ်းရေးသို့ ပြောင်းလဲသွားတာ အဓိကအုပ်စု(၃)စုကမြင်လိုတယ်ဆိုရင် အခုစတင်ဖို့ အချိန်ရောက်နေပါပြီ။

ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိုက်လို့ ဖြစ်ပေါ်လာမယ့်နိုင်ငံရေးအခြေအနေ ပြောင်းလဲနိုင်မယ့်အခွင့်အလမ်းကို စစ်ခေါင်းဆောင်တွေ လက်လွှတ်သွားပုံရတာကြောင့် စစ်အုပ်ချုပ်ရေး အိပ်မက်ဆိုးကြီး အနာဂတ်မှာ အကန့်အသတ်မဲ့ သက်ဆိုးရှည်မယ့်ပုံပေါ်နေပါတယ်။ ဒါပေမယ့် အခွင့်အလမ်းဆက်ပြီးပွင့်နေရင်လည်း ပွင့်နေဖွယ်ရှိပါတယ်။ ဒါပေမယ့် ဒီအခွင့်အလမ်းကို လွှတ်သွားပြီဆိုရင်တော့ မျက်မှောက်အခြေအနေဟာ အနာဂတ်အထိဆက်သွားမှာမို့ လက်ရှိမျိုးဆက်ရဲ့သက်တမ်းကာလမှာတော့ မြန်မာပြည်မှာ နိုင်ငံရေးအပြောင်း အလဲဖြစ်နိုင်ဖွယ်မရှိတော့ပါဘူး။ ။

*ဇွန်လ ၁၆ ရက်နေ့ ၂၀၀၂*

<u>အောက်ခြေမှတ်စုများ</u>


1. Dan Murphy, "Long, Quiet Ethnic War in Burma," <u>Christian Science Monitor</u> as republished in Burmanet, may 23, 2002.
2. Aung Zaw, "An Interview with Aung San Suu Kyi," <u>The Irrawaddy News Magazine—Interactive Edition,</u> May 24, 2002.
3. Robert Horn, "Excerpts from Aung San Suu Kyi Press Conference," May 10, 2002. In a private communication to the author.
4. "An Interview with Burma's Aung San Suu Kyi," Reuters Telephone Interview, May 17, 2002.
5. "Interview with Daw Aung San Suu Kyi," Reuters, Bangkok, May 17, 2002.
6. "Speech of general Saw Maung delivered on September 23, 1988."

State law and order Restoration Council Chairman Commmander-in-Chief of Defence Services General Saw Maung Addresses. Rangoon, 1990. pp. 29-32.

7. See Janelle Diller, "The National Convention: An Impediment to the restoration of Democracy," Peter Carey (ed), Burma: the challenge of Change in a Divided Society. New York: St. Martin's Press, 1977. pp. 27-54.
8. "Problems of Burma's Freedom," Burma's Challenge, 1946. reprinted in Josef Silverstein (ed), The Political Legacy of Aung San. Ithaca: Cornell University Southeast Asia Program. (rev. ed.) 1993, pp. 93-111.
9. Sao Saimong Mangrai, The Shan States and the British Annexation. Ithaca: Cornell University Southeast Asia program, August 1965., p. 308
10. Tony Broadmoor, "I see us in five year's time as struggling, but I hope struggling happily and with liberty," The Irrawaddy—Interactive edition, May 24, 2002.
11. Josef Silverstein, Burma" Military Rule and the Politics of Stagnation. Ithaca: Cornell University Press, 1977, pp. 130-132.

### အခြေခံဥပဒေရေးရာ

# ပြည်ထောင်စုနိုင်ငံနှင့် အထက်လွှတ်တော်

ဝင်းမောင်

ပြည်ထောင်စုအဖြစ်ဖွဲ့စည်းထားသောနိုင်ငံတွင် အထက်လွှတ်တော်၏ အခန်းကဏ္ဍသည် အလွန်အရေးပါပေသည်။ ပြည်ထောင်စုစစ်သည် သို့မဟုတ် တဝက်တပျက်ပြည်ထောင်စုနိုင်ငံဖြစ်သည်ကို အကဲဖြတ်ဆန်းစစ်ရာတွင် အထက်လွှတ်တော်၌ ကိုယ်စားလှယ်ပါဝင်မှုအနေအထား၊ အထက်လွှတ်တော်အား ပေးအပ်ထားသောအာဏာများကို အချက်တချက် အနေဖြင့်ထည့်သွင်းဆန်းစစ်လေ့ရှိကြသည်။ တောင်ကြီး ဦးထွန်းမြင့်က ၁၉၄၇ ခုအခြေခံဥပဒေ အရဖွဲ့စည်းထားသော ပြည်ထောင်စုကို တခြမ်းပဲ့ ပြည်ထောင်စု၊ ဖားတပိုင်းငါးတပိုင်း ပြည်ထောင်စုဖြစ်သည်ဟု လည်းကောင်း၊ အချို့ပညာရှင်များက အိန္ဒိယနှင့် ကနေဒါပြည်ထောင်စုကို တဝက်တပျက်ပြည်ထောင်စု သို့မဟုတ် ပြည်ထောင်စုမစစ်တစစ်နိုင်ငံများ ( Semi-federal country) ဟု သတ်မှတ်ရာတွင် ဤအချက်များအပေါ်ကြည့်၍ ဆိုခဲ့ခြင်းဖြစ်ဟန်ရှိသည်။ လက်ရှိကာလတွင် မြန်မာလူထုသည် မြန်မာနိုင်ငံတော်ကြီးအား ပြည်ထောင်စုနိုင်ငံတော်အဖြစ်ဖွဲ့စည်းရန် တာစူနေသည်ဖြစ်ရာ ပြည်ထောင်စုဖွဲ့စည်းမှုနှင့်ပတ်သက်၍လည်းကောင်း၊ အခြေခံဥပဒေနှင့်ပတ်သက်၍လည်းကောင်း အဆက်ပြတ်နေကြသော လူငယ်မျိုးဆက်များအတွက် ဗဟုသုတအလို့ငှာ ကမ္ဘာ့အချို့သော ပြည်ထောင်စုနိုင်ငံများ၏ အထက်လွှတ်တော် ဖွဲ့စည်းထားမှုများအား လေ့လာ၍ တင်ပြအပ်ပါသည်။ ထို့အပြင် ဖွဲ့စည်းမည့် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အထက်လွှတ်တော်နှင့်ပတ်သက်၍လည်း အကြံပြုတင်ပြလိုက်ရပါသည်။

ဦးစွာပထမ မြန်မာနိုင်ငံတွင်ရှိခဲ့ဖူးသော လွှတ်တော်နှင့်စပ်လျဉ်း၍ဖေါ်ပြလိုပေသည်။ လွတ်လပ်ရေးရပြီးစတွင် မြန်မာနိုင်ငံအား ပြည်ထောင်စုသမတ မြန်မာနိုင်ငံတော်ဟူ၍ ဖွဲ့စည်းကြောင်း ၁၉၄၇ ခုနှစ်အခြေခံဥပဒေ တွင်ဖေါ်ပြထားသည်။ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ ချင်းဝိသေသတိုင်း၊ ရှမ်းပြည်နယ်နှင့် ပြည်မဒေသ တို့ဖြင့် ဖွဲ့စည်းထားသည်။ သို့ဖြစ်သည်နှင့်အညီ ပြည်ထောင်စု၏အင်္ဂါရပ်တခုဖြစ်သည့် အထက်လွှတ်တော်လည်း

ထားရှိလာရသည်။ အခြေခံဥပဒေ ပုဒ်မ ၈၇ အရ အထက်လွှတ်တော်( လူမျိုးစုလွှတ်တော် **Chamber of Nationalities**) ကိုဖွဲ့စည်းသည်။ ထိုအထက်လွှတ်တော်သို့ ကိုယ်စားလှယ်ပေးပို့ရာတွင် ပြည်နယ်များမှ အညီအမျှပေးပို့သည့်စနစ်မဟုတ်ပေ။ အခြေခံဥပဒေပါ ဒုတိယဇယားအရ အောက်ပါအတိုင်း ကိုယ်စားလှယ်များ ပေးပို့ကြရသည်ဖြစ်၍ လူဦးရေအချိုးအစားဖြင့် ပေးပို့သည့်စနစ်ကို ကျင့်သုံးထားသည်ဟု ဆိုနိုင်ကောင်း၏။

| | |
|---|---|
| ရှမ်းပြည်နယ်မှကိုယ်စားလှယ် ------------------- | ၂၅ ဦး |
| ကချင်ပြည်နယ်မှကိုယ်စားလှယ် ------------------ | ၁၂ ဦး |
| ချင်းဝိသေသတိုင်းမှ ကိုယ်စားလှယ် ---------------- | ၈ ဦး |
| ကရင်နီပြည်နယ်မှ ကိုယ်စားလှယ် ---------------- | ၃ ဦး |
| ကရင်အမျိုးသားများ၏ကိုယ်စားလှယ် ------------- | ၂၄ ဦး – ၉ ဦး* |
| ကျန်နယ်များမှ ကိုယ်စားလှယ် ------------------ | ၅၃ ဦး + ၉ ဦး* |
| စုစုပေါင်း ------------------------------ | ၁၂၅ ဦး |

( * အခြေခံဥပဒေပြင်ဆင်ချက် ၁၉၅၁၊ အက်ဥပဒေအမှတ် ၆၂ )

အထက်လွှတ်တော်ကို လူဦးရေအချိုးအစားအလိုက် ပေးပို့သောစနစ်ကို မြန်မာတနိုင်ငံတည်းက ကမ္ဘာတွင် ချွန်၍ကျင့်သုံးသည်တော့မဟုတ်ပေ။ ကနေဒါနှင့် အိန္ဒိယနိုင်ငံတို့ကလည်း ကျင့်သုံးပေသည်။ ဖက်ဒရယ်ဝါဒီများက အထက်လွှတ်တော်တွင် ပြည်နယ်များမှကိုယ်စားလှယ် အညီအမျှမဟုတ်သည့်အတွက် ကနေဒါသည် တဝက်တပျက် ပြည်ထောင်စု နိုင်ငံသာဖြစ်ကြောင်း ဝေဖန်ကြသည်။ အိန္ဒိယနိုင်ငံသည် ဒုတိယကမ္ဘာစစ်ကြီးပြီးနောက်တွင် လွတ်လပ်ရေးရကာ ပြည်ထောင်စုအခြေခံဥပဒေကို ရေးဆွဲခဲ့သည်။ ထိုပြည်ထောင်စုအခြေခံဥပဒေအရ ပြည်ထောင်စုအထက်လွှတ်တော်သို့ ကိုယ်စားလှယ်ပေးပို့ရာတွင် ပြည်နယ်များရှိ လူဦးရေပေါ်တွင် အခြေပြုထားသည်။ ထိုအချက်ကို ထောက်၍လည်း ဖက်ဒရယ်ဝါဒီများက အိန္ဒိယသည်လည်း ပြည်ထောင်စုမစစ်၊ တဝက်တပျက်ပြည်ထောင်စုနိုင်ငံသာ ဖြစ်ကြောင်းဝေဖန် ကြသည်။ အထက်လွှတ်တော်တွင် ပြည်နယ်များမှကိုယ်စားလှယ်အညီအမျှပေးပို့ခြင်းအားဖြင့် လူများသောပြည်နယ်အတွက် ကိုယ်စားပြုမှုမှာ လျော့နည်းသွား၍ ဒီမိုကရေစီနှင့်ဆန့်ကျင်သည်ဟု အိန္ဒိယဒီမိုကရေစီဝါဒီများက ပြန်လည်ချေပသည်။ ဤသည်မှာ ဖက်ဒရယ်ဝါဒီနှင့် ဒီမိုကရေစီဝါဒီတို့၏ရှုထောင့် အမြင်ကွာခြားမှုဖြစ်၏။

၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ အထက်လွှတ်တော်သို့ ကိုယ်စားလှယ်ပေးပို့ပုံမှာ ဖက်ဒရယ်ဝါဒီရှုထောင့်အမြင်ပေါ်တွင် အခြေမခံသည်မှာ သေချာသည်။ သို့ဆိုလျှင် ဒီမိုကရေစီရှုထောင့်အမြင်ပေါ်တွင် အခြေပြုထားသည်ဟု ယူဆနိုင်ဘွယ်ရှိပေသည်။ အမှန်အားဖြင့်မူ ဒီမိုကရေစီရှုထောင့်အမြင်ပေါ်တွင် အခြေခံသည်လည်း မဟုတ်ပေ။ ထိုစဉ်ဖြစ်ရှိနေသော မြန်မာ့နိုင်ငံရေး အခင်းအကျင်းပေါ်မူတည်၍ အဆင်အပြေဆုံးဖြစ်စေမည့် စဉ်းစားချက်အပေါ်တွင် ကိုယ်စားလှယ်အချိုးအစား သတ်မှတ်လိုက်ရခြင်းဖြစ်နိုင်ပေသည်။ ကချင်

ပြည်နယ်အတွက် ကိုယ်စားလှယ် ၁၂ နေရာရရှိရာ ၆ နေရာမှာ ကချင်အမျိုးသားကိုယ်စားလှယ်ဖြစ်ရပြီး ကျန် ၆ နေရာမှာ ကချင်ပြည်နယ်အတွင်းနေထိုင်သော ကချင်မဟုတ်သည့် အခြားလူမျိုးများ၏ ကိုယ်စားလှယ်နေရာဖြစ်သည်။ ထို့ကြောင့်ကချင်ပြည်အတွင်းရှိ အခြားလူမျိုးများလည်း အထက်လွှတ်တော်တွင် ကိုယ်စားပြုခွင့်ရရှိသည်။ ရှမ်းပြည်နယ်အတွက်မူ ကိုယ်စားလှယ် ၁၂ နေရာရရှိရာ ထို ၁၂ နေရာစလုံးကို စော်ဘွားများက ၎င်းတို့အချင်းချင်းထဲမှ ရွေးကောက်တင်မြောက်ကြရန် ပုဒ်မ ၁၅၄ (၂) ၌ ပြဋ္ဌာန်းထားသည်။ ကရင်နီပြည်နယ်အတွက် ကိုယ်စားလှယ်နေရာ ၃ နေရာရရှိရာ ရှမ်းပြည်နယ်နည်းတူ စော်ဘွားများ၊ စောဖျာများက အထက်လွှတ်တော်အမတ်ဖြစ်ခွင့်ရကြသည်။ ကရင်လူမျိုးများအတွက်မူ အမတ်နေရာ ၂၄ နေရာမှာ ကရင်ပြည်နယ်ဟူ၍ သတ်သတ်မှတ်မှတ်မဖွဲ့စည်းရသေးသည့်အတွက် တတိုင်းပြည်လုံးရှိ ကရင်အမျိုးသား အများစုနေထိုင်ရာဒေသမှ ကရင်အမျိုးသားများကိုယ်စားပြုသည့် ကိုယ်စားလှယ်နေရာဟု ဆိုနိုင်ပေသည်။ သို့ကြောင့်လည်းလက်ရှိ အခြေအနေအရ အကောင်းဆုံးအဆင်ပြေမှုပေါ်တွင် အခြေပြုခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။ ၁၉၅၁ ခုနှစ် အခြေခံဥပဒေ ပြင်ဆင်ချက်အရ ( ၁၉၅၁ ခုနှစ်၊ အက်ဥပဒေ အမှတ် ၆၂)၊ ကရင်ပြည်နယ်ဖွဲ့စည်းလိုက်သည့်အခါ အထက်လွှတ်တော်အမတ်ကိုယ်စားလှယ်နေရာ အပြောင်းအလဲဖြစ်ခဲ့သည်။ ကရင်ပြည်နယ်အတွက် အထက်လွှတ်တော်အမတ်နေရာ ၁၅ နေရာ သတ်မှတ်ခဲ့ပြီး၊ ကျန်ဒေသများ (ပြည်မဒေသ)အတွက် မူလက အမတ်နေရာ ၅၃ နေရာ အစား ၆၂ နေရာ သတ်မှတ်ခဲ့သည်။ ဤတွင် လူမျိုးစုလွှတ်တော်တွင် ကရင်ပြည်နယ် ကိုယ်စားပြု ကရင်လူမျိုးကိုယ်စားလှယ်နေရာ ၉ နေရာနည်းသွားပြီး ပြည်မအတွက် ၉ နေရာတိုးသွားသည်။ ပြည်မအတွက်တိုးလာသော ၉ နေရာမှာ လူမျိုးစု လွှတ်တော်တွင် ပြည်မကိုယ်စားပြု ကရင်အမျိုးသားအမတ် ၉ နေရာရရှိနိုင်ပေသည်။ ဒီမိုကရေစီရှုထောင့်အမြင် ဘက်သို့တူရှူးသည်ဟု ဆိုနိုင်ပေသည်။ ၁၉၅၉ ခုနှစ် အက်ဥပဒေအမှတ် ၁၀၊ အပိုဒ် ၂၊ အပိုဒ်ခွဲ ၂ အရ၊ လူမျိုးစုလွှတ်တော်ဆိုင်ရာ ရှမ်းပြည်နယ်ကိုယ်စားလှယ်ကို စော်ဘွားများထဲမှ ရွေးကောက်တင်မြောက်ရမည်ဆိုသည်ကိုငင်း၊ ကရင်နီပြည်နယ် ကိုယ်စားလှယ်ကို စောဖျာ၊ စော်ဘွားများမှ ရွေးကောက်တင်မြောက်ရမည် ဆိုသည်ကိုငင်း ပယ်ဖျက်လိုက်သည်။ သို့သော် လူမျိုးစုလွှတ်တော်တွင် စော်ဘွားများ စောဖျာများ ကိုယ်စားပြုမှု သက်တမ်းမကုန်ဆုံးမီ တပ်မတော်မှ အာဏာသိမ်းလိုက်ပြီး ၁၉၄၇ ခုနှစ် အခြေခံဥပဒေ၏ အသက်ဝင်မှုကို ရပ်ဆိုင်းပစ်လိုက်တော့သည်။

၁၉၇၄ ခုနှစ်အခြေခံဥပဒေအား ပြည်ထောင်စုဆိုရှယ်လစ်သမတ မြန်မာနိုင်ငံတော်အခြေခံဥပဒေဟူ၍ အမည်ပေးထားသောကြောင့် အမည်ကြည့်ရုံသက်သက်ဆိုလျှင် မြန်မာနိုင်ငံတော်အား ပြည်ထောင်စုနိုင်ငံအဖြစ် ဖွဲ့စည်းထားကြောင်း ထင်မှတ်ရသည်။ သို့သော် ပြည်ထောင်စုနိုင်ငံများ၏ သဘောသဘာဝအရ ပြည်နယ်များကို ကိုယ်စားပြုရသော အထက်လွှတ်တော်ကိုကား မထားရှိပေ။ ဤအချက်ကပင် ပြည်ထောင်နိုင်ငံဟု သတ်မှတ်ရန် ခက်ခဲသည်။

### အခြားသောပြည်ထောင်စုနိုင်ငံများရှိ အထက်လွှတ်တော်များ

**အမေရိကန်ပြည်ထောင်စု။** ။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာတွင်ပထမဆုံး

ပြည်ထောင်စုနိုင်ငံကို စတင်ဖွဲ့စည်းသော နိုင်ငံဖြစ်သည်။ အခြေခံဥပဒေရေးဆွဲရေး ဆွေးနွေးပွဲ၌ ကွန်ကရက်တွင် အမတ်နေရာ အညီအမျှရရေး ဆွေးနွေးမှုသည် အလွန်အရေးပါသော ဆွေးနွေးမှုတရပ်ဖြစ်ခဲ့သည်။ ကိုယ်စားလှယ် အညီအမျှရရှိမှသာ ပြည်နယ်တိုင်း၏ အချုပ်အခြာကို အခြေခံဥပဒေဖြင့် အသိအမှတ်ပြုရာရောက်သည်ဟု ဖက်ဒရယ်ဝါဒီများက ထောက်ပြကြသည်။ ကိုယ်စားလှယ် အညီအမျှထားရေးသည် ပြည်နယ်ငယ်နှင့် ပြည်နယ်ကြီးများအကြား ဈေးဆစ်မှုဖြစ်ခဲ့သည်။ ကွန်ကရက်တွင် ကိုယ်စားလှယ် အညီအမျှရရေး ဈေးဆစ်မှုသည် အမေရိကန်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် အရေးပါသော ကိစ္စဖြစ်ခဲ့သလို ဆီးနိတ်လွှတ်တော်ဖြစ်ပေါ်ရေး၏ လမ်းစဟု ဆိုနိုင်သည်။ ညီလာခံကိုယ်စားလှယ်များက ပြည်နယ် တိုင်းမှ ကိုယ်စားလှယ်အညီအမျှ တက်ရောက်နိုင်သော ဆီးနိတ် (အထက်လွှတ်တော်)နှင့် လူဦးရေပေါ် အခြေခံသောအောက်လွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ပုံစံကို သဘောတူခဲ့ကြ၍ အမေရိကန်ပြည်ထောင်စုပေါ်ပေါက်ခဲ့ခြင်းနှင့်အတူ ကွန်ကရက်တွင် အထက်လွှတ်တော် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည် ။

အမေရိကန်ပြည်ထောင်စုစတင်ဖွဲ့စည်းစဉ်က ပြည်နယ် ၁၃ နယ်ရှိရာ တပြည်နယ်လျှင် ကိုယ်စားလှယ်နှစ်ယောက်နှုန်းဖြင့်စေလွှတ်ရန် သတ်မှတ်ခဲ့ရာ ယခုအခါ ပြည်နယ် ၅၀ ရှိ လာသည့်အတွက် အထက်လွှတ်တော်အမတ်ဦးရေမှာလည်း ၁၀၀ ရှိလာခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ ဆီးနိတ်လွှတ်တော်သက်တမ်းကို ၆ နှစ်သတ်မှတ်ထားပြီး အမတ်ဦးရေ၏ သုံးပုံနှစ်ပုံ ကို နှစ်နှစ်တကြိမ် ပြန်လည်ရွေးကောက်တင်မြှောက်သည်။ မူလက အထက်လွှတ်တော်အမတ်များကို ပြည်နယ် ဥပဒေပြုလွှတ်တော်က ရွေးချယ်တင်မြှောက်နိုင်သောအာဏာပေးအပ်ထားရာ ငွေရှင်ကြေးရှင်များက သြဇာသုံး၍ ဆီးနိတ် လွှတ်တော်အမတ်ဖြစ်ရေးကို လွှမ်းမိုးထားသည်။ ထို့ကြောင့် သက်ဆိုင်ရာပြည်နယ်ပြည်သူလူထုက တိုက်ရိုက်ရွေးချယ် တင်မြှောက်နိုင်ရန် ၁၉၁၃ ခုနှစ်တွင် အခြေခံဥပဒေပြင်ဆင်ခဲ့သည်။ ထိုအချိန်မှစ၍ ဆီးနိတ်အမတ်များကို သက်ဆိုင်ရာပြည်နယ်လူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ကြရသည်။ အထက်လွှတ်တော်အမတ်အဖြစ် အသက် ၃၀ ပြည့်ပြီး အမေရိကန်နိုင်ငံအတွင်း ကိုးနှစ်ထက်မနည်းနေထိုင်သူ အမေရိကန်နိုင်ငံသားများ ရွေးချယ်ခံခွင့်ရှိသည်။ ထို့အပြင် သက်ဆိုင်ရာရွေးချယ်ခံမည့်ပြည်နယ်တွင် နေထိုင်သူလည်း ဖြစ်ရသည်။ လွှတ်တော်အမတ်တယောက်သည် အကြိမ်ကြိမ် ပြန်လည်ရွေးချယ်ခံခွင့်ရှိသည်။

အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်သည် ပါလီမန်ဒီမိုကရေစီနိုင်ငံ ( ပြည်ထောင်စုနိုင်ငံများ) များရှိအထက်လွှတ်တော်နှင့်မတူဘဲ များစွာအာဏာရှိသည်။ အမေရိကန်အထက်လွှတ်တော်သည် အောက်လွှတ်တော်ထက်ပင်ပို၍ အာဏာရှိသည်ဟုဆိုသည်။ အခြားနိုင်ငံများနှင့်စာချုပ်ချုပ်ဆိုမှုတွင် သဘောတူညီမှုပေးရခြင်း၊ အဆင့်မြင့်ရာထူးခန့်ထားခြင်းများတွင် ထောက်ခံချက်ပေးရခြင်း၊ လွှတ်တော်အမတ်များနှင့် သမတအားစွပ်စွဲသည့် အမှုများတွင် စစ်ဆေးဆုံးဖြတ်ပေးရခြင်းကိစ္စများအတွက်မူ အောက်လွှတ်တော်၏ သဘောတူညီချက်ယူစရာမလိုဘဲ ဆောင်ရွက်အတည်ပြုပေးရသည့် အထူးအာဏာရှိသည်။ အောက်လွှတ်တော်အနေနှင့်မူ အထူးအစည်းအဝေးများတွင် ဆီးနိတ် လွှတ်တော်၏သဘောတူညီမှုမပါဘဲ ဆုံးဖြတ်အတည်ပြုနိုင်ခွင့်မရှိပေ။

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့တွင် ဥပဒေပြုခွင့်အာဏာ အညီအမျှရှိသည်။ ဥပဒေကြမ်းတခုကို မည်သည့်လွှတ်တော်တွင်မဆို စတင်တင်သွင်းနိုင်သည်။ မူလ

တင်သွင်းသော လွှတ်တော်ကအတည်ပြုထားသော ဥပဒေကြမ်းကို အခြားလွှတ်တော်တရပ်က အတည်မပြုပါက ထိုဥပဒေမှာအတည်ဖြစ်မလာပေ။ အခွန်အကောက် ဥပဒေကြမ်း ငွေကြေးခွဲဝေသုံးစွဲမှုဥပဒေကြမ်းများကို အောက်လွှတ်တော်တွင် စတင်တင်သွင်းရသော်လည်း၊ အထက်လွှတ်တော်မှာမူ အောက်လွှတ်တော်က အတည်ပြုထားသော ထိုဥပဒေကြမ်းကို ပြင်ဆင်ခွင့်ရှိသည်။ ထိုအာဏာကိုအသုံးပြုလျက် အထက်လွှတ်တော်သည် ဘတ်ဂျက်ဥပဒေကြမ်း၏ တစိတ်တပိုင်းကိုသော်လည်းကောင်း တစုံလုံးကိုလည်းကောင်း ပြင်ဆင်သည့်အခါမျိုးရှိသည်။

ကမ္ဘာ့မည်သည့် ဒီမိုကရေစီနိုင်ငံ အထက်လွှတ်တော်ကမျှ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်ကဲ့သို့ ဆောင်ရွက်ပိုင်ခွင့် အာဏာမရှိပေ။

အမေရိကန်အထက်လွှတ်တော်နှင့်စပ်လျဉ်း၍ ဝေဖန်မှုများလည်းရှိသည်။ ပြည်နယ်လူဦးရေကို လစ်လျူရှုလျက် ကိုယ်စားလှယ်အညီအမျှပေးထားခြင်းသည် ဒီမိုကရေစီနည်းမကျဟူ၍လည်းကောင်း၊ ၁၉၁၃ ခုနှစ်တွင် သွယ်ဝိုက်ရွေးချယ်တင်မြှောက်သောစနစ်မှ တိုက်ရိုက်ရွေးချယ်တင်မြှောက်သောစနစ်သို့ ပြောင်းလိုက်သော်လည်း ထိုသို့ပြောင်း ရခြင်း၏ အဓိကရည်ရွယ်ချက်ကို မရောက်ရှိခဲ့ဘဲ ငွေရှင်ကြေးရှင်များ ဆက်လက်လွှမ်းမိုးမှုရှိနေသဖြင့် အမေရိကန် ဆီးနိတ်လွှတ်တော်သည် မီလျံနာများ၏ ကလပ်သဖွယ်ဖြစ်နေသေးသည်ဟူ၍လည်းကောင်း ဝေဖန်ထောက်ပြကြသည်။

**ကနေဒါနိုင်ငံ**။ ။ ကနေဒါနိုင်ငံသည်မူလက ပြည်နယ် ၄ ခုဖြင့် ပြည်ထောင်စုဖွဲ့စည်းထားသည်။ နောက်ပိုင်းတွင် ပြည်နယ် ၁၀ ခုသို့ တိုးချဲ့ကာ ပြည်နယ် ၁၀ ခု၊ ပြည်ထောင်စုနယ်မြေ ၂ ခုဖြင့် ပြည်ထောင်စုနိုင်ငံအဖြစ်ဖွဲ့စည်းခဲ့သည်။ ကနေဒါ နိုင်ငံပါလီမန်ကိုလည်း အထက်လွှတ်တော် (Senate)၊ အောက်လွှတ်တော် (House of commons) လွှတ်တော် ၂ ရပ်စနစ်ဖြင့် ဖွဲ့စည်းထားသည်။ ဖက်ဒရယ် ပြည်ထောင်စု နိုင်ငံဖြစ်သည်နှင့်အညီ အထက်လွှတ်တော်သည် ပြည်နယ်အသီးသီးကို ကိုယ်စားပြုသည်။ သို့သော် အထက်လွှတ်တော်သို့ ပြည်နယ်များမှ ကိုယ်စားလှယ် စေလွှတ်မှုအညီအမျှမဟုတ်ပေ။ ကိုယ်စားလှယ်စေလွှတ်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| အွန်တာရီယို ပြည်နယ် | ------ | ၂၄ ယောက် |
| ကွီဘက် | ------ | ၂၄ ယောက် |
| ရီဗာစကောရှား | ------ | ၁၀ ယောက် |
| နယူးဘရန်ဆွစ် | ------ | ၁၀ ယောက် |
| နယူးဖေါင်လန် | ------ | ၆ ယောက် |
| ဗြိတိသျှ ကိုလံဘီယာ | ------ | ၆ ယောက် |
| အယ်လ်ဘာတာ | ------ | ၆ ယောက် |
| စပ်စကဲချဲဝါန် | ------ | ၆ ယောက် |
| မနီတိုးဘား | ------ | ၆ ယောက် |
| ပရင့်စ်အဲဒ်ဝါဒ်ကျွန်း | ------ | ၄ ယောက် |
| ယူကွန်ပြည်ထောင်စုနယ်မြေ | --- | ၁ ယောက် |

အနောက်မြောက်နယ်မြေ --- ၁ ယောက်
၁၀၄ ယောက်

အထက်လွှတ်တော်အမတ်မှာလည်း အခြားသော ပြည်ထောင်စုနိုင်ငံများမှာကဲ့သို့ ရွေးကောက်ပွဲဖြင့် လွှတ်တော်အမတ်ဖြစ်လာသူများမဟုတ်ပေ။ အထက်လွှတ်တော် အမတ်များကို ဝန်ကြီးအဖွဲ့၏ အကြံပြုချက်ဖြင့် ဘုရင်ခံချုပ်ကခန့်အပ်သည်။ လွှတ်တော်အမတ်များ၏ တာဝန်သက်တမ်းမှာ အမြဲတမ်းအတွက်ဖြစ်သည်။ တနည်းအားဖြင့် ပင်စင်ယူသက်တမ်းကာလအထိဖြစ်သည်။ ဝန်ကြီးချုပ်၏ အကြံပြုချက်ဖြင့် အထက်လွှတ်တော်အမတ်များကို ရွေးချယ်ရသည့်အတွက် လွှတ်တော်အမတ်များသည် အာဏာရအစိုးရပါတီမှ ပုဂ္ဂိုလ်များ အထက်လွှတ်တော်အမတ်ဖြစ်လေ့ရှိသည်။

ဆီးနိတ်လွှတ်တော်၏ အာဏာများနှင့်စပ်လျဉ်း၍မူ ငွေကြေးဥပဒေကို အောက်လွှတ်တော်တွင် စတင်တင်သွင်းမည်ဟူသော ခြွင်းချက်မှလွဲ၍ သဘောသဘာဝအားဖြင့် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှာ အာဏာအညီအမျှရှိသည်။ သို့သော်လည်း လက်တွေ့တွင်မူ ကနေဒါ အထက်လွှတ်တော်၌ အာဏာသိပ်မရှိလှပေ။ ဝန်ကြီးအဖွဲ့၏ ပေါ်လစီနှင့် ဆောင်ရွက်ချက်များအပေါ် အထက်လွှတ်တော်က မေးမြန်းစုံစမ်းနိုင်ခွင့်ရှိကြောင်း ဥပဒေအရ ဖေါ်ပြထားသော်လည်း လက်တွေ့တွင် ဆောင်ရွက်နိုင်ခြင်းမရှိပေ။

သဘောသဘာဝအားဖြင့် အထက်လွှတ်တော်သည် ဥပဒေပြုခြင်းကိစ္စနှင့် အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် တစုံတရာသော ထိန်းညှိနိုင်ရန်ရည်ရွယ်သည်။ ကနေဒါ ပြည်ထောင်စု၏ အထက်လွှတ်တော်သည် လက်တွေ့၌ အလွန်အားနည်းကြောင်း သုံးသပ်သူများကဆိုသည်။ ထိုသို့အားနည်းရခြင်းမှာလည်း ကိုယ်စားလှယ်ကို ခန့်အပ်သည့် စနစ်ကျင့်သုံးခြင်း၊ အထက်လွှတ်တော်ဥက္ကဋ္ဌကိုပင် ဘုရင်ခံချုပ်က ခန့်အပ်ခြင်း၊ လွှတ်တော်အမတ်၏ တာဝန်သက်တမ်းမှာ အခြားနိုင်ငံများကဲ့သို့ ၄ နှစ် သို့မဟုတ် ၅ နှစ်စသည်ဖြင့် ကန့်သတ်မထားဘဲ အမတ်တဦးအနေဖြင့် အသက် ၇၅ နှစ်အထိ တာဝန်ထမ်းဆောင်နိုင်ခြင်း၊ တို့ကြောင့်ဖြစ်သည်။

**အိန္ဒိယနိုင်ငံ** ။ ။ အိန္ဒိယပြည်ထောင်စု အခြေခံဥပဒေစတင်စဉ်တွင် (က) အစုပြည်နယ်၊ (ပြည်နယ် ၉ ခုပါဝင်သည်) (ခ) အစုပြည်နယ်၊ (ပူးပေါင်းထားသောစော်ဘွားနယ် ၈ နယ်ဖြင့် ဖွဲ့စည်းသည်) (ဂ) အစုပြည်များဟူ၍ ခွဲထားသည်။ ၁၉၅၆ ခုနှစ် အက်ဥပဒေအရ ပြည်နယ် ၁၆ ခုနှင့် ပြည်ထောင်စုနယ်မြေ ၉ ခုဟူ၍ ပြည်လည်ဖွဲ့စည်းခဲ့သည်။ တဖန်ပြည်နယ်များပြည်လည်ဖွဲ့စည်းရေးအက်ဥပဒေ ၁၉၅၉ အရ ပြည်နယ်များကို တိုးချဲ့ဖွဲ့ခဲ့ရာ ၁၉၉၉ ခုနှစ်အထိ ပြည်နယ် ၂၅ ခုနှင့် ပြည်ထောင်စုနယ်မြေ ၇ ခုရှိခဲ့သည်။ ၂၀၀၀ ခုနှစ် နိုဝင်ဘာတွင် ပြည်နယ်အသစ် ၃ ခု ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သောကြောင့် ယခုအခါ ပြည်နယ် ၂၈ ခုရှိလာသည်။ ပြည်ထောင်စုပါလီမန်ကို ရာဂျာဆာဘား Rajya Sabha (အထက်လွှတ်တော်)နှင့် လော့ဆာဘား Lok Sabha (အောက်လွှတ်တော်)ဖြင့် ဖွဲ့စည်းထားသည်။ အထက်လွှတ်တော်သည် ပြည်နယ်ကိုကိုယ်စားပြုသည်။ အိန္ဒိယနိုင်ငံ အထက်လွှတ်တော်သည် လူဦးရေအညီအမျှပေးပို့ခြင်းမဟုတ်ဘဲ ပြည်နယ်တခုခြင်းစီ၌ရှိသော လူ

ဦးရေအပေါ်အခြေခံ၍ ရွေးချယ်သည်။ သို့သော် ကနေဒါ နိုင်ငံအထက်လွှတ်တော်မှာကဲ့သို့ လွှတ်တော်အမတ်များကို ခန့်အပ်သည့်စနစ်မျိုး ကျင့်သုံးခြင်းမဟုတ်ဘဲ ရွေးချယ်တင်မြှောက်သည့်စနစ်ကို ကျင့်သုံးသည်။ ထို့အပြင် ကိုယ်စားလှယ်များကို ပြည်နယ်လူထုက တိုက်ရိုက်ရွေးချယ်ပေးခြင်းမဟုတ်ဘဲ ပြည်နယ်ပါလီမန်များမှ လျို့ဝှက်မဲစနစ်ဖြင့်ရွေးချယ်ပေးရသည်။ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေ ၂၃ မှ ကိုယ်စားလှယ် စုစုပေါင်း၂၃၈ ဦး ရွေးချယ်ပေးကြရသည်။ ထို့အပြင် ပြည်ထောင်စု သမတ က ပညာရှင် ၁၂ ဦးကို ရွေးချယ်ခန့်သေးသည်။ ပြည်ထောင်စုနယ်မြေများ ( **Union Territories** ) အတွက်မူ ဥပဒေအရ အထူးရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်သည်။ အထက်လွှတ်တော်အမတ်များကို ပြည်နယ်တွင်းရှိ လူဦးရေကိုအခြေခံ၍ ရွေးချယ်ကြသည့်အတွက် အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျနှင့်ဆွစ်ဇာလန်နိုင်ငံများ၏ အထက်လွှတ်တော်အမတ် ရွေးချယ်ပေးပို့ပုံနှင့် ကွာခြားသည်။ အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျနှင့် ဆွစ်ဇာလန်နိုင်ငံများ၏ အထက်လွှတ်တော်အမတ်များကို ပြည်နယ်များမှ ကိုယ်စားလှယ် အညီအမျှ ရွေးချယ်ပေးပို့ကြသည်။ အိန္ဒိယနိုင်ငံ အထက်လွှတ်တော်အတွက် လူဦးရေအပေါ် အခြေပြုရွေးချယ်သည့်အတွက် ဒီမိုကရေစီမူနှင့် ပိုမိုကိုက်ညီသည်ဟု အိန္ဒိယပညာရှင်အချို့က ယူဆကြသည်။

အိန္ဒိယအထက်လွှတ်တော်၏ သက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး အမတ်ဦးရေ၏ သုံးပုံ တပုံကို နှစ် နှစ်တကြိမ် ပြည်လည်ရွေးချယ်တင်မြှောက်ရသည်။ အထက်လွှတ်တော်သည် အမြဲတမ်းလွှတ်တော်ဖြစ်ပြီး ဖျက်သိမ်းခွင့်မရှိပေ။

အိန္ဒိယနိုင်ငံ အထက်လွှတ်တော်သည် ငွေကြေးဆိုင်ရာ ကိစ္စများအား ဥပဒေပြုခြင်း၊ ကက်ဘိနက်အဖွဲ့အပေါ် ထိန်းချုပ်ခြင်းကိစ္စများမှလွဲ၍ ကိစ္စရပ်အများအပြားတွင် အောက်လွှတ်တော်နှင့် အညီအမျှအာဏာရှိပေသည်။ ဥပဒေ တရပ်ကြမ်းတရပ်ကို အထက်လွှတ်တော်တွင်လည်း စတင်တင်သွင်းနိုင်ပေသည်။ တင်သွင်းလာသော ဥပဒေကြမ်း တရပ်ရပ်ကို လွှတ်တော်တရပ်က အတည်မပြုပါက သမတအနေဖြင့် လွှတ်တော် ၂ ရပ်ပူးတွဲ အစည်းအဝေးဖြင့် ဆွေးနွေးစေသည်။ ထိုနောက် မဲခွဲဆုံးဖြတ်စေသည်။ မဲခွဲဆုံးဖြတ်တိုင်း အောက်လွှတ်တော်မှ အလေးသာနိုင်သော အလားအလာများသည်။ အဘယ်ကြောင့်ဆိုသော် လူဦးရေအချိုးအစားအားဖြင့် အောက်လွှတ်တော်ကပိုများပြား သောကြောင့်ဖြစ်ပေသည်။ ထို့အပြင် အထက်လွှတ်တော်သည် ပြည်နယ်များကို ကိုယ်စားပြုသည်ဟူသော အယူအဆအရ ပြည်ထောင်စုတခုလုံးအတွက် အကျိုးရှိစေမည်ဟု ထင်မြင်ပါက ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါနေစေကာမူ ထိုကိစ္စအတွက်ပါလီမန်အထက် လွှတ်တော်က ဥပဒေပြုပေးခွင့်ရှိသည်။ ထိုအာဏာသည် အောက်လွှတ်တော်တွင် မရှိပေ။ အောက်လွှတ်တော်ဖျက်သိမ်းထားသော ကာလအတွင်း ပြည်ထောင်စု သမတ က အရေးပေါ်အခြေအနေ ကြေညာပါက ရက်ပေါင်း ၆၀ အတွင်း အထက်လွှတ်တော်ထံ တင်ပြအတည်ပြုချက်ယူရသည်။

သြစတြေးလျ ပြည်ထောင်စု။ ။ **Common Wealth of Australia Constitution Act** အရ သြစတြေးလျ ပြည်ထောင်စု ဖြစ်တည်လာခဲ့သည်။ ထိုအခြေခံဥပဒေအရ နယူးဆောသ်ဝေးလ်း၊ ကွင်းစလန်၊ ဗစ်တိုရီးယား၊ တောင်ပိုင်း သြစတြေးလျ၊ တက်စမေးနီးယား၊ အနောက်ပိုင်း သြစတြေးလျ စသည့် ပြည်နယ် ၆ ခုဖြင့် ပြည်ထောင်စု ဖွဲ့စည်း

ထားသည်။ ပြည်ထောင်စု နိုင်ငံဖြစ်သည်နှင့်အညီ အထက်လွှတ်တော် (ဆီးနိတ်) အောက်လွှတ်တော် (**House of Representatives** ) လွှတ်တော် ၂ ရပ်ဖြင့် ဥပဒေပြု ပါလီမန်ကို ဖွဲ့စည်းထားသည်။ မူလက ဆီးနိတ် လွှတ်တော်အတွက် တပြည်နယ်လျှင် ကိုယ်စားလှယ်အမတ် ၆ ယောက် လူထုကတိုက်ရိုက်ရွေးချယ်တင်မြှောက်ကြရသည်။ သို့ သော် ၁၉၄၈–၄၉ ခုနှစ် ကိုယ်စားပြုမှု အက်ဥပဒေ( **The Representation Act** ) အရ တပြည်နယ်လျှင် လွှတ်တော်ကိုယ်စားလှယ်အမတ် ၁၀ ဦးသို့ တိုးမြင့်ခဲ့သည်။ ယခု အခါတွင်မူ တပြည်နယ်လျှင် ကိုယ်စားလှယ် ၁၂ ဦးစီသို့တိုးမြှင့်ခဲ့သည်။ ထို့အပြင် ( **Australia Capital Territory** ) နှင့် ( **Narthern Tereitory** ) တို့မှ ကိုယ်စား လှယ် နှစ်ဦးစီလည်း အထက်လွှတ်တော်တွင် ပါဝင်ခွင့်ရရှိကြသည်။ လွှတ်တော်အမတ် များ၏ တာဝန်သက်တမ်းမှာ ၆ နှစ်ဖြစ်ပြီး အမတ်စုစုပေါင်း၏ ထက်ဝက်ကို ၃ နှစ်တကြိမ် ပြန်လည်ရွေးချယ်ကြသည်။ ၎င်းတို့သည် ပြန်လည် အရွေးချယ်ခံခွင့်ရှိကြသည်။

လွှတ်တော်သက်တမ်းမကုန်ဆုံးမီ လွှတ်တော်အမတ်နေရာလစ်လပ်သွားပါက ထိုနေ ရာအတွက် သက်ဆိုင်ရာပြည်နယ်ပါလီမန်လွှတ်တော်က မဲပေးရွေးချယ်ပေးရသည်။ ဩစ တြေးလျ နိုင်ငံတွင် ပါလီမန်အမတ်ရွေးချယ်ပွဲ၌ လူတိုင်းမဲမပေးမနေရ မဲပေးကြရသည်။ ဆီး နိတ်လွှတ်တော်၏ ဥက္ကဋ္ဌကို ဆီးနိတ်အမတ်များထဲမှ မဲပေးရွေးချယ်ကြရသည်။

ဩစတြေးလျ ဆီးနိတ်လွှတ်တော် ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းတရပ်မှာ အထက် လွှတ်တော်တွင် ကိုယ်စားလှယ်အညီအမျှရှိထားခြင်းအားဖြင့် လူဦးရေများသော ပြည် နယ်နှင့် လူဦးရေးနည်းသော ပြည်နယ်အကြား ပဋိပက္ခ ဖြစ်ပွားပါက လူဦးရေနည်းသော ပြည်နယ်များ၏အကျိုးကို အကာအကွယ်ဖြစ်စေနိုင်ရန်ဟူသောယူဆချက်အရ ဖြစ်သည် ဟုဆိုသည်။

ဆီးနိတ်လွှတ်တော်အာဏာနှင့်ပတ်သက်၍မူ ပါလီမန်ဒီမိုကရေစီစနစ်၏ ထုံးစံ အတိုင်း ရသုံးငွေစာရင်း ဥပဒေကြမ်းကို အောက်လွှတ်တော်၌သာ တင်သွင်းရသည်မှလွဲ၍ ဩစတေးလျ ဆီးနိတ်လွှတ်တော်သည် အောက်လွှတ်တော်နှင့် အာဏာအညီအမျှရှိ သည်။ ဥပဒေကြမ်းတရပ်ကို အထက်လွှတ်တော်တွင်လည်း စတင်တင်သွင်းနိုင်သည်။ လွှတ်တော်တရပ်ရပ်က ဥပဒေကြမ်းတရပ်ရပ်ကိုအတည်ပြုရန် သဘောထားမတိုက်ဆိုင်ပါ က ဘုရင်ခံချုပ်သည် ဆီးနိတ်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ နှစ်ရပ်စလုံးကို ဖျက် သိမ်းနိုင်သည်။ ၁၉၇၄ ခုနှစ်က အောက်လွှတ်တော်မှတင်သွင်းသော အခွန်ကောက်ခံမှုနှင့် ဘတ်ဂျက်ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအပေါ် ဆီးနိတ် အထက်လွှတ်တော်မှ အတည်မပြု သည့်အတွက် ပါလီမန်လွှတ်တော် နှစ်ရပ်စလုံးကို ဖျက်သိမ်းခဲ့ဖူးသည်။ နောက်တကြိမ် ရွေးကောက်ပွဲပြီး၍ လွှတ်တော်ပြန်စသည့်အခါ မူလတင်သွင်းသော လွှတ်တော်ကအဆိုပါ ဥပဒေကြမ်းကိုထပ်မံတင်သွင်းလာပြီး ယခင်အခြေအနေအတိုင်း ဥပဒေအတည်ပြုရန် အခက်တွေ့ပါက တနည်းအားဖြင့် (**deadlock**) အခြေအနေဖြစ်နေဦးမည်ဆိုပါက လွှတ် တော်နှစ်ရပ်မှ ကိုယ်စားလှယ်များပါသော ပူးတွဲအစည်းအဝေးကို ဘုရင်ခံချုပ်က ကျင်းပ ပေးပြီး အသေအချာ တိုင်ပင်ဆွေးနွေးစေသည်။ ထိုနောက် မဲခွဲဆုံးဖြတ်စေပြီး မဲအများစု ရရှိမှုကို အခြေခံ၍ ဥပဒေအတည်ပြုခြင်း၊ မပြုခြင်းကို ဆုံးဖြတ်စေသည်။

အခြားသောပြည်ထောင်စုနိုင်ငံများတွင်မူ အထက်လွှတ်တော်အား ဖျက်သိမ်းခွင့်ပေး ထားလေ့မရှိပေ။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ အခြေခံဥပဒေ ပုဒ်မ ၈၈ ၌ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)ဖျက်သိမ်းပြီးသည်နှင့် လူမျိုးစုလွှတ်တော်လည်း ဖျက်သိမ်းပြီးဖြစ်စေ

ရမည်ဟူ၍ပြဋ္ဌာန်းထား သည်။

ဩစတြေးလျ ပြည်ထောင်စု၏ အထက်လွှတ်တော်မှာ ပါလီမန်ဒီမိုကရေစီနိုင်ငံနှင့် အချို့နိုင်ငံများတွင်ရှိသည့် အထက်လွှတ်တော်များကဲ့သို့ ( Review Chamber ) အဖြစ် အောက်လွှတ်တော်ကတင်သွင်းသော ဥပဒေကြမ်းများကို ပြန်လည်သုံးသပ်ပေးရုံ သက်သက်မျိုးမဟုတ်ပေ။

ဩစတြေးလျ အထက်လွှတ်တော်သည် ပါလီမန် ဒီမိုကရေစီ စနစ်အောက်တွင် ဖက်ဒရယ်ပြည်ထောင်စု၏ အသွင်သဏ္ဍာန်ကို ပိုမိုပေါ်လွင်စေသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်နယ်ကို အညီအမျှ ကိုယ်စားပြုပြီး၊ ပြည်နယ်လူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ရသည်။ အထက်လွှတ်တော်ရော အောက်လွှတ်တော်ကို ပါ တပြိုင်နက်ဖျက်သိမ်းစေဖို့ ခြိမ်းခြောက်နိုင်သော အခွင့်အလမ်းရှိသည်။

**ဆွစ်ဇာလန်။** ။ ဆွစ်ဇာလန်ပြည်ထောင်စု၏ ပါလီမန်ကို ယခင်က ဖက်ဒရယ်အစည်းအဝေး ဗလီ ( Federal Assembly )၊ အောက်လွှတ်တော်ကို ( National Council )နှင့် အထက်လွှတ်တော်ကို ( Council of State ) ဟူ၍ ခေါ်ဝေါ်သော်လည်း ၂၀၀၀ ခုနှစ် အခြေခံဥပဒေအသစ်ပြဋ္ဌာန်းသောအခါ ပါလီမန်ကို ဖက်ဒရယ်ပါလီမန်၊ အထက်လွှတ်တော်ကို ဆီးနိတ်၊ အောက်လွှတ်တော်ကို ( House of Representatives) ဟူ၍ ပြောင်းလဲခေါ်ဝေါ်လာသည်။

အထက်လွှတ်တော်ကို ကန်တုံပြည်နယ်များကို ကိုယ်စားပြုရန် ဖွဲ့စည်းထားသည်။ ၁၈၇၄ ခုနှစ် ပြန်လည်ပြင်ဆင်ခဲ့သော အခြေခံဥပဒေအရ ကန်တုံပြည်နယ် ၂၀ မှ ကိုယ်စားလှယ်နှစ်ဦးကျစီနှင့် တဝက်တပျက် ကန်တုံပြည်နယ် ၆ ခုမှ ကိုယ်စားလှယ်တဦးကျစီ အထက်လွှတ်တော်သို့ စေလွှတ်ခွင့်ရှိသည်။ တနည်းအားဖြင့် အမေရိကန်ပြည်ထောင်စု ဆီးနိတ်လွှတ်တော်၊ ဩစတြေးလျအထက်လွှတ်တော်များကဲ့သို့ ပြည်နယ်များမှ အညီအမျှကိုယ်စားပြုသည့်စနစ်ဖြစ်သည်။ ၂၀၀၀ ခုနှစ် အခြေခံဥပဒေသစ်အရလည်း အထက်လွှတ်တော်သို့ ကိုယ်စားပြုမှုမှာ အထူးတလည် အပြောင်းအလဲမရှိပေ။ အထက်လွှတ်တော် ကိုယ်စားလှယ်ရွေးချယ်တင်မြှောက်ပုံမှာ သက်ဆိုင်ရာ ကန်တုံများ၏ ပြဋ္ဌာန်းဥပဒေအရဖြစ်ရသည်။ အချို့ပြည်နယ်များမှာ လူထုကတိုက်ရိုက်မဲပေးရွေးချယ်ကြပြီး၊ အချို့ပြည်နယ်များမှာ ပြည်နယ် ဥပဒေပြုလွှတ်တော်များမှ သွယ်ဝိုက် ရွေးချယ်ပေးသည့် စနစ်ကျင့်သုံးကြသည်။ အခြားထူးခြားချက်တခုမှာ အထက်လွှတ်တော်သက်တမ်းကို ပြည်ထောင်စု အခြေခံဥပဒေက သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိဘဲ၊ သက်ဆိုင်ရာပြည်နယ်များကသာ သတ်မှတ်ကြသည်။ ထို့အပြင် ပြည်နယ်တခုနှင့်တခု သက်တမ်းသတ်မှတ်ပုံခြင်းလည်း မတူကြပေ။ သက်တမ်းကာလ တနှစ်မှ ၄ နှစ်အတွင်း ကွဲပြားစွာသတ်မှတ်ကြသည်။ အထက်လွှတ်တော်အမတ်ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်များတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် အပြည့်ရှိသည်။ ထူးခြားချက်နောက်တခုမှာ အထက်လွှတ်တော် ကိုယ်စား လှယ်များသည် ကန်တုံပြည်နယ်များ ကိုယ်စားပြုရသည်မှန်သော်လည်း အခြေခံဥပဒေပုဒ်မ ၁၆၁ (၁) အရမဲပေး ဆုံးဖြတ်ချက်ပြုရာတွင် ကန်တုံပြည်နယ်များ၏ ညွှန်ကြားချက်အတိုင်း မဲမပေးရန်တားမြစ်ထားသည်။ ထို့ကြောင့် အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ၎င်းတို့တဦးခြင်းစီ၏ စဉ်းစားဆုံးဖြတ်ချက်ဖြင့်သာ မဲပေးကြရသည်။ တနည်းအားဖြင့် အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်တခုခြင်း အကျိုးစီးပွားအပေါ် သီးခြားရပ်

တည်ကြခြင်းမဟုတ်ဘဲ ပြည်ထောင်စုတခုလုံး၏ အကျိုးစီးပွားအပေါ် ၌သာ ရပ်တည်ကြရသည်။

ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်သည်၊ ဥပဒေပြုရေးတွင် အောက်လွှတ်တော်နှင့် အာဏာအညီအမျှ ဖြစ်သည်။ ဥပဒေကြမ်းတရပ်ကို လွှတ်တော်တရပ်ရပ်၌ စတင်တင်သွင်းနိုင်သည်။ တင်သွင်းလာသော ဥပဒေကြမ်းကို လွှတ်တော် ၂ ရပ်လုံးမှ အတည်ပြုမှသာလျှင် ဥပဒေအတည်ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံ အထက်လွှတ်တော်အမတ်သက်တမ်းကို သက်ဆိုင်ရာပြည်နယ် အခြေခံဥပဒေကသာပြဌာန်းပြီး အချို့ပြည်နယ်များ၏ သတ်မှတ်မှုမှာ အောက်လွှတ်တော် အမတ် ရာထူးသက်တမ်းထက်တိုလွန်းသဖြင့် အမတ်များမှာ အထက်လွှတ်တော်အမတ်ဖြစ်ခြင်းထက် အောက်လွှတ်တော်အမတ်ဖြစ်ရန် ပိုလိုလားကြသည်။ အမေရိကန်တွင်မူ အထက်လွှတ်တော်အမတ်ဖြစ်ရေးကို ပိုမိုလိုလားကြသည်။

## အနာဂတ်ပြည်ထောင်စုနိုင်ငံတော်အထက်လွှတ်တော်အတွက် စဉ်းစားချက်များ။

ပြည်ထောင်စုနိုင်ငံတော် ဖွဲ့စည်းရေးနှင့်ပတ်သက်၍ လွန်ခဲ့သော ၄၀ ကျော်က ပြည်ထောင်စုစစ်စစ်မူဟူ၍ ရှမ်းပြည်နယ်က တင်ပြခဲ့ဖူးပါသည် (ရှမ်းပြည်မှတင်သွင်းသောကြောင့် ရှမ်းမူဟုထင်ရှားသည်)။ အထူးသဖြင့် ဗမာလူမျိုးများ သည် အခြားသောလူမျိုးစုများနှင့်တန်းတူ ပြည်နယ်တခုရှိစေပြီး လူမျိုးစုအထက်လွှတ်တော်တွင် ပြည်နယ်များမှ ကိုယ်စားလှယ် အညီအမျှ ပေးပို့ရန် အဆိုဖြစ်သည်။

ဦးရွှေအုံး (ရှမ်းပြည်) ၏ ၁၉၉၃ ခုနှစ် အမျိုးသာညီလာခံသို့တင်ပြသောစာတမ်းတွင် ပြည်ထောင်စုကို ပြည်နယ် ၈ ပြည်နယ် ဖြင့်ဖွဲ့စည်းသင့်ကြောင်း၊ ပြည်ထောင်စုပါလီမန်ကို လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ပါဝင်သော ပါလီမန်လွှတ်တော် ၂ ရပ်ဖြင့် ဖွဲ့စည်းရန် အကြံပြုတင်ပြထားသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်မှရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (ပထမ မူကြမ်း) တွင်မူ ပြည်ထောင်စုကိုပြည်နယ် (၈) နယ်ဖြင့်ဖွဲ့စည်းရန်၊ ပြည်ထောင်စု ဥပဒေပြုလွှတ်တော်ကို လူမျိုးစုလွှတ်တော်(အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်) တို့ဖြင့် ဖွဲ့စည်းရန်၊ အထက်လွှတ်တော်ကိုယ်စားလှယ်အမတ်များကို သက်ဆိုင်ရာပြည်နယ်လူထုက မဲဆန္ဒဖြင့် တိုက်ရိုက် ရွေးချယ်တင်မြှောက်ရန်နှင့် တပြည်နယ်လျှင် ကိုယ်စားလှယ် အမတ် (၉) ဦးကျဖြင့် ရွေးချယ်ပေးရန် အဆိုပြုပြဌာန်းထားသည်။

ဒီမိုကရေစီ မဟာမိတ်များ အဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမြင့် (B.A./ B.L./ LLM) ၏ အခြေခံဥပဒေသစ်ရေးဆွဲရေးနှင့်ပတ်သက်သည့် အကြံပြုစာတမ်းတွင် ပြည်ထောင်စုကို ပြည်နယ် (၈) ပြည်နယ်ဖြင့်ဖွဲစည်းရန်၊ ပြည်ထောင်စု လွှတ်တော်ကို လူမျိုးစုလွှတ်တော် (အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော်တို့ဖြင့် ဖွဲ့စည်းရန် အဆိုပြုထားသည်။ သို့သော် အထက်လွှတ်တော်ကိုယ်စားလှယ်စေလွှတ်ရေးနှင့်ပတ်သက်၍မူ ပြည်နယ်တိုင်းက ကိုယ်စားလှယ် အညီအမျှပေးပို့စေရန်မဟုတ်ဘဲ ပြည်နယ်ရှိလူဦးရေအပေါ်အခြေခံ၍ ပေးပို့စေရန် အဆိုပြုတင်ပြထားသည်။ ၁၉၄၇ ခုနှစ်အခြေခံဥပဒေတွင် လက်ခံထားသောပုံစံဖြစ်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက တင်ပြထားသော "အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" (ပထမ မူကြမ်း) တွင် ပြည်ထောင်စုကို အမျိုးသားပြည်နယ်နှင့် အမျိုးသားများပြည်နယ်* တို့ဖြင့် ဖွဲ့စည်းရန် အဆိုပြုထားသည်။ တနည်းအားဖြင့်ပြည်နယ် ၈ ပြည်နယ်ထက်ပိုသော ပြည်နယ်များဖြင့် ပြည်ထောင်စုဖွဲ့စည်းရန်ဖြစ်သည်။ ပြည်ထောင်စုလွှတ်တော်နှင့်ပတ်သက်၍ ပြည်ထောင်စု လွှတ်တော်ကို အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)နှင့် ပြည်သူ့လွှတ်တော် တို့ ဖြင့်ဖွဲ့စည်းရန်၊ အမျိုးသားလွှတ်တော်သို့ ပြည်နယ်များမှ ကိုယ်စားလှယ် ၄ ဦးကျစီ အညီ အမျှပေးပို့ရန် အဆိုပြုတင်ပြထားသည်။

[ * *အမျိုးသားများပြည်နယ်မှာ မည်သည့်တိုင်းရင်းသားကမျှလူများစုအဖြစ် မသတ်မှတ်နိုင်သောဒေသကို အမျိုးသားများပြည်နယ် အဖြစ်သတ်မှတ်ရန်အဆိုပြုထားခြင်းဖြစ်သည်* ]

နဝတ/နအဖ အမျိုးသားညီလာခံမှ ချမှတ်သော အသေးစိတ်အခြေခံရမည့် မူ တွင် ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သော တပ်မတော်သားအမတ်များ၊ တိုင်းဒေသကြီး ၇ ခု နှင့် ပြည်နယ် ၇ ခုတို့မှ အညီအမျှ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) ကိုဖွဲ့စည်းရမည်ဟု မူ ချမှတ်ထားသည်။ လွှတ်တော်တွင် တပ်မတော်သားများပါဝင်နေခြင်းသည် ဒီမိုကရေစီ သဘောသဘာဝနှင့် ဆန့်ကျင်နေပေသည်။ အမတ်ဦးရေပါဝင်မှုအားဖြင့်လည်း တပ်မတော်သား အမတ်များကို လွှတ်တော်အမတ် စုစုပေါင်း၏ ၄ ပုံ ၁ ပုံနေရာပေးထားသည်။ ကိုယ်စားပြုမှုအရ လူဦးရေ ၄၅ သန်းတို့အတွက် အမတ်နေရာ စုစုပေါင်း၏ ၄ ပုံ ၃ ပုံသာရပြီး လူဦးရေ ၄ သိန်းသာ ရှိသော တပ်မတော်အတွက် ကိုယ်စားပြုမှုမှာ အမတ်နေရာ စုစုပေါင်း၏ ၄ ပုံ ၁ ပုံ ပေး ထားသည်။

## နိဂုံး

အထက်လွှတ်တော်သို့ကိုယ်စားလှယ်ပေးပို့ရာတွင် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့က ဖက်ဒရယ်ဝါဒ ဗဟိုပြုမှုပေါ်တွင်အခြေခံထားသည်။ ဒီမိုကရေစီမဟာ မိတ်များအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမြင့်၏ အကြံပြုချက်မှာ ဒီမိုကရေစီဗဟိုပြုမှုပေါ်တွင်အခြေခံထား သည်ဟု ဆိုနိုင်ပေသည်။ ဤအဆိုပြုချက် နှစ်ခုစလုံးမှာ အနာဂတ်တွင်ဖွဲ့စည်းမည့် ပြည် ထောင်စုနိုင်ငံသစ်အတွက် အလေးထားစဉ်းစားရမည့် အချက်များဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ဖွဲ့စည်းမည့်ပြည်ထောင်စုသည် အမေရိကန်ပြည်ထောင်စု၊ သြစတြေးလျ နိုင်ငံတို့ကဲ့သို့ ပထဝီပေါ်တွင် အခြေခံဖွဲ့စည်းခြင်းမျိုးမဟုတ်ဘဲ လူမျိုးစုပေါ်အခြေခံဖွဲ့စည်း ကြမည်ဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင် လူမျိုးစုပြည်နယ်တခုအတွင်း၌ လူမျိုးစုငယ် များလည်းရှိနေကြသေးသည်။ ၎င်းတို့၏ ကိုယ်စားပြုမှုကိုလည်း ထည့်သွင်းစဉ်းစားပေးရ မည်ဖြစ်သည်။ နောက်တချက်အနေဖြင့် အထက်လွှတ်တော်သည် ပြည်နယ်များကိုကိုယ် စားပြုသည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သော်လည်း ပြည်နယ်များသည် လူမျိုးများဖြင့်

ဖွဲ့စည်းထားသည့်အတွက် အထက်လွှတ်တော်တွင်ကိုယ်စားပြုမှုကို လူမျိုးဘက်သို့ဇောင်းပေးသွားလျှင်၊ တပြည်နယ်အတွင်းနေထိုင်သော ကျန်လူမျိုးစုငယ်များ၏ ကိုယ်စားပြုမှုထိခိုက်နိုင်သည်။ ဥပမာ လက်ရှိတိုင်း ၇ တိုင်း ကို ဗမာပြည်နယ်အဖြစ်ဖွဲ့စည်းလိုက်သည်ဆိုပါစို့။ ထိုပြည်နယ်သည် ဗမာကိုယ်စားပြုပြည်နယ်ဖြစ်လာမည်။ တနည်းအားဖြင့် ဗမာလူမျိုးကိုကိုယ်စားပြုသည့်ပြည်နယ်ဖြစ်လာမည်။ ဤနေရာ၌ မိမိအနေဖြင့် တိုင်း ၇ တိုင်းကို ဗမာပြည်နယ်ဖွဲ့စည်းခြင်းအား ကန့်ကွက်နေခြင်းမဟုတ်ပါ။ အထက်လွှတ်တော်တွင်ကိုယ်စားပြုမှုကိုထောက်ပြလိုခြင်းသာဖြစ်သည်။ ဗမာပြည်နယ်သည် ဗမာလူမျိုးကိုကိုယ်စားပြုဖွဲ့စည်းသည်ဖြစ်၍ အထက်လွှတ်တော်ကိုယ်စားလှယ်ရွေးရာတွင် လူမျိုးဘက်ကိုဇောင်းပေးသွားပါက ဗမာပြည်နယ်အတွင်းနေထိုင်ကြသော ကရင်၊ မွန်၊ ချင်း နှင့်အခြားလူမျိုးတို့မှာ မည့်သည်အခါတွင်မျှ အထက်လွှတ်တော်တွင် ကိုယ်စားလှယ်ဖြစ်လာနိုင်တော့မည်မဟုတ်ပါ။ အခြားပြည်နယ် ၇ ခု တွင်လည်း ထိုနည်းလည်းကောင်းဖြစ်နိုင်ပေသည်။ နိုင်ငံသား မည်သူမဆို မိမိနေထိုင်ရာ ပြည်နယ်အား ကိုယ်စားပြု၍ အထက်လွှတ်တော်အတွက် အရွေးချယ်ခံခွင့်အခွင့်အရေးရှိသင့်သည်။ သို့မှလည်းပြည်ထောင်စု စိတ်ဓါတ်လူတိုင်းတွင်ကိန်းအောင်လာပြီး စုစည်းညီညွတ်မှုဆီသို့တူရှုသော ပြည်ထောင်စုကြီးဖြစ်လာပေမည်ဟု ယူဆသည်။

ပြည်ထောင်စုအထက်လွှတ်တော်တွင် လူဦးရေပေါ် အခြေပြုရွေးသည်ဖြစ်စေ၊ ပြည်နယ်များမှအညီအမျှရွေးပို့သည်ဖြစ်စေ၊ အထက်လွှတ်တော်အမတ်များသည် အထက်လွှတ်တော်တွင် ပြည်ထောင်စုတခုလုံးအကျိုးအတွက် စဉ်းစားဆောင်ရွက်သော ပြည်နယ်များမှရွေးချယ်စေလွှတ်သည် အမတ်များဖြစ်သင့်သည်။ အောက်လွှတ်တော် အမတ်များအနေဖြင့် ဥပဒေကြမ်းတရပ်ကို တင်သွင်းရာတွင် တိုင်းပြည်အကျိုးအတွက် ရည်ရွယ်သည်လည်း ဖြစ်နိုင်သည်၊ အစိုးရ အကျိုးအတွက်ရည်သည်လည်း ဖြစ်နိုင်သည်၊ ပါတီအကျိုးရည်ရွယ်သည်လည်း ဖြစ်နိုင်သည်၊ လူမျိုးတစု ဘာသာတခု အကျိုးအတွက် ရည်ရွယ်သည်လည်း ဖြစ်နိုင်သည်။ အထက်လွှတ်တော်ဖွဲ့သည့် ရည်ရွယ်ချက်မှာ ဥပဒေပြုရေးချိန်ခွင်လျှာထိန်းညှိရန်ဖြစ်သည်။ ထိုသို့ဖြစ်သည်နှင့်အညီ အထက်လွှတ်တော်အမတ်များသည် ဥပဒေပြုရာတွင် အစိုးရ ဘက်ဇောင်းပေးခြင်း၊ ပါတီဘက်ဇောင်းပေးခြင်းမပြုရန် လိုအပ်သည်။ ဆိုလိုသည်မှာ အထူးသဖြင့်နိုင်ငံရေးပါတီ၏ ဩဇာလွှမ်းမှုမှ ကင်းရှင်းသင့်သည်။ ထိုသို့ကင်းရှင်းရန်အလို့ငှာ နိုင်ငံရေးပါတီဝင်မဟုတ်သူများ၊ အစိုးရဝန်ထမ်း မဟုတ်သူများကိုသာ အထက်လွှတ်တော်အမတ်များအဖြစ် ရွေးချယ်သင့်သည်။ ဤထက်လွှတ်တော်သည်အမြဲတမ်းလွှတ်တော်ဖြစ်သင့်သည်။ တနည်းအားဖြင့် တဆက်တည်းဖြစ်စေရန် အမတ်ဦးရေ၏ ထက်ဝက် သို့မဟုတ် သုံးပုံတပုံကို ၂နှစ် တကြိမ် သို့မဟုတ် သုံးနှစ် တကြိမ်စသည်ဖြင့် အစားထိုးရွေးချယ်သင့်သည်။ သို့မှသာ အသစ်ရွေးချယ်ခံရသော ကိုယ်စားလှယ်နှင့်မူလရှိနေသောကိုယ်စားလှယ်တို့ လုပ်ငန်းများကို ဆက်စပ်လုပ်ကိုင်သွားနိုင်မည်ဖြစ်သည်။

အထက်လွှတ်တော်တွင် အောက်လွှတ်တော်နှင့်အညီအမျှ ဥပဒေပြုအာဏာရှိစေရမည့်အပြင် နိုင်ငံခြား တိုင်းပြည်များသို့ သံအမတ်စေလွှတ်ရန် ခန့်အပ်ရာတွင်လည်းကောင်း၊ အစိုးရဝန်ထမ်းရာထူးကြီးများ ခန့်အပ်ရာတွင်လည်းကောင်း၊ နိုင်ငံတော်တရားရုံးချုပ်တရားသူကြီးများခန့်အပ်ရာတွင်လည်းကောင်း၊ သမတ၊ ဒုသမတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်အမတ်များ၊ ကိုယ်ကျင့်သိက္ခာပျက်ပြားမှု (Impeachment)

အမှုကိစ္စပေါ်ပေါက်ပါက စုံစမ်းစစ်ဆေး ကြားနာခြင်းကိုလည်းကောင်း အထက်လွှတ်တော်သို့ ဆောင်ရွက်ခွင့်အာဏာ ပေးထားသင့်ပေသည်။

ရည်ညွှန်းစာအုပ်များ–


1- Vishnoo Bhagawn and Vidhya Bhushan, World Constitutions, Seventh Revised Edition, Starling Publisher Private Limited, New Delhi 110020
2- S.L. Kaelay M.A., World Constitutions Full View At A Glance, Fourteenth Edition, SUDHA Publications (p) Ltd. New Delhi.
3- United State Constitution, *http://www.uni-wuerzburg.de/law/us 00000_.html*
4- Constitution Act, 1867 (Formerly British North America Act) Founding document of the Dominion of Canada *http://pecan. srv.cs.cmu.edu/afs/cs.cmu.edu/user/ clamen/misc/politics/Canada/constitutions/README.html*
5- The Australian Constitution, *http://www.aph.gov.au/senate/ general/ constitution/ index.*
6- htmSwitzerland – Constitution, http://www.uni-wuerzburg.de/law/sz 00000_.html
7- P.M. Bakshi, The Constitution of India, Universal Law Publishing, Co. PVT. Ltd. (November 2001)
8- Switzerland–Constitution 1874, *http://www.uni-wuerzburg.de/law/sz 01000_. html*
9- *ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၊ (အနာဂတ်) ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (မူကြမ်း) ဖွင့်ဆိုချက်၊ အောက်တိုဘာလ၊ ၁၉၉၇ ခုနှစ်။*
10- *ဦးရွှေအုံး၊ တတိယပြည်ထောင်စုမြန်မာနိုင်ငံတော်သို့၊ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံသို့တင်ပြသော စာတမ်း၊*
11- *မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်း၍ ဒီမိုကရေစီအင်အားစုများ၏ သဘောထားနှင့်အကြံပြုချက်များ၊ ဒီဇင်ဘာလ ၂၀၀၁ ခုနှစ်။*
12- *ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇)*
13- *ပြည်ထောင်စု ဆိုရှယ်လစ် သမတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၁၉၇၄)*

ဖက်ဒရယ်ပြည်ထောင်စုရေးရာ

# အနာဂါတ်မြန်မာနိုင်ငံ ဖွဲ့စည်းပုံအပေါ် အမြင်သဘောထား

## ပဒိုမန်းရှာနှင့် တွေ့ဆုံမေးမြန်းခြင်း။

*မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ထုတ်ဝေသော အခြေခံဥပဒေရေးရာ စာစောင်တွင် ဖွဲ့စည်းပုံအခြေခံဥဒေနဲ့ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးစုတွေရဲ့ သဘောထားအမြင်တွေကို စဉ်ဆက်မပြတ် အပတ်စဉ်ဖေါ်ပြသွားနိုင်ရန် ရည်ရွယ်၍ တွေ့ဆုံမေးမြန်းသည့် အခန်းကဏ္ဍတခု ဖွင့်လှစ်ခဲ့ပါသည်။ ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာနှင့် တွေ့ဆုံမေးမြန်းချက်များကို ယခု ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် အခြေခံဥပဒေရေးရာ စာစောင် အမှတ် (၁၄) တွင် ထည့်သွင်း ဖော်ပြလိုက်ရပါသည်။*

**မေး – အနာဂါတ်ကာလ ငြိမ်းချမ်းတဲ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဓိကအခန်းကဏ္ဍကနေပါဝင်သလား၊ ဒါမှမဟုတ် ငြိမ်းချမ်းစွာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေက အဓိကမကျရင် အခြားဘာတွေက အဓိကကျသလဲဆိုတာ ဆရာ့အနေနဲ့ ရှင်းပြပေးစေချင်ပါတယ်။**

ဖြေ – ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းတဲ့ နိုင်ငံရေးပြောင်းလဲမှုမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဓိကပါဝင်နေသလားဆိုတဲ့ မေးခွန်းနဲ့ပါတ်သက်လို့ကတော့ တိုင်းပြည်မှာ ငြိမ်းချမ်းတဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ဖို့ဆိုယင် နိုင်ငံရေးအင်အားစု အသီးသီးရဲ့ အခြေခံစည်းလုံးညီညွှတ်မှုကို တည်ဆောက်ရမှာ ဖြစ်ပါတယ်၊ ဆွေးနွေးပြီးတော့ ညီညွှတ်မှုကို တည်ဆောက်ရမှာဖြစ်ပါတယ်၊ ကျွန်တော်တို့ ဒီအခြေခံနိုင်ငံရေးသဘောတူညီချက်တွေကိုယူဖို့လိုတယ်။ Guide line တွေချဖို့လိုပါတယ်၊ အဲဒီအပြီးမှာတော့ အဲဒါကို အာမခံနိုင်ဖို့အတွက် နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်းတရပ် အခိုင်အမာရှိရမယ်လို့ ယူဆပါတယ်၊ ဒါမှ ခုနတုန်းက ကျွန်တော်တို့သဘောတူညီချက်တွေ၊ Guide line တွေကို ကျွန်တော်တို့ အခိုင်အမာပြုနိုင်မှာဖြစ်ပါတယ်။ နောက် တိုင်းပြည်ရဲ့ တိုင်းရင်းသားအားလုံးနဲ့ ပြည်သူတရပ်လုံးရဲ့ အခြေခံအကျိုးစီးပွားကို အာမခံနိုင်မှာ ဖြစ်ပါတယ်။ ဒီအဓိပ္ပါယ်အရ

ဆိုရင်တော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းဟာ အရေးကြီးတယ်၊ အခြေခံကျတယ်လို့မြင်တယ်။

အာမခံတယ်ဆိုတဲ့ဥစ္စာက ကျွန်တော်တို့နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ၊ လူမျိုးအသီးသီးတွေကနေပြီး ကျွန်တော်တို့ ဒီနိုင်ငံရေးအရ သဘောတူညီချက်တရပ်ကို ကျွန်တော်တို့ရထားပြီးပြီ၊ ဥပမာ– ပင်လုံ **Agreement** လိုဟာမျိုးဆိုပါစို့၊ (၁၉၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲတုန်းက ဗိုလ်ချုပ်အောင်ဆန်းတို့ ချမှတ်ထားတဲ့ **Guide line** တွေရှိတယ်မဟုတ်လား၊ ဒါလဲ ပင်လုံ **Agreement** ကိုအခြေခံပြီး ချထားတဲ့ **Guide line** တွေပဲ၊ အဲဒီလိုဟာမျိုးတွေရပြီးတဲ့အခါမှာ တကယ်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေထဲမှာ အဲဒါတွေကို အာမခံချက်မရှိဘူးဆိုယင် ဒါဟာ ခိုင်ခိုင်မာမာ ဖြစ်လာမှာမဟုတ်ဘူး၊ ဒါကြောင့်မို့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အခြေခံကျတယ်လို့ ကျွန်တော်ဆိုလိုတာဖြစ်တယ်။

**မေး – ဆရာဆိုလိုတာက တိုင်းပြည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမရမီ နားလည်မှုတခု Agreement သဘောနဲ့ရှိရမယ် လို့ ဆိုလိုတာလား။**

ဖြေ – ဟုတ်တယ်၊ ရှိရမယ်၊ ဒါဟာတိုက်ရိုက်သွားလို့မရဘူးလို့ ကျွန်တော်ထင်တယ်။

**မေး – ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစောကဆရာပြောသလို အာမခံထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတခု ရှိရမယ်ဆိုတဲ့ အပေါ်မှာဘယ်လိုဖွဲ့စည်းပုံအခြေခံဥပဒေဟာ ကျွန်တော်တို့နိုင်ငံနဲ့ပိုပြီးသင့်တော်မလဲ၊ ဘယ်ဥစ္စာပိုပြီးတော့ ထိရောက်မှုရှိမလဲ၊ ဒါကိုလည်း ဆရာ့အမြင်တချက်ရှင်းလင်းစေလိုပါတယ်။**

ဖြေ – နိုင်ငံတကာအတွေ့အကြုံအရပဲဖြစ်ဖြစ်ပေ့ါလေ၊ ကျွန်တော်တို့ ဗမာပြည်အတွေ့အကြုံနဲ့ လက်ရှိအခြေအနေအရဖြစ်ဖြစ်၊ ဒီမိုကရေစီစနစ်ကိုအခြေခံတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးကို အကောင်အထည်ဖော်တာ အကောင်းဆုံးဖြစ်တယ်လို့မြင်တယ်။ အခုကမ္ဘာပေါ်မှာလည်း ဒီဟာက အအောင်မြင်ဆုံးဖြစ်မယ်လို့မြင်တယ်၊ ပြည်တွင်းမှာလည်းပဲ တိုင်းရင်းသားလူမျိုးတွေရဲ့ အခြေခံအကျိုးစီးပွားအားလုံး၊ ပြည်သူတရပ်လုံးရဲ့ အခြေခံအကျိုးစီးပွားအားလုံးကို အကောင်းဆုံး အာမခံ နိုင်တာကလည်း ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ပဲလို့ ကျွန်တော်တို့မြင်တယ်။ ဒါကြောင့်မို့ အဲဒီဖွဲ့စည်းပုံအခြေခံ ဥပဒေမျိုးပဲ ဖြစ်ရမယ်။

**မေး – ဒီမိုကရေစီစနစ်ကို အခြေခံတဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ဆိုတော့ ကျွန်တော်တို့ (၁၉၄၇) ခုနှစ် တုန်းကရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆက်လက်ပြီး အသုံးပြုသွားလိုပါသလား။ အဲဒီအပေါ်မှာ ဆရာ့ရဲ့သဘောထားတွေ တချက်သိပါရစေ။**

ဖြေ – အမှန်မှာကတော့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတာပါပဲ။ သို့သော်လည်း သူကသမိုင်းမှာကျန်နေခဲ့ပြီဖြစ်ပါတယ်။ နောက်ပြီးတော့လည်း သူ့ရဲ့အားနည်းချက်က အထိုက်အလျောက်ရှိနေတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့ကတော့ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်အသုံးပြုသွားဖို့ ရည်ရွယ်ချက်မရှိတော့ဘူး။

မေး – (၁၉၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေက ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတာ တော့မှန်တယ်။ ဒါပေမဲ့ အားနည်းချက်တွေရှိနေတယ်ဆိုတော့ ကျွန်တော်တို့ အဲဒီ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပဲ ပြင်ဆင်ချက်တွေ၊ ဖြည့်စွက်ချက်တွေထပ်ထည့်ပြီး ကျင့်သုံးမယ်ဆိုယင်ကော ဆရာ့အနေနဲ့ ဘယ်လိုသဘောထားရှိပါသလဲ၊

ဖြေ – ကျတော်တို့မြင်တာကတော့ (၁၉၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ချက်၊ ဖြည့်စွက်ချက်တွေနဲ့သွားတာထက် ဒီနေ့အခြေအနေနဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကျွန်တော်တို့ထပ်ပြီးရေးဆွဲတာက ပိုပြီးကောင်းတယ်လို့ထင်တယ်။

မေး – အဲဒီတော့ ဆရာကျွန်တော်တို့ အဲလိုမျိုးအသစ်ရေးဆွဲတဲ့အခါမှာလဲ အစောက ဆရာပြောခဲ့သလို ဒီမိုကရေစီနဲ့ဖက်ဒရယ်ကို အခြေခံတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးမယ်ဆိုယင်တော့ ဘယ်လိုပုံစံနဲ့များလို့ ဆရာစဉ်းစားထားတာရှိသလဲ။ ဘယ်လို အတည်ပြု မလဲ၊ ဘယ်လိုရေးဆွဲမလဲကို သိချင်ပါတယ်။

ဖြေ – ဒါကိုကျွန်တော်တို့ရေးဆွဲတဲ့အခါမှာတော့ ပထမအနေနဲ့ တိုင်းရင်းသားလူမျိုးများအားလုံး၊ နိုင်ငံရေးပါတီအားလုံးကနေပြီးတော့ သူတို့ဒီမိုကရေစီနဲ့ ဖက်ဒရယ်ကိုသွားဖို့ဆိုတဲ့ အခြေခံသဘောတူညီချက်တရပ်ရှိဖို့ လိုအပ်ပါတယ်။ အဲဒါအပြီးမှာတော့ ကျွန်တော်တို့အနေနဲ့က **Guide line** တွေချဖို့လိုပါတယ်။ **Guide line** ဆိုတာကတော့ အမျိုးသားညီလာခံတရပ်မှာဖြစ်မယ်လို့ထင်တယ်၊ တိုင်းရင်းသားလူမျိုးစုအားလုံးပါဝင်တဲ့ အမျိုးသားညီလာခံတရပ်ကျင်းပရမယ်လို့မြင်တယ်။ အဲဒီညီလာခံကနေပြီးတော့ ဒီ **Guide line** တွေချရမယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မတီတရပ်ကို ဖွဲ့စည်းရမယ်။ ပြည်နယ်တွေကို ကျွန်တော်တို့ဘယ်လို နယ်နိမိတ်သတ်မှတ်မလဲဆိုတဲ့ ကိစ္စတွေရှိတယ်။ ဒါတွေအတွက်လည်း ကျွန်တော်တို့စုံစမ်းရေးကော်မရှင်ဖွဲ့ဖို့လိုအပ်မယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတွေ၊ နောက်ပြီးတော့ စုံစမ်းရေးကော်မရှင်တွေကနေပြီးတော့ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ခုဖြစ်ပေါ်လာဖို့အတွက် ကျွန်တော်တို့ ကြိုးစားရမှာဖြစ်တယ်။ အဲဒါပြီးမှတိုင်းရင်းသားလူမျိုးစု အသီးသီးပါဝင်တဲ့ အစည်းအဝေးတရပ်ကိုတင်ပြပြီးတော့ သူတို့ရဲ့အတည်ပြုချက်ကို ကျွန်တော်တို့ယူရမယ်။ ပြီးမှလူထုဆန္ဒခံယူပွဲ (**Referendum**) ကိုသွားရမယ်ထင်တယ်။ ကျွန်တော်တို့ဒီ **Procedure** အတိုင်းသွားတာ ပိုကောင်းတယ်လို့ ကျွန်တော်မြင်တယ်။ ခုနကျွန်တော်ပြောတာက ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေကိုပြောတာဖြစ်ပါတယ်။ နောက်တပိုင်းကတော့ ပြည်နယ် (**State constitution**) နဲ့ပတ်သက်တဲ့အပိုင်းပေ့ါ။ ကျွန်တော်တို့ဟာ **Federalism** ကို သွားတဲ့အခါမှာ ပြည်နယ်တိုင်းမှာတော့ သူတို့ **Self-Determination** ရှိရမယ်။ **Self-Determination** ဆိုတဲ့အခါကျတော့ သူတို့အနေနဲ့ကသူတို့ **State** ရဲ့ **Constitution** ကိုသူတို့ဖာသာ သူတို့ရေးဆွဲရမယ်။ တခုရှိတာက သူတို့က ကိုယ့်ဟာကို **State Constitution** ကိုရေးဆွဲတဲ့အခါမှာတော့ **Democracy** နဲ့ **Federalism** ကိုအခြေခံရမှာ ဖြစ်ပါတယ်။ ဒါနဲ့ကင်းကွာပြီး ရေးဆွဲလို့မဖြစ်ဘူး။

ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတဲ့အခါမှာ **Guide line** တွေကိုပဲ

အခြေခံ ရမှာ ဖြစ်တယ်။ **Constitution** ရေးဆွဲတဲ့အခါမှာ **Federal Constitution** ရေးဆွဲရေးကဏ္ဍတခုရှိတယ်၊ **State Constitution** ရေးဆွဲတဲ့ ကဏ္ဍတခုရှိတယ်။ **Federal Constitution** ရေးဆွဲတဲ့အခါမှာတော့ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်အသီးသီး ပါဝင်တဲ့ ကိုယ်စားလှယ်တွေ ရေးဆွဲတာဖြစ်မယ်။ သို့သော်လည်းပဲ သူ့ **State** အလိုက် **Constitution** ရေးဆွဲတာကတော့ အဲဒီပြည်နယ် အတွင်းမှာရှိတဲ့ သူတို့ ကိုယ်စားလှယ် အနေနဲ့ပဲ ရေးဆွဲတာဖြစ်မယ်လို့ပဲမြင်တယ်။

ဒါကကျွန်တော်တို့ အာဏာခွဲဝေမှု **Division of Power** ပေါ့။ **Federal** မှာ **Power** ဘယ်လောက်ယူထားမလဲ၊ ဆိုတဲ့ကိစ္စကတော့ ဥပမာအားဖြင့် နိုင်ငံခြားရေး၊ ဘဏ္ဍာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကာကွယ်ရေးတို့လိုဆိုယင် ဗဟိုကနေပြီးတော့ယူထားတဲ့ အာဏာအစိတ်အပိုင်းတွေရှိမယ်။ အဓိကအားဖြင့် ပြည်ထောင်စု အစိုးရ၊ ပြည်နယ်အစိုးအကြား အာဏာခွဲဝေပေးအပ်လိုက်တဲ့ပေါ်မှာ အခြေခံပြီးတော့ ရေးဆွဲရမယ်ထင်တယ်။ နောက်ပြီးတော့ ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွေကလည်း ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ အဆက်အစပ်ရှိရမယ်လို့ ကျွန်တော်မြင်တယ်။ အဆက်အစပ်မရှိဘဲနဲ့တော့လည်း မဖြစ်ဘူး၊ မသင့်လျော်ဘူးလို့ကျွန်တော်အကြမ်းဖျင်း အဲလိုပဲမြင်တယ်။

ကျွန်တော်တို့ဟာ ဖက်ဒရယ်ကိုသွားမယ်ဆိုယင် ပြည်နယ်ပေါင်းစုပြည်ထောင်စုပဲဖြစ်ရမယ်။ ပြည်နယ်ပေါင်းစုပြည်ထောင်စုဆိုတော့ တိုင်းရင်းသားလူမျိုးစု အသီးသီးက အမျိုးသားကို အခြေခံပြီးတော့ ပြည်နယ်ဖွဲ့မယ်ဆိုယင်တော့ ဗမာအမျိုးသားတွေမှာလည်း ပြည်နယ်တခုရှိရမယ်။ ပြည်နယ်တွေက ကြီးတာငယ်တာတွေရှိမယ်။ တချို့ပြည်နယ်တွေက တော်တော်အရွယ်အစား သေးငယ်လိမ့်မယ်။ ဥပမာ– လူဦးရေအနေနဲ့ ဆယ်ဆလောက်ကွာနိုင်တာရှိမယ်။ ဘယ်လိုပဲကွာကွာကိစ္စမရှိဘူး၊ ကျွန်တော်တို့က ဒါအမျိုးသားအနေနဲ့ ပြည်နယ်ခွဲပြီးတော့ ပြည်နယ်ပေါင်းစု ပြည်ထောင်စု တည်ဆောက်မယ်ဆိုယင် လူမျိုးကြီးလည်း ပြည်နယ်တခုပဲဖြစ်ရမယ်။ ဒါမှ ကျွန်တော်တို့ **Equality** ဆိုတဲ့ လူမျိုးတိုင်း တန်းတူရေးဖြစ်မယ်လို့ ကျွန်တော်မြင်တယ်။ ဒါကြောင်မို့ ပြည်နယ်ပေါင်းစု ပြည်ထောင်စုစနစ်သွားမယ်ဆိုယင် ဗမာတွေအနေနဲ့လည်း ပြည်နယ်တခုရှိရမယ် လို့မြင်တယ်။ အရင်တုန်းက ရုရှား ဖက်ဒရေးရှင်းဆိုယင် လူအများဆုံးပဲ။ အချိုးအစားတော်တော်ကွာတယ်။ ဘောလ်တစ်ကမ်းခြေမှာရှိတဲ့ ပြည်နယ်လေးတွေနဲ့ နှိုင်းယှဉ်မယ်ဆိုယင် အချိုးအစား အရွယ်အစား တော်တော်ကွာတယ်။ အဆနှစ်ဆယ်၊ သုံးဆယ်လောက်တောင်ကွာမယ်ထင်တယ်။ သို့သော်လည်းသူလည်းပြည်နယ် ကိုယ်လည်းပြည်နယ်လေးပဲ။ ဒါပေမဲ့ ရုရှားဆိုယင် ရုရှားဖက်ဒရေးရှင်းအနေနဲ့ သွားရတာရှိတယ်။ ဒီလိုပုံစံနဲ့သွားတာကောင်းတယ်လို့မြင်တယ်။ နောက်ပြီး အထက်လွှတ်တော်၊ အောက်လွှတ်တော်နဲ့ ပတ်သက်တဲ့ကိစ္စကတော့ တချို့ပြည်နယ်မှာ လွှတ်တော် နှစ်ရပ်ရှိလိမ့်မယ်။ ပြည်ထောင်စုမှာ လွှတ်တော်နှစ်ခုရှိသလို အချို့ပြည်နယ်မှာလည်း လွှတ်တော်နှစ်ခုရှိလိမ့်မယ်။ တချို့ပြည်နယ်မှာ လွှတ်တော်တခုသာရှိတာလည်းရှိကောင်းရှိနိုင်တယ်၊ ဒါက ပြည်နယ်တခုနှင့်တခု **Constitution** နည်းနည်း ကွာတယ်။

**မေး – ဖက်ဒရယ်ပါလီမန်မှာ ဘယ်လိုအထက်လွှတ်တော်ကို ဘယ်လိုဖွဲ့စည်းသင့်ပါသလဲ ။**

ဖြေ – အဲဒါကတော့ အထက်လွှတ်တော်ကတော့ ပြည်နယ်အသီးသီးမှာရှိတဲ့ ကိုယ်စားလှယ်တွေအချိုးတူပါဝင်ဖွဲ့စည်းမယ့်ပြည်နယ် ဥပမာ– ပြည်နယ်တခုမှာ ဆယ်ယောက်ဆိုယင်

ဆယ်ယောက်ပေါ့။ သူကတော့ အထက်လွှတ်တော်ကို သွားလိမ့်မယ်၊ နောက်တခု ကပြည်သူလူထုရဲ့ မဲဆန္ဒနယ်တွေကို အခြေခံပြီးတက်လာတဲ့ကိုယ်စားလှယ်များနဲ့ အောက်လွှတ်တော်ကို ဖွဲ့စည်းရမယ်။ အထက်လွှတ်တော်ရဲ့ အာဏာ၊ အောက်လွှတ်တော်ရဲ့အာဏာ ဘယ်လိုခွဲဝေမလဲ ဆိုတာကတော့ ဖွဲ့စည်းပုံနဲ့ပဲဆိုင်တယ်။ ဒါပေမဲ့ Check and Balance ဖြစ်အောင်တော့ ကျွန်တော်တို့ နည်းနည်းစီမံထားဖို့ လိုလိမ့်မယ်လို့မြင်တယ်။

**မေး – အောက်လွှတ်တော်မှာ ဗမာကိုယ်စားလှယ်ကများတယ်၊ အထက်လွှတ်တော်မှာ တန်းတူဖြစ်မယ်။ ဒီလိုဆိုယင် ဗမာက အများကြီး၊ ဗမာပြည်မှာ သုံးပုံနှစ်ပုံဆိုတော့ သူတို့က အဲဒါကိုလက်ခံမလား၊ ကျန်တဲ့လူနဲ့တန်းတူ ဒီရှုထောင့်ကို လက်မခံဘူးဆိုယင် ပြဿနာတက်လိမ့်မယ်၊ အခု (၁၉၄၇) ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အထက်လွှတ်တော်မှာ တန်းတူမဟုတ်ဘူး။ ကျွန်တော်ထင်တယ် (၅၂) နေရာက ဗမာ ကျန်တဲ့လူက နည်းနည်းဆိုတော့ ဒီလိုမျိုးမလိုချင်ဘူးလား၊ အားလုံးအတူတူပဲ။**

ဖြေ – အထက်လွှတ်တော်အတွက် ပြည်နယ်တခုမှာဆယ်ယောက်ဆိုယင် ဆယ်ယောက်စီနဲ့ တန်းတူရည်တူ ကျွန်တော်တို့သွားမယ်။

**မေး – နောက်ပြီး ဖက်ဒရယ်အစိုးရလုပ်တဲ့အခါမှာရော ဘယ်လိုဖြစ်မလဲ။**

ဖြေ – ဖက်ဒရယ်အစိုးရဖွဲ့တဲ့အခါ ပါတီစုံရွေးကောက်ပွဲရဲ့ ရလာဒ်ကို အခြေခံပြီးဖွဲ့ရမှာဘဲ။

**မေး – အဲဒီ Balance ထိန်းညှိတဲ့အခါက အစိုးရဖွဲ့တဲ့အခါမှာ တိုင်းပြည်တိုင်းမှာ အောက်လွှတ်တော်ဖွဲ့တယ်။ ဆိုတော့ အောက်လွှတ်တော်မှာ ဗမာလူမျိုးပြန်များသွားပြီ၊ ဖက်ဒရယ်အစိုးရမှာ သူတို့ Check လုပ်နိုင်တယ်။ အောက်လွှတ်တော်မှာ ပါတီတွေသိပ်များတယ်ဆိုယင် ဗမာဆိုယင် သူတို့အစိုးရဖွဲ့လို့ရတယ်။ ဒီလိုဆိုရင် တိုင်းရင်းသားက ဟိုမှာ Representative မရှိတော့ဘူးပေါ့။ အဲဒါကိုဘယ်လိုလုပ်ချင်လဲ။**

ဖြေ – ပါတီစုံစနစ်နဲ့သွားတဲ့အခါကျတော့ အနိုင်ရတဲ့နိုင်ငံရေးပါတီက အစိုးရဖွဲ့ သွားတာပဲ။ ဒါပေမဲ့ သူကတော့ အမြဲတမ်းတော့မဟုတ်ဘူးပေါ့။ သူရှုံးတာလဲရှိမယ်၊ သူနိုင်တဲ့အခါ အစိုးရဖွဲ့မယ်။ ကျန်တဲ့သူနိုင်တဲ့အခါ ကျန်တဲ့သူဖွဲ့သွားမှာ ဖြစ်တယ်။ အရေးကြီးတာကတော့ State ပဲ။ လူဦးရေအချိုးအစား တဖက်စောင်းနင်းမဖြစ်အောင်တော့ ကျွန်တော်တို့ ထိန်းညှိပေးရမယ်လို့ထင်တယ်။

**မေး – ဒီလိုဆိုတော့ဆရာက ဖက်ဒရယ်အစိုးရလုပ်ဖို့အတွက် အောက်လွှတ်တော်က လုပ်မယ်ဆို၊ ဒါကိုသဘောတူတယ်ဆိုတော့ အဲဒီမှာမဲပေးတာက သူတို့အစိုးရဖွဲ့မယ်ဆိုတဲ့မူပေါ်လာမယ်၊ အဲဒီအတွက်ကျွန်တော်တို့ ဒီ Ethnic ကိုကျတော်တို့ လူမျိုး၊ တိုင်းရင်းသားကိုကာကွယ်ဖို့အတွက် ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ တခုခုမထည့်ရေးဘူးလား။**

ဖြေ – ဒါကတော့ ကျွန်တော်တို့ စဉ်းစားသင့်တာပေါ့၊ ဥပမာ အစိုးရအဖွဲ့အစည်းတခုခုကို

အောက်လွှတ်မှာ နော်မနိတ် (Nominate) လုပ်တယ်ဆိုပါစို့။ နိုင်ငံရေးပါတီတခုက ရွေးကောက်ပွဲမှာနိုင်သွားပြီ၊ နိုင်သွားတဲ့အခါကျတော့ သူတို့အနေနဲ့ အောက်လွှတ်တော်မှာ နော်မနိတ် (Nominate) လုပ်ပြီးပြီး။ သို့သော်လည်း သူက Approve လုပ်တဲ့အခါမှာတော့ လွှတ်တော်နှစ်ရပ်ပေါင်းပြီးလုပ်တာက ပိုပြီးသင့်လျော်မယ်လို့ထင်တယ်။ ဒါကတော့ အကြမ်းဖျင်းကျွန်တော်အဲလိုပဲ မြင်တယ်။ ဒါမှ လွှတ်တော် နှစ်ရပ်ရဲ့ အင်အား၊ ကျောထောက်နောက်ခံထားနိုင်မှာဖြစ်တော့ သူ့အစိုးရက ပိုခိုင်မာမယ်။

ဗမာပြည်မှာတော့ လူမျိုးအခြေခံတဲ့ပြည်နယ်တွေကို ကျွန်တော်တို့ တည်ဆောက်သင့်တယ်လို့မြင်တယ်။ နောက် အခြေခံမူ Principle နဲ့ပတ်သက်လို့ကတော့ ပြည်နယ်ပေါင်းစု ပြည်ထောင်စုပဲဖြစ်ရမယ်။ ဖြစ်သင့်တယ်လို့မြင်တယ်။ နောက်တခုကတော့ ကျွန်တော်တို့ဒီ (၈) ပြည်နယ်ဆိုတဲ့အသုံးအနှုန်းကို သုံးထားတာရှိတယ်။ ကျွန်တော်တို့က အဲဒီအသုံးအနှုန်းကိုမကြိုက်ဘူး။ အဲဒီ (၈) ပြည်နယ်ကို သုံးနှုန်းထားတဲ့ သူတွေက ဘာပြောလဲဆိုယင် (နဝတ) (နအဖ) ကနေ ပြီးတော့ အခုထက်ထိ တိုင်းရင်းသားလူမျိုးစုတွေကအားလုံး (၁၃၆) မျိုးရှိတယ်ဆိုတော့ပြည်နယ် (၁၃၆) ခုပေးရမှာလားဆိုပြီးအဲလိုပြောတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီဘက်က လက်ဆုပ်လက်ကိုင်ရှိသင့်တယ် ဆိုပြီးတော့ ဘာညာပြောတာ တွေရှိတယ်။ သို့သော်လည်းပဲ ကျွန်တော်က ဒါဟာ အဓိကပြောစရာမလိုဘူးလို့မြင်တယ်။ အရေးကြီးတာကတော့ ကျွန်တော်တို့ပြည်နယ်ပေါင်းစု ပြည်ထောင်စုဖွဲ့တဲ့ အခါမှာ (နဝတ) ပြောသလို အကွင်းမဲ့ပေါ့လေ၊ ဥပမာ– ကရင်မှာဆိုရင် မျိုးနွယ်စုလေးငါးမျိုးရှိတယ်ဆိုပါစို့။ အားလုံးကကရင်တွေချည်းပဲ။ ကရင် ပြည်နယ်ထောင်လိုက်ရင် အားလုံးပြည့်စုံသွားပြီ။ ချင်းမှာ ငါးဆယ်ခြောက်ဆယ်ရှိတယ်။ ချင်းပြည်နယ်ထောင်လိုက်ရင်တော်ပြီ။ အဲဒီ အပြင်ရှမ်းပြည်နယ်လည်း အလားတူပဲ ဆိုလိုတာက တမင်သက်သက် ပြည်နယ်ပေါင်းစုပြည်ထောင်စုကို သွားဆန့်ကျင်တဲ့အခါကျတော့ လူမျိုး (၁၃၆)မျိုးရှိတယ်။ ဘယ်လိုလုပ်မှာလဲ ရှုပ်ကုန်မယ်၊ ကွဲကုန်မယ် စသည်ဖြင့် အကုန်လုံးလျှောက် ပြောကြတယ်။ သူတို့ကို ချေပဖို့အတွက် ကျွန်တော်တို့ရှိသင့်တဲ့ အတိအကျ သတ်မှတ်ထားဖို့လဲ မလိုဘူးလို့ ကျွန်တော်ထင်တယ်။ လက်တွေ့ ကျွန်တော်တို့ အခြေအနေပေါ်မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့အခါမှာ အကယ်၍ လိုအပ်ရင် (၁၀) ပြည်နယ်ဖြစ်ရင်ဖြစ်မယ် (၁၁) ပြည်နယ်ဖြစ်ရင်လည်းဖြစ်မယ် (၁၂) ပြည်နယ်ဖြစ်ရင်လည်း ဖြစ်မယ်။ ဒါကလိုအပ်တဲ့အပေါ်မှာ ကျွန်တော်တို့လူမျိုးကို အခြေခံတဲ့ ပြည်နယ်ပေါင်းစု ပြည်ထောင်စုသွားရင်ပြီးတာပဲ။ နောက်အရေးကြီးတဲ့ ကိစ္စတခုက ဗမာလူမျိုးတွေနစ်နာမလားဆိုတဲ့ ကိစ္စဖြစ်တယ်။ ပြည်ထောင်စုစနစ်ကို သွားတဲ့အခါကျတော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုအားလုံးက မနစ်နာဘူးလို့မြင်တယ်။ အခွင့်ထူးခံတာတော့ရှိမှာမဟုတ်ဘူး။ သို့သော်လည်းဘဲ ကိုယ့်အခြေခံ အမျိုးသားအခွင့်အရေးကိုတော့ အခြေခံအားဖြင့် ထိန်းသိမ်းထားနိုင်မယ်လို့မြင်တယ်။ ဥပမာ– ဗမာလူမျိုးတွေဟာ ဗမာတွေ အများစုနေထိုင်တဲ့ ဒေသအားလုံးမှာ ဗမာပြည်နယ်ထဲမှာပါသွားတယ်။ နောက်ပြီး ဗမာလူမျိုးတွေကိုယ်၌က သူ့မှာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကို ဖန်တီးခွင့်ရှိတယ်ဆိုရင် ဒါကတော့ သူတို့အောင်မြင်မှုရှိပြီလို့ ကျွန်တော်မြင်တယ်။ ထို့နည်းတူစွာ ရှမ်း၊ ကရင်တို့လဲ ဒီအတိုင်းပဲ။ ဥပမာ– ကရင်ပြည်နယ်ဆိုရင် လူဦးရေ (၁) သန်းလောက်ရှိမယ်။ ကရင်ပြည်နယ်အပြင်ဘက်မှာရှိတဲ့ လူဦးရေက (၄–၅) သန်းလောက် ရှိတယ်။ အဲလိုဖြစ် နေတဲ့အခါကျတော့ ဒါကျွန်တော်တို့ ကရင်တွေဆိုရင် အများကြီး ကျွန်တော်တို့စဉ်းစားတယ်။ ဥပမာ ကရင်

ပြည်နယ်ထောင်တဲ့အခါမှာ ကရင်အများစုဟာ ကရင်ပြည်နယ်ထဲမှာ မရှိတဲ့အခါကျတော့ ကရင်လူမျိုးစုရဲ့ အခြေခံအခွင့်အရေးကို ဘယ်လိုထိန်းသိမ်းကာကွယ်မလဲဆိုတဲ့ ကိစ္စရှိမယ်။ သို့သော်လည်းပဲ ဖွဲ့စည်းပုံတခုလုံးက ဒီမိုကရေစီနဲ့ ဖက်ဒရယ်လစ်ဇင်ကိုဘဲသွားမယ် တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ အခြေခံအခွင့်အရေးတွေကို အာမခံမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့က ကရင်လူမျိုးအားလုံးက ကရင်ပြည်နယ်ထဲမှာမပါသည့်တိုင်အောင် အခြေခံအခွင့်အရေးကို ထိန်းထားနိုင်ရင်တော်ပြီ။ ဒီအခြေခံနဲ့ ကျွန်တော်တို့ တဖြေးဖြေး တိုင်းရင်းသားလူမျိုးစုအသီးသီးကလည်း ကိုယ့်အမျိုးသားအခွင့်အရေးတွေ ပိုမိုခိုင်မြဲလာအောင် ကြိုးစားသွားမယ်။ တချိန်ထဲမှာပဲ အပြန်အလှန်ကူညီပြီး နားလည်မှုနဲ့သွားမယ်ဆိုရင် တိုင်းပြည်အတွက် ကောင်းမယ်လို့ ကျွန်တော်မြင်တယ်။ ဒါကြောင့်မို့ ပြည်နယ်တွေဖွဲ့တဲ့အခါမှာတော့ အရေအတွက်အရ လူမျိုးများသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ဘယ်သူမှမနစ်နာဘူးလို့မြင်တယ်။ ဖက်ဒရယ်စနစ်က အဲ့ဒါတွေမနစ်နာအောင် အာမခံထားတယ်လို ကျွန်တော်မြင်တယ်။

**မေး – နောက်တခုသိချင်တာက ဖွဲ့စည်းပုံနဲ့ပတ်သက်လို့ပေါ့လေ၊ နအဖ၊ နဝတတို့ လက်ထက်မှာ ရေးဆွဲတဲ့ဖွဲ့စည်းပုံလည်းရှိပြီး၊ နောက်ပြီး ၁၉၄၇–၇၄ ဖွဲ့စည်းပုံလည်းရှိတယ်။ ဒီတော့ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ NLD ပါတီရော၊ ဒီဘက်မှာရှိတဲ့ တိုင်းရင်းသားလူမျိုးစုတွေအားလုံး ပူးပေါင်းပါဝင်ပြီးတော့ ဘယ်လိုဖွဲ့စည်းပုံကမြန်မာနိုင်ငံအတွက် အကောင်းဆုံးဖြစ်မယ်လို့ထင်သလဲ။**

ဖြေ – ဟုတ်ကဲ့၊ ကျွန်တော်တို့ဒီ ၁၉၉၀ ခုနှစ်၊ မေလရွေးကောက်ပွဲနဲ့ပတ်သက်လို့ကတော့ ကျတော်မြင်တာ ဒီရွေးကောက်ပွဲရဲ့ရလဒ်ကို အကောင်အထည်ဖော်သင့်တယ်လို့ ထင်တယ်၊ ဆယ်နှစ်ကြာသည်ဖြစ်စေ၊ ဆယ့်ငါးနှစ်ကြာသည်ဖြစ်စေ၊ ဘာမှမလုပ်ရသေးဘူး ဆိုယင် မှချကို အကောင်အထည်ဖော်ရမှာဖြစ်တယ်။ အထူးသဖြင့်လွှတ်တော်အစည်း အဝေးကိုခေါ်ပြီးတော့ ဖော်ကိုဖော်ရမယ်လို့ထင်တယ်။ မဟုတ်ရင်တော့ ကျွန်တော်တို့ ခြေလှမ်းဟာ တခြားဘက်ကို ရောက်သွားနိုင်တယ်၊ ဒါကြောင့်မို့ အခုဆိုယင် ကျွန်တော်တို့ အနေနဲ့ ပထမအချက်အနေနဲ့ အမျိုးသားရွေးကောက်ပွဲရဲ့ ရလဒ်ကို ဖော်သင့်တယ်။ နောက်တချက်က ဘယ်လိုဖွဲ့စည်းပုံဟာ နိုင်ငံအတွက်လိုအပ်ပါသလဲဆိုတာတော့ ကျွန်တော်တို့အနေနဲ့ ပြောပြီးသားဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်စနစ် ဖွဲ့စည်းပုံကိုပဲ ရွေးရမှာဖြစ်ပါတယ်။ အကယ်၍ မေလရွေးကောက်ပွဲရဲ့ရလဒ်ကို အခြေခံပြီးတော့ လွှတ်တော်အစည်းအဝေး ခေါ်မယ်။ National Convention ခေါ်မယ် နောက်ပြီး ဖွဲ့စည်းပုံရွေးမယ်ဆိုရင်တော့ ဒီမိုကရေစီ ဖက်ဒရယ်စနစ်ကို အခြေခံပြီးတော့ ရေးရမှာပဲ။

**မေး – အဲဒီတော့ တဆက်တည်းမှာပဲ ဒီစစ်တပ်ကနေပြီးတော့ ဖွဲ့စည်းပုံရေးဆွဲရေးမှာပါဝင်ပြီး သူတို့ကျင်းပတဲ့ညီလာခံကိစ္စ ရပ်တွေမှာ အနာဂတ်ဖွဲ့စည်းပုံမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍဟာ ၂၅ ရာခိုင်နှုန်းပါဝင်ရမယ်ဆိုတဲ့သဘောရှိတယ်လေ။ အဲဒီ အပေါ်မှာ ဆရာ့အနေနဲ့ ဘယ်လိုမြင်လဲ။**

ဖြေ – ဟုတ်ကဲ့၊ တပ်မတော်အနေနဲ့ကတော့ ဒီအမျိုးသားနိုင်ငံရေးမှာ တပ်မတော်ရဲ့ ဦး

ဆောင်မှု အခန်းကဏ္ဍကပါဝင်ရမှာတို့၊ နောက်ပြီး ၂၅ ရာခိုင်နှုန်း လွှတ်တော်မှာရော အစိုးရအဖွဲ့ထဲမှာပါဝင်တဲ့တောင်းဆိုချက်ကို ကျွန်တော်တို့ လက်ခံနိုင်စရာမရှိဘူးလို့မြင်တယ်။ ဒါဟာ ဒီမိုကရေစီအခြေခံကျင့်စဉ်နဲ့လည်း မကိုက်ပါဘူး။ တပ်မတော်ဟာ အမှုထမ်းအနေနဲ့ပဲ ရိုးရိုးရပ်တည်သွားဖို့၊ အခြားဒီမိုကရေစီနိုင်ငံတွေလိုပဲ ရိုးရိုးအမှုထမ်းအနေနဲ့ပဲ ရပ်တည်သွားဖို့လိုမယ်ထင်တယ်။ အဲလိုလုပ်တာ သူတို့အတွက်ပိုပြီး ဂုဏ်သိက္ခာရှိလိမ့်မယ်လို့မြင်တယ်။ အခု တပ်မတော်က နိုင်ငံရေးကိုလုပ်ကြည့်တယ်၊ ဒါပေမဲ့ လက်တွေ့မှာ သူတို့လုပ်လို့ မရဘူး။ မနိုင်မနင်းဖြစ်နေတယ်။ အခု National Convention သူတို့လုပ်တယ်။ တပ်မတော်ရဲ့အခန်းကဏ္ဍဟာ ဘယ်လိုပါဝင်မလဲ၊ အခြေခံရမည့်မူတွေကိုလည်း သူတို့ ရေးဆွဲပြဋ္ဌာန်းတာရှိတယ်။ အခုဆိုယင် National Convention ကို ဘယ်လိုပြန်ကောက်ရမလဲဆိုတာတောင် မသိတော့ဘူး။ အဲလိုဖြစ်တဲ့အခါကျတော့ တပ်မတော် အနေနဲ့ကတော့ နိုင်ငံရေးမှာ သူတို့မပါဝင်တာကောင်းတယ်။ သူတို့ အမှုထမ်းအနေနဲ့ပဲ သွားတာကောင်းတယ်။ နိုင်ငံရေးမှာပါသင့်တဲ့ ပုဂ္ဂိုလ်တွေက နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသား ကိုယ်စားလှယ်တွေဘဲဖြစ်တယ်။ တကယ်လို့ တပ်မတော်ဟာ နိုင်ငံရေးမှာ ပါဝင်မယ် ဆိုယင် တိုက်ရိုက် (Direct) ထက် အင်ဒါရိုက် (Indirect) သွားတာကောင်းတယ်။ ဥပမာ– ကျတော်တို့ ဒီမဲဆန္ဒနယ်ပေးတဲ့အခါမှာ သူတို့ပေးနိုင်တယ်။ နောက်ပြီး အစိုးရအဖွဲ့ရဲ့လုပ်ငန်းမှာ အစိုးရတွေကို အထောက်အကူပေးနိုင်တယ်။ တိုင်းပြည်ရဲ့ လုံခြုံရေး၊ ကာကွယ်ရေးတွေအတွက် သူတို့ အစိုးရချမှတ်ထားတဲ့အတိုင်း လုပ်နိုင်တယ်။ ဒါတွေကသူတို့နိုင်ငံရေးမှာ တနည်းနည်းနဲ့ ပါဝင်တာဖြစ်တယ်။ ဒီအခန်းကဏ္ဍလောက်ပါတာပဲကောင်းတယ်။ မဟုတ်ရင် ဒီတပ်မတော်အနေနဲ့ ကြီးကြီးကျယ်ကျယ်တက်ပြီးတော့ နိုင်ငံရေးပါတီတွေလုပ်ရင်း သူတို့မလုပ်နိုင်တဲ့အလုပ်ကိုတက်လုပ်ယင် တိုင်းပြည်နစ်နာတယ်လို့မြင်တယ်။ အခု နှစ်ပေါင်း ငါးဆယ် တိုင်းပြည် နစ်နာတာလည်း တပ်မတော်နိုင်ငံရေးတက်လုပ်လို့ဖြစ်တယ်။ နိုင်ငံရေးမှာတပ်မတော်က မလျော်မကန် ပါဝင်နေလို့ဖြစ်တယ်လို့ ကျွန်တော်မြင်တယ်။ ဒါက ကျတော်တို့ KNU ရဲ့အမြင်ဖြစ်ပါတယ်။

**မေး – ကျွန်တော်မေးချင်တာက အခုတပ်မတော်လက်ထဲမှာ အာဏာရှိနေတယ်ဆိုတော့ Transition မှာ Sharing of Power တပ်မတော်နဲ့ဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘဲနဲ့ နိုင်ငံရေးအပြောင်းအလဲဖြစ်နိုင်သလား။**

ဖြေ – အမှန်ကတော့ ကျွန်တော်တို့ဖွဲ့စည်းပုံကို ရေးဆွဲတဲ့အခါ တပ်မတော်မပါသင့်ဘူးလို့မြင်တယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီနေ့မှာ သုံးပွင့်ဆိုင်လုပ်ဖို့ကို ကျွန်တော်တို့ တောင်းဆိုထားတာဖြစ်တယ်။ တောင်းဆိုချက်က နအဖနဲ့ ဒေါ်စုနဲ့တွေ့မယ်။ တိုင်းရင်းသားလူမျိုးစုတွေပါဝင်လာမယ်ဆိုယင်၊ သုံးဘက်ဆွေးနွေးမှုဖြစ်လာယင် ကျွန်တော်တို့အနေနဲ့ ဘက်သုံးဘက်ပါဝင်တဲ့ ကြားဖြတ်အစိုးရ ဆိုရင်တော့ လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ အချိန်ဇယား (Time frame) ရှိတာပေါ့ဗျာ။ ဥပမာ (၂) နှစ်ဖြစ်ဖြစ်၊ သုံးနှစ်ဖြစ်ဖြစ် အချိန်တော့ရှိတာပေါ့။ အဲဒီဘောင်ကကျော်လို့ တပ်မတော်က ရှည်ရှည်လျားလျားပါဝင်ဖို့ကတော့ မလျော်ကန်ဘူး။ ဒါတောင် Time frame ရှိတဲ့ကြားဖြတ်အစိုးရအနေနဲ့ပါတာတောင်မှ ၁၉၉၀ မေလရွေးကောက်ပွဲမှာ အနိုင်ရတဲ့ NLD ဦးဆောင်တဲ့ကြားဖြတ်အစိုးရအဖွဲ့မှာ ဘက်တဘက်အနေနဲ့ ပါဝင်တာပဲဖြစ်ရမယ်။ တပ်မတော်ခေါင်းဆောင်ပြီး ဒီအစိုး

ရကိုဖွဲ့စည်းတာမျိုးတော့ ကျတော်လက်မခံဘူး။ ဘာလို့လဲဆိုတော့ မေလရွေးကောက်ပွဲရဲ့ ရလဒ်ကို လေးစားလိုက်နာဖို့လည်း လိုတယ်ဆိုတော့ NLD ခေါင်းဆောင်တဲ့ ကြားဖြတ်အစိုးရကိုဖွဲ့တဲ့အခါမှာ တိုင်းရင်းသားလူမျိုးတွေလည်းပါဝင်ရမှာပဲ။ တပ်မတော်လည်း အခန်းကဏ္ဍတခုပါရမယ်။ ဒါပေမဲ့ ဒီအစိုးရမှာ NLD က ဦးဆောင်ရမယ်။ ဒါ Time frame တော့ရှိတယ်။ ဒီအခန်းကဏ္ဍအနေနဲ့ကတော့ ကျွန် တော် တို့လက်ခံနိုင်တယ်။

တကယ်လို့သာသုံးပွင့်ဆိုင် ဖြစ်လာပြီဆိုပါစို့။ နောက်ပြီး NLD ခေါင်းဆောင်တဲ့ ကြားဖြတ်အစိုးရဖွဲ့စည်းနိုင်တယ် ဆိုပါစို့။ အဲလိုဆိုယင် တပ်မတော်က အစိုးရထဲမှာအပိုင်းတပိုင်းအနေနဲ့ NLD ခေါင်းဆောင်မှုအောက်မှာ ပါဝင်တာမျိုးကို လက်ခံတယ်။

အဲလိုကာလမျိုးမှာ ဖွဲ့စည်းပုံရေးဆွဲမယ်ဆိုယင်တော့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ကိုယ်စားလှယ်တွေ ပြည်သူလူထုရဲ့ ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းပုံရေးဆွဲတာကတော့ အကောင်းဆုံးပဲဖြစ်တယ်။ တပ်မတော်အနေနဲ့ကတော ့ဒီမှာ နင်လားငါလား ဖွဲ့စည်းပုံရေးဆွဲတဲ့အပိုင်းမှာ ပါဝင်စရာမလိုဘူးလို့ကျွန်တော်မြင်တယ်။ သို့သော်လည်းပဲ သူတို့ အနေနဲ့ကအကြံဉာဏ်ပေးနိုင်ပါတယ်။ ဖွဲ့စည်းပုံထဲမှာ ဘယ်လိုဖြစ်သင့်လဲဆိုတာ သူတို့လည်း နိုင်ငံသားတွေဖြစ်တဲ့အတွက်ကြောင့် လုပ်လို့ရပါတယ်။

**မေး – နောက်သိချင်တာတခုကတော့ ဒီ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်တပ်က အုပ်ချုပ်နေတဲ့ အချိန်ကာလတလျှောက်လုံးမှာ တရားဥပဒေစိုးမိုးရေး ကင်းမဲ့နေတယ်လို့တောင် ဆိုကြတယ်။ ဒါက လက်ရှိ ဥပဒေတွေ၊ ဥပဒေစနစ်တွေနဲ့ ဥပဒေအကောင်အထည်ဖေါ်မှုတွေနဲ့လည်းဆိုင်ပါတယ်။ အဲဒီတော့ အဲဒီအပေါ်မှာ ဆရာ့အမြင်ကို သိချင်ပါတယ်။**

ဖြေ – ကျွန်တော်တို့အနေက တိုင်းပြည်ကအေးချမ်းတည်ငြိမ်းသွားပြီး ဖွဲ့စည်းပုံတခုလည်း အများဆန္ဒနဲ့ချမှတ်လို့ရပြီဆိုယင် အဲဒါနဲ့တဆက်တည်းမှာ တိုင်းပြည်မှာ တရားဥပဒေစိုးမိုးရေးရှိတဲ့ အခြေခံဥပဒေတွေ၊ ရာဇဝတ်ဥပဒေတွေ၊ တရားမဥပဒေတွေကို ကျွန်တော်တို့က ခိုင်ခိုင်မာမာရှိဖို့လိုတယ်။ အခုဆိုယင်တော့ ကျွန်တော်တို့ ရာဇဝတ်ဥပဒေ၊ တရားမဥပဒေ တွေရှိတယ်၊ အခြားဥပဒေတွေရှိတယ်၊ သို့သော် နအဖက ဥပဒေအကြောင်းပြောပေမဲ့ လက်တွေ့ဘယ်ဥပဒေမှ ကျင့်သုံးတာမဟုတ်ဘူး။ အဲလိုဖြစ်နေတဲ့ အခါကျတော့ ဥပဒေသက်ရောက်မှုမရှိဘူး၊ ဥပဒေစိုးမိုးမှုလည်းမရှိဘူး၊ မရှိတော့တကယ်လို့ ဖွဲ့စည်းပုံချမှတ်ပြီးတဲ့နောက်ပိုင်းမှာတော့ အဲဒီအခြေအနေတွေကိုကျွန်တော်တို့ ကောင်းသွားအောင်လုပ်ဖို့လိုတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့အနေနဲ့က ရှိပြီးသားဥပဒေတွေနဲ့ပတ်သက်တာကတော့ တချို့ဥပဒေတွေကို ပြန်လည်ပြီးပြင်ဆင်ဖို့လိုအပ်တယ်၊ တချို့က အသစ်ထပ်မံပြီး ဖြည့်ဖို့ လိုအပ်ပါတယ်။ မဟုတ်ရင်တော့ အခြေအနေသစ်နဲ့အညီလုပ်ဖို့လိုမယ်၊ ကျွန်တော်တို့က အဲလိုပဲမြင်တယ်။

**မေး – ကျွန်တော်တို့ အနာဂတ်ဖွဲ့စည်းပုံရေးဆွဲတဲ့အခါ ၁၉၄၇ ဖွဲ့စည်းပုံလိုပဲ ခွဲထွက်ခွင့်ရှိသည်ဆိုတဲ့ စကားရပ်ထည့်ဖို့လိုအပ်ပါသလား၊ ဒါမှမဟုတ် မထည့်ဘဲနဲ့ ပြည်သူတွေရဲ့ သဘောဆန္ဒအရ မထည့်သင့်ယင်လည်း မထည့်သင့်ဘူး ဆိုတဲ့အပေါ်မှာ ဆရာတို့ ဘယ်လိုထင်လဲ။**

ဖြေ – ကျွန်တော်တို့မြင်တာကတော့ ဆန္ဒအလျှောက်ပူးပေါင်းပြီးတော့ ခွဲထွက်ခွင့်အပါအဝင် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုကို သုံးတာမျိုးဟာ စိုးရိမ်စရာမရှိဘူးလို့ ကျွန်တော်မြင်တယ်။ ကျွန်တော်တို့က သိပ်ပြီးတော့မစိုးရိမ်ဘူး။

**မေး – ဒါပေမဲ့ ဆရာ အခြားနိုင်ငံဖက်ဒရယ်တွေမှာ ဘယ်ဖွဲ့စည်းပုံက ခွဲထွက်ဖို့အပိုင်းပါသလဲ။**

ဖြေ – ဆိုဗီယက်ယူနီယံမှာထည့်ထားပါတယ်။ ဆိုဗီယက်ကပြိုသွားပြီလေ။ ဒါကရိုးရိုးရုရှား Federation မှာမရှိဘူး၊ ကမ္ဘာမှာ ဘယ်နိုင်ငံမှ မရှိဘူး။

**မေး – ဆရာအနေနဲ့ ဒီဖွဲ့စည်းပုံအပေါ်မှာရော၊ လက်ရှိနိုင်ငံရေးအခြေနေအပေါ်မှာ အားလုံး ဆရာ့အမြင်ကို အကြမ်းဖျင်း ရှင်းပြပေးပါ။**

ဖြေ – ကျွန်တော်တို့မြင်တာတော့ လက်ရှိအခြေအနေနဲ့ပတ်သက်လို့ပေါ့ ဗမာပြည်နိုင်ငံရေးအခြေအနေလည်းမကောင်းဘူး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ အပိုင်းတွေလည်းမကောင်းဘူးလို့မြင်တယ်။ ယဉ်ကျေးမှုဆိုတာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးပေ့ါဗျာ။ ဆိုလိုချင်တာက အဲဒီအခြေအနေတွေက မကောင်းဘူး၊ မကောင်းတာက နိုင်ငံရေးနဲ့ ပတ်သက်တယ်၊ နိုင်ငံရေးကို ပြုပြင်ပြောင်းလဲမှုမပြုနိုင်ဘူးဆိုယင်တော့ စီးပွားရေး၊ လူမှုရေးတို့အားလုံးဟာ ကောင်းလာနိုင်မှာမဟုတ်ဘူးလို့ပဲမြင်တယ်။ နောက်တချက်က နအဖနဲ့ပတ်သက်လို့ ပထမအားဖြင့် နအဖရဲ့အတွင်းရေးအခြေအနေကလည်း သိပ်မကောင်းဘူးလို့မြင်တယ်၊ နောက်ဒုတိယတခုက နအဖက အပြောင်းအလဲမလုပ်ချင်ဘူးလို့မြင်တယ်၊ တတိယအချက်ကတော့ နအဖကသူ့ရဲ့ စစ်အာဏာရှင်ကြီးစိုးမှုကို တရားဝင်ဖြစ် အောင်ကြိုးစားနေတယ်။ နောက်ဆုံးတချက်ကတော့ အဲလိုတရားဝင်ဖြစ်အောင်ကြိုးစားနေတဲ့ အချိန်မှာ သူက ရသမျှအခွင့်အလမ်းတွေမှန်သမျှကို မလွှတ်တမ်း အသုံးချနေတယ်လို့မြင်တယ်။ ဥပမာ – ရာဇလီကိုသူ အသုံးချသွားတယ်လို့ မြင်တယ်၊ ဒေါ်စု ကိုလဲအသုံးချတာပဲ၊ အခု မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ သူကမူးယစ်ဆေးဝါးရာဇာတွေနဲ့ပေါင်းပြီးတော့ စီးပွားရှာနေကြတယ်၊ အဲဒါမူးယစ်ဆေးဝါး ဆန့်ကျင်ရေးလုပ်နေတယ်ဆိုပြီး အော်ကြီးဟစ်ကျယ် လုပ်နေကြတယ်၊ ဒါလဲ မူးယစ်ဆေးဝါးဆန့်ကျင်ရေးကို အသုံးချတာပဲ၊ နောက်ပြီး (ဘရူနိုင်း) မှာလုပ်တဲ့အစည်းအဝေးဆိုယင် အကြမ်းဖက်ဆန့်ကျင်ရေးလှုပ်ရှားမှုနဲ့ ပတ်သက်လို့ သူတို့ကလည်းပါဝင်ပြီး ရောနှောလက်မှတ်ဝင်ထိုးတာရှိတယ်၊ အမှန်က မြန်မာပြည်မှာ အကြီးမားဆုံး အကြမ်းဖက်တာက သူတို့ပဲ၊ နောက်တချက်က Licence to Rape ဆိုတဲ့ စာစောင်ထွက်လာပြီးနောက်ပိုင်းမှာ သူတို့အနေနဲ့က သွားပြီးလေ့လာဖို့ ကော်မရှင်က ပြန်အစီရင်ခံတဲ့အခါကျတော့ သူကဘာပြောလဲဆိုတော့ UN agency တွေနဲ့ NGOs အများကြီးရှိ တယ်ပေ့ါ၊ သူတို့တွေက Report မှာမရေးဘူးတဲ့၊ သက်သက်သူပုန်တွေကြောင့်မို့လို့ ဒီသတင်းတွေဟာထွက်လာတယ်၊ ဒါက လုပ်ကြံတဲ့သတင်းတွေပဲတဲ့၊ ဒါကဘာလဲဆိုတော့ NGOs သွားတာ၊ NGOs တွေဘာမှမပြောဘူး၊ အခြေအနေ ကောင်းတယ်၊ UN agency နဲ့ ICRC, ILO တို့အများကြီးပေ့ါဗျာ၊ ဒါမျိုးတွေကို အကုန်လုံးရသမျှ သူတို့အသုံးချ သွားတာကြောင့် ဒီပုံစံနဲ့ကတော့ ဒီတိုင်းပြည်ကို

တည်ထောင်လို့မရဘူးလို့မြင်တယ်။

နောက်တချက်က ကျွန်တော်တို့အတွက် အပြောင်းအလဲဆိုရင်လည်း ဖိအားပေးရမယ်၊ အဓိကကတော့ ပြည်တွင်းဖိအားပေးဖို့လိုတယ်၊ ဖိအားမရှိပဲနဲ့မဖြစ်ဘူး၊ ဖိအားက ပေးနေတယ်၊ သို့သော်လည်း တက်ညီလက်ညီ မရှိဘူးဆိုယင်လည်းမဖြစ်ဘူး၊ နောက်ပြီးတော့ အကြောက်တရားက တအားကြီးစိုးနေယင်မဖြစ်ဘူးလို့ ကျွန်တော်မြင်တယ်၊ ဒါကြောင့်မို့ နအဖ တကယ် **Reform** ဖြစ်ချင်ယင်တော့ ဖိအားကြီးကြီးမားမားပေးရမယ်၊ ပြည်တွင်းဖိအားကြီးမားလာမှ ကျွန်တော်တို့ ပြည်ပဖိအားလည်းလိုက်လာမယ်လို့ ကျွန်တော်မြင်တယ်။

### တရားဥပဒေစိုးမိုးရေး

## ဒီမိုကရေစီနှင့်တရားဥပဒေစိုးမိုးရေး

စိုင်းစိုးဝင်းလတ်

ဒီမိုကရေစီတွင် အားနည်းချက်များရှိသော်လည်း ဒီမိုကရေစီထက်ကောင်းသည့်စနစ် မရှိသေးဟု ကမ္ဘာ့နိုင်ငံရေးခေါင်းဆောင်များနှင့် နိုင်ငံရေးသိပ္ပံပညာရှင်များက ပြောဆိုကြပါသည်။ တချိန်တည်းမှာပင် ကမ္ဘာပေါ်ရှိ ဒီမိုကရေစီနိုင်ငံမဟုတ်သေးသော နိုင်ငံများက ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲနေကြသကဲ့သို့ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ရှိပြီးသော နိုင်ငံများကလည်း ၎င်းတို့နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပိုမိုပြင်လာအောင် တည်ဆောက်လျက်ရှိပါသည်။ တရားဥပဒေစိုးမိုးရေးဟူသည့် ဝေါဟာရမှာလည်း နိုင်ငံရေးနယ်ပယ်နှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအကြား ရေပန်းစားလာသည့် ဝေါဟာရဖြစ်လာရာ မြန်မာနိုင်ငံအောက်ခြေ ပြည်သူများပင် နားယဉ်လာကြပြီဖြစ်ပါသည်။ မြန်မာစစ်အစိုးရလည်း ဥပဒေလေးစားလိုက်နာရေး၊ တရားဥပဒေ စိုးမိုးရေးဝေါဟာရကို အသုံးချလျက်ရှိသည်။ အမှန်မှာ ဥပဒေလေးစားလိုက်နာရေး၊ တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံရေးစနစ်တိုင်း၊ အုပ်ချုပ်ရေးစနစ်တိုင်းတွင်မရှိနိုင်ပဲ ဒီမိုကရေစီရှိသော ပတ်ဝန်းကျင်၌သာ ရှိနိုင်ပါသည်။

ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့သည် အပြန်အလှန် အဆက်အစပ်ရှိကြပါသည်။ ဒီမိုကရေစီကင်းမဲ့မှုအောက်တွင် ဥပဒေလေးစာလိုက်နာရေး၊ တရားဥပဒေစိုးမိုးရေးတို့မရှိနိုင်ပါ။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူလူထုကအုပ်ချုပ်ခြင်း၊ တနည်းအားဖြင့် အများသဘောဆန္ဒဖြင့် အုပ်ချုပ်ခြင်းဖြစ်ပါသည်။ အုပ်ချုပ်ခြင်းကို အချုပ်အခြာအာဏာ ကျင့်သုံးခြင်းဟုလည်း မှတ်ယူနိုင်ပါသည်။ ယခုမျက်မှောက်ခေတ်ကာလ၌ ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် သွယ်ဝိုက် ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြပါသည်။ ဆိုလိုသည်မှာ ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များက အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စား ကျင့်သုံးကြရခြင်းဖြစ်ပါသည်။

အချုပ်အခြာအာဏာဟုပြောဆိုရာတွင် စီမံခန့်ခွဲရေးအာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ပါဝင်ပါသည်။ ဤအာဏာသုံးရပ်အား လူတစု၊ လူတဖွဲ့၊ တပါတီထဲက ကျင့်သုံးပါက တရားဥပဒေစိုးမိုးရေးမည်သို့မျှမရှိနိုင်တော့ပါ။ ကျွန်တော်တို့

မြန်မာနိုင်ငံတွင် ဦးနေဝင်းခေတ်တလျှောက်လုံး အာဏာသုံးရပ်စလုံးကို တစ်ပါတီထဲက ကျင့်သုံးခဲ့သဖြင့် တရားဥပဒေစိုးမိုးမှုမရှိခဲ့ကြောင်း အားလုံးအသိဖြစ်ပါသည်။ ထိုစဉ်တုန်းက ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ဥပဒေလေးစားလိုက်နာရေး စသည်တို့ကို တွင်တွင်ကျယ်ကျယ် ပြောဆိုခဲ့ပါသေးသည်။ သို့သော် ၁၉၈၈ ခုနှစ် ဒီမိုကရေစီ ဆန္ဒပြပွဲအတွင်းမှာတော့ ဦးနေဝင်းက "... စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်။ မိုးပေါ်ထောင်မပစ်ဘူး ..." ဆိုပြီး လူထုကို စစ်တပ်နဲ့ကိုင်ပြီးခြိမ်းခြောက်ခဲ့ပါသည်။ တရားဥပဒေ အထက်မှာ သေနတ်ပြောင်း ရှိသည့်သဘောဖြစ်နေပါသည်။

ထိုသေနတ်ပြောင်းကို မဖယ်သေးဘဲ ယခု နအဖ ခေါင်းဆောင်များကလည်း တရားဥပဒေစိုးမိုးရေးကို တွင်တွင်ကြီးပြောနေပြန်ပါသည်။ ကြေညာချက်အမှတ် ၁/၉၀ ထုတ်ပြန်ပြီး အချုပ်အခြာအာဏာသုံးရပ်စလုံးကို နအဖ (နဝတ)က ကျင့်သုံးကြောင်းဆိုပါသည်။ နအဖ (နဝတ) ခေတ်တလျှောက်လုံးတွင် ပါလီမန် (ပြည်သူ့လွှတ်တော်) မရှိပဲ စစ်အစိုးရသာလျှင် ဥပဒေရေးဆွဲကြပါသည်။ ၎င်းတို့ပြုသည့်ဥပဒေကို တိုင်းတာမည့် အခြေခံဥပဒေလည်း မရှိပါ။ ၎င်းတို့ပြုသည့်ဥပဒေအား မတရားကြောင်း၊ မမျှတကြောင်း၊ ဆီလျော်မှုမရှိကြောင်း ကန့်ကွက်နိုင်သည့်အာဏာ၊ အခွင့်အရေးလည်း မည်သူ့ထံ၌မျှ မရှိပါ။ ဤမျှမကဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်ဟု စာအုပ်၊ စာစောင်၊ သတင်းစာနှင့် ရုပ်ရှင်တို့တွင် ထည့်သွင်းပြောဆိုသော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရန် ကြိုးပမ်းသည့် ကျောင်းသားတစ်ဦးကို ထောင်ဒဏ်ပင် ချမှတ်လိုက်သေးသည်။

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန် ဖြစ်သည်" ဟု စာအုပ်၊ စာစောင်၊ သတင်းစာနှင့် ရုပ်ရှင်တို့တွင် ထည့်သွင်းပြောဆို သော်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံရေးဆွဲရန် ကြိုးပမ်းသည့်ကျောင်းသား တစ်ဦးကို ထောင်ဒဏ်ပင် ချမှတ်လိုက်သေးသည်။

တရားဥပဒေစိုးမိုးမှုရှိရန်ဆိုလျှင် အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှဆင်းသက်စေရမည်ဖြစ်သည်။ တနည်းအားဖြင့် ဒီမိုကရေစီအခြေခံကျင့်သုံးမှုရှိရမည်ဖြစ်သည်။ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကျင့်သုံးသည့်နိုင်ငံများတွင် အာဏာသုံးရပ်အား တစ်ခုကိုတစ်ခုလွှမ်းမိုးမှုမရှိအောင် ထိန်းညှိသည့်စနစ်အားကျင့်သုံးကြပါသည်။ အုပ်ချုပ်သည့် အစိုးရကလည်း ပြည်သူလူထုကိုတာဝန်ခံရသည်။ စီမံခန့်ခွဲရေးအာဏာပိုင်များ၏ ဆောင်ရွက်ချက်တွေကိုလည်း အထက်လွှတ်တော်၊ အောက်လွှတ်တော်များက ခေါ်ယူမေးမြန်းစုံစမ်းခွင့်ရှိသည်။ ဥပဒေပြုရေးအာဏာပိုင်များကလည်း ဥပဒေတစ်ရပ်ပြုတော့ မည်ဆိုလျှင် ဥပဒေကြမ်းတွေကို အကြေအလည်ငြင်းခုံဆွေးနွေးကြပြီးမှ ဥပဒေပြုကြရပါသည်။ ဤသည်မှာဒီမိုကရေစီကိုဖေါ်ဆောင်သည့် သဘောသဘာဝအချို့ဖြစ်ပါသည်။

တရားဥပဒေစိုးမိုးရေးရာတွင် "တရားဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရ" ဆိုသည့်အချက်သည် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးအချက်ဖြစ်ကြောင်း သတိမူသင့်ပါသည်။ ထို့အပြင် တရားဥပဒေကို အကောင်အထည်ဖေါ်ဆောင်ရသည့် တရားစီရင်ရေးအာဏာပိုင်များ၏ အခန်းကဏ္ဍကိုလည်း ပိုမိုအလေးထားရမည်ဖြစ်သည်။ တရားစီရင်ရေးဌာနအား ဥပဒေပြုရေးဌာန၊ စီမံအုပ်ချုပ်ရေးဌာနတို့နှင့် သီးခြားကင်းလွတ်စေရန်လည်း အရေးကြီးပါသည်။ အဘယ်ကြောင့်ဆိုသော် အမှုကိစ္စများနှင့်ပတ်သက်လာလျှင် ပြည်သူ

အားလုံး၏ အားကိုးအားထားရာသည် တရားရုံးများဖြစ်သည်။ တရားရုံး၏ တာဝန်မှာ ပြည်သူလူထုမှအစ သမ္မတ၊ ဝန်ကြီးချုပ်အဆုံး ဥပဒေချိုးဖေါက်သူမှန်သမျှအား ဘက်လိုက်ခြင်းကင်းစွာ ဥပဒေနှင့်အညီ အဆုံးအဖြတ်ပေးရန်ဖြစ်သည်။ အကယ်၍ တစုံတဦး (သို့မဟုတ်) ဌာနတစ်ခုက တရားရုံးနှင့် တရားသူကြီးများအား ဝင်ရောက်စွက်ဖက် နေလျှင် (သို့မဟုတ်) လွှမ်းမိုးထိန်းချုပ်နေလျှင် တရားရုံးသည် ဘက်မလိုက်ပဲ တရားမျှတစွာ ဆုံးဖြတ်ချက်များပေးနိုင်မည်မဟုတ်ပေ။

တရားသူကြီးများအနေဖြင့် ဘက်လိုက်မှုကင်းပြီး၊ လွှမ်းမိုးထိန်းချုပ်မှုမှကင်းလွတ်ကာ ဥပဒေအတိုင်းဆုံးဖြတ်နိုင်ရန်မှာလည်း ၎င်းတို့အတွက် တရားစီရင်မှုများယွင်းခြင်းအပေါ် တာဝန်မှရပ်စဲခံရခြင်းမှကင်းလွတ်ခြင်း၊ တရားသူကြီးများ၏ တာဝန်သက်တမ်းအာမခံချက်ရှိခြင်း စသည့်ပတ်ဝန်းကျင်မျိုးဖန်တီးထားပေးရန်လိုအပ်ပါသည်။ ထို့အပြင် တရားသူကြီးများအားခန့်အပ်ရာတွင်လည်း ဥပဒေပြုရေးဌာနနှင့် စီမံအုပ်ချုပ်ရေးဌာနများအား အကဲခတ် အလေးပေးပြီးဆုံးဖြတ်ရသည့်အခြေအနေမှ ကင်းလွတ်သည့်နည်းလမ်းဖြင့်လည်း ခန့်အပ်စေသင့်သည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးရာနှင့်ပတ်သက်၍ ဖြစ်ပျက်နေသည့်ပြဿနာမှာ စစ်အစိုးရကသာလျှင် ၎င်းတို့အလိုကျ၊ ၎င်းတို့အာဏာစွဲကိုင်ထားရေးကို ကျားကန်ထားပေးမည့်ဥပဒေများကို ၎င်းတို့ကိုယ်တိုင်ရေးဆွဲပါသည်။ တရားသူကြီးများခန့်အပ်ရာတွင်လည်း ၎င်းတို့စိတ်တိုင်းကျ၊ ၎င်းတို့သဘောဖြင့် ရွေးချယ်ခန့်ထားသည်၊ တာဝန်မှရုတ်သိမ်းလေ့ရှိသည်။ တရားရုံးချုပ်တရားသူကြီးများကို အကျိုးအကြောင်းမပြဘဲ ထုတ်ပယ်ခဲ့သည့် သဓကရှိခဲ့သည်။ သို့ရှိရာ တရားသူကြီးများသည် စစ်အစိုးရ (သို့မဟုတ်) စစ်တပ်မိသားစုတို့နှင့် ပတ်သက်လာသည့်အမှုမျိုးကို ဆုံးဖြတ်ရာတွင် စစ်အစိုးရဖက်ကိုသာလိုက်၍ ဆုံးဖြတ်ပေးကြပါသည်။ မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိ၊ မရှိနှင့် တရားဥပဒေစိုးမိုးမှုအလားအလာမှာ လယ်ပြင်မှာ ဆင်သွားသလို ပေါ်လွင်ပါသည်။ မြန်မာစစ်အစိုးရသည် အမှန်တကယ်တရားဥပဒေစိုးမိုးမှုရှိရေးလိုလားပါက ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို အမြန်ဆုံးလမ်းဖွင့်ပေးရမည်ဖြစ်ပြီး၊ ဥပဒေများကို ပြည်သူလူထုက ရွေးချယ်သည့် ကိုယ်စားလှယ်များအား ပြုခွင့်ပေးရမည်ဖြစ်သည်။ တရားသူကြီးများကိုလည်း ဥပဒေလုပ်ထုံးလုပ်နည်းများအရ ရွေးချယ်ခန့်ထားရမည်ဖြစ်သည်။ သို့မဟုတ်ပါမူ တရားဥပဒေစိုးမိုးရေးဟူသော ဝေါဟာရကို အသုံးချရုံသက်သက်မျှသာ ဖြစ်နေပေတော့မည်။

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# မှန်မှန်နဲ့မြန်မြန် – တရားရုံးချုပ် ဆုံးဖြတ်ချက်များ စဉ်းစားပွယ်ရာရှိ

မင်းလွင်ဦး

မှုခင်းတရပ်ဖြစ်ပွားလာပြီဆိုကတဲက နှစ်ဖက်အမှုသည်ရှိလာမှာဖြစ်တယ်။ လူတို့ရဲ့ သဘာဝအတိုင်း ရှုံးနိမ့်ရတဲ့ဖက်က ဘယ်တော့မှ ကျေနပ်ကြလိမ့်မည်မဟုတ်။ တတ်နိုင်လျှင် မိုးမဆုံး မြေမဆုံး တက်လို့ရသည်အထိ တက်ချင်ကြသည်မှာမလွဲပေ။ ပြစ်မှုဆိုင်ရာ အမှုများတွင် မူလတရားရုံး၏ စီရင်ချက်နှင့်အမိန့်ကို မကျေနပ်ပါက အထက်တရားရုံး အဆင့်ဆင့်သို့ ပြင်ဆင်မှုသော်လည်းကောင်း၊ အယူခံမှုကိုသော်လည်းကောင်း လျှောက်ထားနိုင်ပါတယ်။ အထက်တရားရုံးများကလည်း အောက်တရားရုံး၏ ဆုံးဖြတ်ချက်ကို တရားဥပဒေနှင့်အညီ မှန်ကန်စွာ စစ်ဆေးစီရင်ခြင်းပြုရပါတယ်။ အောက်ရုံး၏ဆုံးဖြတ်ချက်မှားယွင်းနေရင် ပြန်လည်ပြင်ဆင်ပေးရပါတယ်။ တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမကဘဲ ထိုသို့အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာပါတယ်။ တရားမျှတမှုရှိမှသာလျှင် ပြည်သူအများကလည်း တရားရုံးကို ယုံကြည်ကိုးစား အားထားလာမှာဖြစ်တယ်။ ဒါ့ကြောင့်တရားသူကြီးများ၏ ဆုံးဖြတ်ချက်ဟာ လွန်စွာမှပင် အရေးပါလှပါတယ်။ မြို့နယ်တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ပြည်နယ်နှင့်တိုင်း တရားရုံးသို့လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းတရားရုံး၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက တရားရုံးချုပ်သို့လည်းကောင်းအသီးသီးတက်ရောက်နိုင်ပါတယ်။ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အထူးအယူခံမှုဖွင့်လှစ်ပေးရန် လျှောက်ထားနိုင်ပါတယ်။ တရားရုံးချုပ်က လက်ခံသင့် မသင့်ကြားနာ၍ တရားဥပဒေအရ တိမ်းစောင်းမှားယွင်းနေပါက ပြန်လည်ပြင်ဆင်ပေးရပါတယ်။ တရားရုံးချုပ်ရဲ့ ဆုံးဖြတ်ချက်ကိုပြင်ဆင်ပြီး အမိန့်ချမှတ်ရခြင်းဟာ ကောင်းလှသည်တော့မဟုတ်ပါ။ အမြင့်ဆုံး တရားရုံးက မှားယွင်းဆုံးဖြတ်ထားသည့်အမှုများ ပိုမိုများပြားလာပါက လူ့အဖွဲ့အစည်းအတွက် စိုးရိမ်ရမည့်အခြေအနေသို့ ဆိုက်ရောက်ခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့နေပြီဖြစ်ကြောင်း အသိပေးရာရောက်ပါတယ်။ လူသားတိုင်း အမှားကင်းကြသည် မဟုတ်ဟူသော အကြောင်းပြချက်ဖြင့် မလုံလောက်၊

အမှားနည်းအောင် လုပ်ရမည့်တာဝန်ရှိနေပြီဖြစ်ကြောင်းပြရတော့မည်ဖြစ်ပါတယ်။

ဟာသစာစောင်တခုမှာ ဆရာဝန်မှားတော့ မြေကြီးအောက် ၆ ပေ၊ ရှေ့နေမှားရင်ဖြင့် လေထဲမှာ ၆ ပေ တန်းလန်းနေရမယ်ဆိုတာ ရီစရာဟာသတခုအနေနဲ့ပြောတာဖြစ်ပေမဲ့ ရှေ့နေတွေရဲ့တာဝန် ဘယ်လောက်ကြီးမားတယ်ဆိုတာကိုလည်း သတိပေးရာရောက်ပါတယ်။ ရှေ့နေရှေ့ရပ်တွေမှားရင် အမြင့်ဆုံးတရားရုံးတွေက သက်သာပြင်ဆင်ပေးနိုင်သေးတယ်၊ အဲ အမြင့်ဆုံးတရားရုံးတရားသူကြီးကမှားပြီဆိုရင်ဖြင့် သိပ်မကောင်းတော့ဘူး။ ဥပဒေပြဋ္ဌာန်းချက်မရှိလို့မှားတယ်ဆိုရင်ဖြင့် ခွင့်လွှတ်နိုင်ပါသေးတယ်၊ ကံတရားကိုရိုးမယ်ဖွဲ့ပြီးဖြေနိုင်သေးတာပေါ့။

ဥပဒေက အတိအကျပြဆိုထားပါလျက်နဲ့မှားရတယ်ဆိုရင်ဖြင့် ဘယ်သင့်တော်ပါ့မလဲ၊ ဒါကြောင့်လဲ ၁၉၄၇ ခုနှစ်တုံးကရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ တရားရုံးချုပ်တရားသူကြီးအဖြစ် တာဝန်ယူမဲ့သူဟာ အနည်းဆုံး တရားရုံးချုပ်ရှေ့နေအဖြစ် ၁၅ နှစ် လိုက်ပါ ဆောင်ရွက်ဖူးတဲ့သူဖြစ်ရမယ်လို့ ထည့်သွင်းပြဋ္ဌာန်းခဲ့တာဖြစ်တယ်။ အမှုတွေကို လိုက်ပါဆောင်ရွက်ဖူးတဲ့သူဖြစ်မှသာ အတွေ့အကြုံနဲ့ယှဉ်ပြီးအမှုတွေကို သုံးသပ်ဆုံးဖြတ်နိုင်မှာဖြစ်တယ်။ ဒါပေမဲ့ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့အခါကျတော့ ပြည်သူ့တရား ပြည်သူတွေကသာ စစ်ဆေးစီရင်မယ်ဆိုတဲ့စံနစ်နဲ့ တရားသူကြီးတွေဟာ ဥပဒေပညာတတ်စရာမလို၊ တရားရေးဝန်ထမ်းတွေနဲ့ ဥပဒေဝန်ထမ်းဆိုတာတွေကို ခန့်ထားပြီး အလွန်အံ့သြဖွယ်ကောင်းတဲ့ တရားစီရင်ရေးစနစ်ကြီးကို ရှေ့ညာဏ်တော်စူးရောက်စွာနဲ့ အစပြုတည်ထောင်ခဲ့ပြန်တယ်။ ဒီလိုလုပ်နိုင်အောင်လို့လဲ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေကို ဖျက်ခဲ့ရတယ်။ တရားသူကြီး အများစုကတော့ ပါတီယူနစ်နဲ့ လမ်းစဉ်ပါတီက လာတဲ့သူတွေဘဲဖြစ်ခဲ့ကြတာပါ ။ မြို့နယ်ဥက္ကဋ္ဌ၊ ပြည်နယ်နှင့်တိုင်းတရားသူကြီးဥက္ကဋ္ဌ၊ ဗဟိုတရားရုံးတရားသူကြီးတွေကတော့ စစ်တပ်က အသွင်ပြောင်းလာတဲ့သူတွေပေ့ါ။ တနည်းပြောရရင်တော့ ဥပဒေပညာတတ်မှ မဟုတ်ဖူး တို့လဲဒီလောက်တော့ဖြစ်ပါတယ်ပေ့ါ၊ အဲဒီခေတ်အခါတုံးကလဲ တရားသူကြီး အဖွဲ့ဝင်တွေ ဝါးလိုက်စား လိုက်ကြတာ မသိချင်အဆုံး၊ ၁၉၈၈ နောက်ပိုင်းကျတော့ ပါတီစုံစံနစ်ကြီးလဲပေါ်လာ မဆလပါတီလဲ ပြိုကွဲဆိုတော့ တရားသူကြီးတွေခန့်ဖို့လိုလာပြန်ရော၊ နဝတ၊ နအဖလေ ဒါလေးများ ခက်တာမှတ်လို့ဆိုပြီး ယခင်တရားရေးဝန်ထမ်းလုပ်တဲ့ သူတွေကို တရားသူကြီးတွေအဖြစ် ခန့်ထားလိုက်တာဘဲ၊ တရားရုံးချုပ်တရားသူကြီးခန့်အပ်ရာမှာတော့ သူတို့ကိုမလှန်နိုင်မဲ့ဥပဒေဘွဲ့ရထားသူတွေကို ရွေးချယ်ခန့်လိုက်တာပေ့ါ၊ အရင်တုံးကလို တရားရုံးချုပ်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် လိုက်ပါဆောင်ရွက်တဲ့ အတွေ့အကြုံ ရှိစရာမလိုပါဘူး။ အလုပ်ဆိုတာ လုပ်ရင်းတတ်သွားတာဘဲ အလုပ်ကသင်သွားလိမ့်မယ်၊ မကောင်းသူထိပ်၊ ကောင်းသူ ထိပ်ပေါ့မဟုတ်ဖူးလား၊ တို့လက်ထက်မှာ တို့လုပ်ချင်တာဖြစ်ဖို့ အရေးကြီး

> **တရားမျှတစွာနဲ့ အမှားအယွင်းနည်းနိုင်သမျှနည်းစေရန် ၁၉၄၇ ခုနှစ်တုံးကရေးဆွဲတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာတရားရုံးချုပ်တရားသူကြီးအဖြစ် တာဝန်ယူမဲ့သူဟာ အနည်းဆုံး တရားရုံချုပ်ရှေ့နေအဖြစ် ၁၅ နှစ် လိုက်ပါဆောင်ရွက်ဖူးတဲ့သူ ဖြစ်ရမည်လို့ ထည့်သွင်း ပြဋ္ဌာန်းခဲ့တာဖြစ်တယ်။ အမှုတွေကိုလိုက်ပါဆောင်ရွက်ဖူးတဲ့သူဖြစ်မှသာ အတွေ့အကြုံ နဲ့ယှဉ်ပြီးအမှုတွေကို သုံးသပ် ဆုံးဖြတ်နိုင်မှာဖြစ်တယ်။**

တယ်၊ ပြည်သူတွေကို ဂရုစိုက်စရာမှတ်လို့ဆိုတဲ့ သဘောနဲ့ပေါ့၊ အဲဒီတော့ အမြင့်ဆုံးတရားရုံးချုပ်ကဆုံးဖြတ်တဲ့ ဆုံးဖြတ်ချက်တွေက ဥပဒေနဲ့မညီလို့ ပြန်လည်ပြင်ဆင်ပေးရတဲ့ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုတွေ ပိုများလာတာပေါ့၊ နောက်ဆုံး အထူးအယူခံကိုခွင့်ပြုလိုက်ပြီး အောက်ရုံးအဆင့်ဆင့်နဲ့ တရားရုံးချုပ်တွေရဲ့ အမိန့်ကိုပယ်ဖျက်ပြီးလွှတ်လိုက်ပါပြီတဲ့၊ မတရားတားဆီးချုပ်နှောင်ခံခဲ့ရတဲ့အတွက် ဘယ်သူ့ကို တရားစွဲ နစ်နာကြေးတောင်းရမှာလဲ၊ ဝင့်ကြွေးရှိလို့၊ ကံမကောင်းအကြောင်းမလှလို့ဆိုပြီး ဖြေသိမ့်လိုက်ရတော့မှာလား၊ ဥပမာ ဆိုပါတော့ လူသတ်မှုနဲ့ အောက်တရားရုံးအဆင့်ဆင့်က သေဒဏ်ချမှတ်ခြင်းခံရတယ်၊ သေဒဏ် အတည်ပြုဖို့ တရားရုံးချုပ်ရောက်လာတော့လဲ တရားရုံးချုပ်က သေဒဏ်ကို အတည်ပြုတယ်။ ပြစ်မှုဆိုင်ရာ အထူးအယူခံအဖြစ် တက်ရောက်ခွင့်ရတော့မှ အောက်တရားရုံးများနဲ့ တရားရုံးချုပ်က သေဒဏ် အတည်ပြုထားတဲ့ ဆုံးဖြတ်ချက်တွေဟာ ဥပဒေနဲ့အညီ မဟုတ်ဘဲ လွဲမှားနေတယ်ဆိုတာကို တွေ့ရတော့မှ အမှုကတရားသေလွှတ်ပေးပြီး အောက်တရားရုံးနဲ့ တရားရုံးချုပ်ရဲ့အမိန့်တွေကို ပြန်လည်ပယ်ဖျက်ရတယ်။[၁] သေဒဏ်ကျခံရတော့မယ်ဆိုတဲ့ လူတယောက် ရဲ့စိတ်ဟာ ဘယ်လောက်ထိ ခြောက်ခြားထိခိုက်သွားမယ်ဆိုတာကို မှန်းကြည့်လို့ရပါတယ်။ အမှန်တရားပေါ်လာလို့ သံသယ အကျိုးခံစားရလို့ဆိုတဲ့ အချက် တွေနဲ့ဘဲ နှစ်သိမ့်နေရတော့မှာလား၊ အချုပ်အနှောင်ခံနေရတဲ့အချိန်မှာ ကျန်ရစ်သူမိသားစုတွေရဲ့ဘဝ ဘယ်လောက်ထိ ထိခိုက်နစ်နာသွားပြီလဲဆိုတာကို ထည့်သွင်းမစဉ်းစားသင့်တော့ဘူးလား၊ တတ်နိုင်သူတွေဆိုရင်တော့ ဘယ်အထိဘဲ တက်ရတက်ရ အမှုမှန်ပေါ်အောင် ရင်ဆိုင်မှာ လူ့သဘာဝမဟုတ်လား၊ ဒါပေမဲ့ မတတ်နိုင်တဲ့ လက်လုပ်လက်စား၊ အလုပ်သမား၊ တနေ့လုပ်မှ တနေ့စားရသူတွေ၊ စီးပွားရေးအဆင်မပြေသူတွေဆိုရင် ပြစ်မှုဆိုင်ရာ အထူးအယူခံတက်ရောက်နိုင်ဖို့ဆိုတာ တွေးတောင်မတွေးဝံ့တဲ့ဘဝ၊ ဒါကြောင့်လဲ ၁၉၄၇ ခုနှစ်က ရေးဆွဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တရားရုံးချုပ်တရားသူကြီးအဖြစ် တာဝန်ယူမဲ့သူဟာ တရားရုံးချုပ်ရှေ့နေအဖြစ် ၁၅ နှစ် လိုက်ပါဆောင်ရွက်ဖူးသူဖြစ် ရမယ်ဆိုတာကိုလိုအပ်လို့ ထည့်သွင်းရေးဆွဲခဲ့တာပါ၊ ဒါမှလဲ အတွေ့အကြုံနဲ့ယှဉ်ပြီး အမှုတွေကို တရားမျှတစွာ စစ်ဆေးနိုင်မယ်၊ အမှားနည်းနိုင်သမျှနည်းမယ်ပေါ့၊ နအဖ လက်ထက်မှာတော့ မလိုပါဘူး ဒို့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှမရှိတာ လုပ်ချင်တာ လုပ်နိုင်တယ်လို့ပြောမှာပါဘဲ။

> **၂၀၀၁ မှာတော့ စီရင်ထုံးပြုတဲ့ ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၅ မှု ရှိတဲ့အနက် တရားရုံးချုပ် (ရန်ကုန်) နဲ့ တရားရုံးချုပ် (မန္တလေး) တို့က မှားယွင်းဆုံးဖြတ်ထားလို့ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အဖြစ်ခွင့်ပြုပြီး ပြင်ဆင်ဆုံးဖြတ်ပေးလိုက်ရတဲ့အမှုက ၁၀ မှု ရှိတာကိုတအံ့တသြ တွေ့ရပါတယ်။ မှားတာကို ပြင်ဆင်ပေးတာဘဲ ကျေးဇူးတင်ရအုံးမယ်။**

ပြစ်မှုဆိုင်ရာအမှုတွေကို စစ်ဆေးတဲ့အခါ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ၊ ဒါမှမဟုတ် အထူးဥပဒေတွေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေကိုလိုက်နာပြီးမှ စစ်ဆေးစီရင်ရတာပါ၊ ဥပဒေပြဋ္ဌာန်းချက်ကိုကျော်လွန်ပြီးမှ ဆုံးဖြတ်လို့မရပါဘူး၊ အောက်ရုံးက ဆုံးဖြတ်ထားတာကိုမကျေနပ်လို့ အထက်တရားရုံးကို တက်လာပါတယ်ဆိုမှ အထက်တရားရုံးအဆင့်ဆင့်ကလည်း ထပ်မှားနေသေးတယ်ဆိုရင် ဘယ်ကောင်းတော့မှာလဲ၊ မှုခင်းတွေကို မှန်မှန်နဲ့ မြန်မြန်စစ်ဆေးတာကောင်းပါတယ်၊ ဒါပေမဲ့ ဥပဒေအရ ခွင့်ပြုထားတဲ့ အခွင့်

အရေးတွေကို လျစ်လျူရှုပြီး တရားရုံးက လုပ်ဆောင်လို့မရပါဘူး။ လောင်းကစားမှုနဲ့ မူးယစ်ဆေးဝါးမှုတွေကို စစ်ဆေးတဲ့အခါ ထိုက်သင့်တဲ့ ခုခံချေပခွင့်တော့ပေးသင့်တာပေါ့၊ စီမံချက်အမှုတွေဖြစ်လို့ ရှေ့နေငှားထုချေလည်း ကျမှာဘဲဆိုတဲ့ သဘောမျိုးကတော့ မကောင်းဘူးပေါ့၊ ဒါနဲ့ပတ်သက်လို့ ၁၉၉၃ ခုနှစ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေမှာ တသက်တကျွန်းပြစ်ဒဏ်ချမှတ်ခွင့်ရှိတယ်လို့ ဘယ်ပုဒ်မမှာမှ ပြဋ္ဌာန်းထားခြင်း မရှိပါဘူး၊ အများဆုံး နှစ်အကန့်အသတ်မရှိထောင် ဒဏ်ကိုဘဲ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ တသက်တကျွန်းနဲ့ နှစ်အကန့်အသတ် မရှိထောင်ဒဏ် ဘယ်လိုကွာသလဲဆိုတော့၊ တသက်တကျွန်းဒဏ်ဆိုတာ နှစ် (၂၀) အထိဘဲ သတ်မှတ်ထားပါတယ်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ဆိုတာက ပိုပြီးပြစ်ဒဏ်ကြီးလေးပါတယ်၊ ဘာလို့လဲဆိုတော့ အကန့်အသတ်မှ မရှိဘဲကိုး၊ တရက်လည်း ဖြစ်နိုင်တယ် တနှစ်လဲဖြစ်နိုင်တယ် ဆယ်နှစ်လဲဖြစ်နိုင်တယ်။ ဥပဒေတရပ်ကိုပြဋ္ဌာန်းတဲ့အခါ တိတိကျကျ ရှင်းရှင်းလင်းလင်းရှိဖို့လိုအပ်တယ်၊ နအဖ လက်ထက်မှာတော့ ဒါတွေမလိုပါဘူးလို့ ပြောမှာပေ့ါ။

အမှုအကြောင်းကိုဆက်ရမယ်ဆိုရင် ရှမ်းပြည်နယ်တရားရုံး (တောင်ကြီးခရိုင်) ဖြစ်ပွားခဲ့တဲ့မူးယစ်ဆေးဝါးမှုပါ၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ (က) ပြစ်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိထောင်ဒဏ် အထိ ချမှတ်ခွင့်ရှိကြောင်းမြင်သာသည်။ တရားရုံးချုပ်က အယူခံတရားခံများအပေါ် ထောင်ဒဏ်တသက်တကျွန်းစီကျခံစေရန် ချမှတ်သည့် အမိန့်သည် ယင်းဥပဒေပုဒ်မတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့်ပြစ်ဒဏ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ထောင်ဒဏ်တသက်တကျွန်းစီကျခံစေရန်ချမှတ်ထားသော အမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ကျွန်ုပ်တို့ သဘောရရှိသည်။[၂] တရားရုံးချုပ်တရားသူကြီးရဲ့ ဆုံးဖြတ်ချက်မှားလို့ လိုက်ပြီးပြင်ပေးရတဲ့သာဓက နောက်တခုပေါ့ဗျာ၊ လူတယောက်ကို ပြစ်ဒဏ်ပေးဖို့ရာ ပြဋ္ဌာန်းစာအုပ်ကိုတောင်မှ ပြန်ပြီးဖတ်မကြည့်ဘူးထင်ပါရဲ့၊ အချိန်အားလေး ရတုံးမှာ ဝါသနာအရ ဖတ်မိတဲ့ ၂၀၀၁ ခုနှစ် စီရင်ထုံးများထဲက ကောက်နှုတ်ပြီးဖေါ်ပြထားတာပါ။ တနှစ်ကိုတခါ တရားရုံးချုပ်က တနှစ်လုံးမှာဆုံးဖြတ်ခဲ့တဲ့ အမှုတွေထဲက အရေးပါတဲ့အမှုတွေကိုရွေးချယ်ပြီးမှ ထုတ်ဝေတာပါ။ ၂၀၀၁ မှာတော့ စီရင်ထုံးပြုတဲ့ပြစ်မှုဆိုင်ရာ အမှုပေါင်း ၁၅ မှုရှိတဲ့အနက် တရားရုံးချုပ် (ရန်ကုန်) နဲ့ တရားရုံးချုပ် (မန္တလေး) တို့က မှားယွင်းဆုံးဖြတ်ထားလို့ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု အဖြစ်ခွင့်ပြုပြီး ပြင်ဆင်ဆုံးဖြတ်ပေးလိုက်ရတဲ့အမှုက ၁၀ ရှိတာကိုတအံ့တသြတွေ့ရပါတယ်။ မှားတာကို ပြင်ဆင်ပေးတာဘဲ ကျေးဇူးတင်ရအုံးမယ်၊ အမှုတွေကြန့်ကြာရတဲ့ကိစ္စရပ်တွေမှာ အဲဒီလို အရည်အချင်းမပြည့်ဝတဲ့ တရားသူကြီးတွေရဲ့ဆုံးဖြတ်ချက်တွေကိုမကျေနပ်လို့ အထက်တရားရုံးအဆင့်ဆင့်ကို တက်ရောက်နေရလို့ကြာမြင့်တာလဲ အကြောင်းတရပ်ဖြစ်ပါတယ်။

လုပ်သားပြည်သူတရပ်လုံးစားဝတ်နေရေးကြပ်တည်းကျတဲ့အခါမှာ ပြစ်မှုဆိုင်ရာအမှုတွေ ပိုလို့များပြားလာမယ်၊ ဒါဟာသဘာဝဘဲ ကျနော်တို့မှာ "အူမတောင့်မှ သီလစောင့်နိုင်မယ်" ဆိုတဲ့ ဆိုရိုးစကားတခုတောင် ရှိသေးတယ်မဟုတ်လား၊ တယောက်ထဲတော်ရင်တော်သေးတယ်၊ သားသမီးတွေ၊ မိန်းမတွေ၊ မိဖဆွေမျိုးတွေနဲ့ အတူနေသူတွေ စားဝတ်နေရေးအစဉ်မပြေရင် ဘယ်သီလစောင့်နိုင်ပါတော့မလဲ၊ လိမ်ကြ၊ ကောက်ကြ၊ ခိုးကြ၊ ဓက်

ကြနဲ့ တပြည်လုံးရာဇဝတ်မှုတွေ ပိုလို့ပိုလို့ပေါများလာတာ သဘာဝပါဘဲ။ အမှုအခင်းတွေများရတဲ့ အဓိက အကြောင်းရင်းကိုမစဉ်းစားမသုံးသပ်ပဲ တရားရုံးမှာအမှုတွေများနေတာကို အမြန်စစ်ဆေးစီရင်ခိုင်းနေတဲ့ နဝတလိုအစိုးရလည်း ကမ္ဘာမှာသူ့အပြင်ရှိလိမ့်မယ်တောင်မထင်ဘူး။ မှုခင်းတရပ်ဖြစ်လာရင် ရဲအရေးပိုင်တဲ့အမှု၊ ရဲအရေးမပိုင်တဲ့အမှု၊ အာမခံပေးလို့ရတဲ့အမှု၊ အာမခံပေးလို့မရတဲ့အမှု စသဖြင့်ခွဲခြားထားပါတယ်၊ တရားရုံးတွေရဲ့ရုံးခန်းတွေမှာ၊ သက်ဆိုင်ရာရဲစခန်းတွေမှာ ဘယ်လိုပြစ်မှုမျိုးကဖြင့် အာမခံပေးလို့ရတယ်၊ ဘယ်လိုပြစ်မှုက အာမခံပေးလို့မရဘူး၊ အာမခံပေးလို့မရတဲ့အမှုလို့သတ်မှတ်ထားပေမဲ့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ၄၉၇ (၁) (၂) မှာ ရဲစခန်းနဲ့ တရားသူကြီးတို့ လိုက်နာဆောင်ရွက်ဖို့ရေးသားထားပါတယ်။ ရဲစခန်းက အာမခံမပေးနိုင်တဲ့ အမှုများမှာ တရားရုံးရှေ့ရောက်မှ တရားရုံးဆင်ခြင်တုံတရားအရ အာမခံပေးနိုင်အောင်ရေးဆွဲထားတာပါ။ဥပဒေတရပ်ကို အကောင်အထည်ဖေါ်မဲ့လုပ်ထုံးလုပ်နည်းကျင့်ထုံးကို ဘယ်သူကမှ အပိုတွေထည့်မရေးပါဘူး။

> **အမှုအခင်းတွေများရတဲ့ အဓိက အကြောင်းရင်းကို မစဉ်းစား မသုံးသပ်ပဲ တရားရုံးမှာ အမှုတွေများနေတာကို အမြန် စစ်ဆေးစီရင်ခိုင်းနေတဲ့ နဝတ/ နအဖလို အစိုးရလည်း ကမ္ဘာမှာ သူ့အပြင်ရှိလိမ့်မယ် တောင်မထင်ဘူး။**

အခုအမှုမှာတော့ ဘယ်သူ့ကို အပြစ်ပုံချရမလဲဆိုတာ စာဖတ်သူတို့စဉ်းစားပေးကြပါဦး– ဖြစ်ပုံကဒီလိုပါ တောင်ဥက္ကလာပ ရဲစခန်းမှာ ပထမသတင်းပေးတိုင်ချက်အမှတ် ဖ၄၈ ၊ ၁၉၉၉ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆နဲ့ အရေးယူထားတဲ့ တရားခံ အောင်စိုးဝင်းခေါ် လုံးလုံးအား အာမခံသူများဖြစ်တဲ့ ဦးအောင်ကြည်နှင့် ဦးသန်းလွင်တို့က တရားခံဖြစ်သူအား တရားစွဲတင်ပို့နိုင်ရန်အတွက် ရဲစခန်းသို့ပို့အပ်ပေးရန် ပျက်ကွက်တဲ့အတွက် တောင်ဥက္ကလာပ ဒုရဲအုပ် ဦးဌေးဝင်းက တောင်ဥက္ကလာပရဲစခန်းတွင် တိုင်ချက်ရေးဖွင့်ပြီး ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၄ အရ အရေးယူ အမှုဖွင့်ခဲ့တာဖြစ်တယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ နဲ့ စွဲဆိုခြင်းခံထားရတဲ့သူကို ရဲစခန်းက အာမခံပေးလို့မရပါဘူး၊ တရားရုံးရောက်မှ တရားရုံးက အာမခံပေးသင့်တယ်လို့ထင်မြင်ရင် အာမခံနဲ့ အချုပ်လွှတ်ထုချေခွင့်ပြုမှာပါ။ ဒါဖြင့်ရဲစခန်းကမသိလို့ အာမခံပေးလိုက်တယ်ထင်ပါသလား၊ လုံးဝဥဿုံသိရှိပါတယ်။ ဘာကြောင့်ဒီလိုပြောရသလဲဆိုရင် အမှုဖွင့်ထားတာက ပုဒ်မ ၄၀၆ နဲ့၊ ဒါပေမဲ့ ခံဝန်ချုပ် ချုပ်ဆိုတဲ့အခါမှာ ပုဒ်မ ၄၂၀ ကိုပြောင်းပြီးရေးထားတာ၊ ပုဒ်မ ၄၂၀ က အာမခံပေးလို့ရတဲ့အမှုလေ၊ ကျောက်သင်ပုန်းကြီးမှာကို ရေးထားတာကြောင့် မသိစရာမရှိပါ၊ ခံဝန် ၂ ဦးနဲ့ အာမခံပေးလိုက်တဲ့အတွက် ဘယ်လောက်ရလိုက်သလဲတော့မသိပါ။ ပြဿနာဖြစ်ချင်တော့ တရားခံက ရဲထက်ပိုပြီးအတွေ့အကြုံရှိတယ်ထင်ပါရဲ့၊ အာမခံလဲရရော တခါထဲပြေးလိုက်တာ ရှာလို့ကိုမတွေ့နိုင်တော့ဘူး။ ရုံးတင်ရမဲ့ရက်ကိုလဲရောက်ရော တရားခံဖြစ်သူ မပေါ်လာတော့ဘူး၊ ဒီတော့မှ ပြည်သူ့ရဲတွေလဲ ဒုစရိုက်ကောင်ကိုမိအောင် အားကြိုးမာန်တက်လိုက်ရှာတယ် မတွေ့ပါဘူး၊ မတွေ့တော့ အလွယ်လေး အာမခံ ခံဝန်ချုပ်ဆိုသူတွေကို အရေးယူပေးဖို့ တရားရုံးကိုတင်ပို့ရတာပါဘဲ၊ တရားရုံးရှေ့ အမှုရောက်လာတော့ အာမခံထားတဲ့သူတွေကို မြန်မြန်နဲ့မှန်မှန် တရားစီရင်ရေးဆိုတဲ့အတိုင်း ဒဏ်ငွေကျပ်လေးသိန်းအနက် ၂ သိန်း ပေးဆောင်ရန် အမိန့်ချခဲ့တယ်။ မကျေနပ်လို့ တိုင်းတရားရုံးတက်တော့လည်း ပြင်ဆင်မှုကို ပလပ်ခံရပြန်တယ်၊

နောက်ဆုံးတော့ မျှော်လင့်တကြီးနဲ့ တရားရုံးချုပ်မှာ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၆၀ (ခ) ၂၀၀၀ အရ ဆက်လက်လျှောက်ထားတဲ့အခါမှာတော့ ဒဏ်ကြေးငွေ ၂ သိန်းအနက် ၁ သိန်းကိုသာ ပေးလျော်စေဖို့ အမိန့်ချလိုက်ပြန်တယ်။ ဒါကိုလဲ မကျေနပ်နိုင်သေးဘူး၊ ဘယ်ကျေနပ်ပါ့မလဲ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့မှ ညီညွတ်မှုမရှိတာ။ နောက်ဆုံး တရားရုံးချုပ်ကို အထူးအယူခံမှုအဖြစ် ဖွင့်လှစ်ပေးဖို့ တင်ပြလာတဲ့အထိ ဆိုပါတော့။ ဒီတော့မှ တရားရုံးချုပ်တရားသူကြီးများက အမှုကိုလက်ခံပြီး သုံးသပ်ကြည့်တဲ့အခါ ဘာတွေတွေ့သလဲဆိုတော့ ပထမဆုံး အာမခံမပေးနိုင်တဲ့အမှုမှာ အာမခံပေးနိုင်သူက စခန်းမှူးဖြစ်တယ်။ စခန်းမှူးထက်နိမ့်တဲ့သူက အာမခံမပေးနိုင်ဘူး၊ ဒါပေမဲ့ အာမခံဝန်ချုပ်ကို ချုပ်ဆိုတဲ့နေရာမှာ ဘယ်သူ့ရဲ့ရှေ့မှောက်မှာပြုလုပ်ကြောင်း ဖော်ပြမထားဘူး၊ ဒီတော့ ဘယ်သူ့ကို အရေးယူရမယ်မှန်း မသိတော့ဘူး။ တနည်းအားဖြင့် ပြည်သူ့ရဲမို့ ပြည်သူကို ကူညီလိုက်တယ်လို့ယူဆရင်ရတာပေ့ါဗျာ။ ဒါပေမဲ့နစ်နာလို့ တရားစွဲထားတဲ့သူကတော့ ဒီလိုထင်မှာမဟုတ်ဘူး၊ ရဲတွေလာဘ်စားပြီး လုလည်ကျတာလို့ မိုးမဆုံးလေမဆုံးတွေ့တဲ့သူတိုင်းကို ပြောပြနေအုံးမှာပါ၊ အဲဒီတော့မှ အထူးအယူခံ ပညာရှိတရားသူကြီးများက ခံဝန်ချုပ်ဟာ ဥပဒေနဲ့အညီချုပ်ဆိုထားတဲ့ ခံဝန်ချုပ်လို့မဆိုနိုင်တဲ့အတွက် တရားရုံးအဆင့်ဆင့်က အရေးယူပြီး ဒဏ်ကြေးငွေပေးဆောင်စေရန် ချမှတ်ထားတဲ့ အမိန့်ဟာ ဥပဒေနဲ့ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်[၃] ဆိုပြီး တရားရုံးချုပ်ရဲ့အမိန့်ကိုပါ ပယ်ဖျက်ပေးလိုက်ရပါတော့တယ်။

ဤသို့ဆိုလျှင် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်များသည် သို့လောသို့လော တွေးတောစရာများပင် မဟုတ်ပါလား။

<u>အောက်ခြေမှတ်စုများ</u>

*၁။ သန်းဌေးပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၀၁ ဩဂုတ်လ ၃ ရက် တရားစီရင်ထုံးများ ၂၀၀၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတရားရုံးချုပ်။ (စာမျက်နှာ–၆၃–၇၆)*

*၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အောင်မြင့် (ခ) အားချင် ပါ (၂) တရားစီရင် ထုံးများ ၂၀၀၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတရားရုံးချုပ်။ (စာမျက်နှာ ၃၈–၄၁)*

*၃။ ဦးအောင်ကြည်ပါ ၂ နှင့်ပြည်ထောင်စုမြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာအထူးအယူခံမှု အမှတ် ၂၇ ၊တရားစီရင်ထုံးများ ၊ ၂၀၀၁ ခုနှစ် (စာမျက်နှာ ၁၁၃–၁၉)*

## အခြေခံဥပဒေရေးရာ

# အခြေခံဥပဒေရေးရာသတင်းအတိုအထွာများ

မှတ်တမ်းနှင့် သုတေသနဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

### ခုံရုံးမှ မြို့တော်ဝန်ဟောင်းတဦးအား ပထမဦးဆုံးအကြိမ် အမှုမှတရားသေလွှတ်

လူများအားအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင့်သည့်အမှု အပါအဝင် ရာဇဝတ်မှုစွဲချက် (၇) ခုဖြင့် တရားစွဲဆိုခံထားရသော အက်ဂ်နန့် ဘာဂေးရှီမာ **(Ignace Balilishema)** ကို အောက်တရားရုံးမှ ၂၀၀၁ ခုနှစ် ဇွန်လ၌ တရားသေလွှတ်ရန် အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကိုထပ်မံ၍ ပြင်သစ်နိုင်ငံမှ တရားသူကြီး ကလောက်ဒီဂျော်ဒါ **(Claude Jorda)** (ဥက္ကဌ)၊ ဂွာရာနာ **(Guyana)**မှ မိုဟန်း ရှဟာဘဒ်ဒန် **(Mohamed Shahabuddeen)**၊ ဩစတြေးလီးယာမှ ဒေးဗစ် ဟန့် **(David Hunt)**၊ အီတလီမှ ဖော့တို ပိုကာ **(Fausto Pocar)** နှင့် အမေရိကန်မှ သီအိုဒို မီရွန်**(Theodor Meron)** တို့ပါဝင်သည့် ရဝမ်ဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရာဇဝတ် ခုံရုံး **(ICTR)** အယူခံတရားရုံးတရားသူကြီးအဖွဲ့မှ လွှန်ခဲ့သည့် ဇူလိုင်လ ၂ ရက်၊အင်္ဂါနေ့တွင် ကြားနာပြီး၊ ဇူလိုင်လ ၃ ရက်၊ ဗုဒ္ဓဟူးနေ့တွင် အတည်ပြုသည့် အမိန့်ချမှတ်လိုက်ရာ ၎င်းသည် အမှုမှ လုံးဝဥဿုံ ကွင်းလုံးကျွတ် လွတ်မြောက်သွားပြီဖြစ်သည်။

အက်ဂ်နန့် ဘာဂေးရှီမာသည် ရဝမ်ဒါအနောက်ဘက်စွန်းခရိုင် ကီဘူရီ **(Kibuye)** ရှိ မာဘာဇာ **(Mabanza)** ဒေသန္တတရအုပ်ချုပ်ရေး နယ်မြေလေးရဲ့ မြို့တော်ဝန်ဟောင်း ဖြစ်ပါသည်။ ၎င်းသည် ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ကစပြီး ရုံးတင်စစ်ဆေးခြင်းခံခဲ့ရပြီး၊ သံသယရှိခြင်းခံရသူများအနက် ခုံရုံးမှ ပထမဦးဆုံး တရားသေလွှတ်ပေးခြင်းခံခဲ့ရသူဖြစ်သည်။

၎င်းအား ၁၉၈၀ ခုနှစ် ဖေဖေါ်ဝါရီလမှ ၁၉၉၄ ဇူလိုင်လအထိ သူမြို့တော်ဝန်အဖြစ် တာဝန်ယူထားသည့် မာဘာဇာ ဒေသန္တရအုပ်ချုပ်ရေးနယ်မြေအတွင်း တွတ်ဆီလူမျိုးဒုက္ခသည်များအား ဂတ်ဝရို **(Getwaro)** အားကစားကွင်း၌ ရက်ရက်စက်စက် သတ်

ဖြတ်ရန် အစီအစဉ်ကို အကူအညီပေးခဲ့သည်ဟု တရားလိုဘက်က စွပ်စွဲချက်များအားလုံးကို အယူခံတရားသူကြီးအဖွဲ့ဝင် ငါးဦးလုံးမှ ကန့်ကွက်သူမရှိ ပယ်ချလိုက်ပြီး၊ ၎င်းအားအမြန်ဆုံးလွှတ်ပေးရန် အမိန့် ချမှတ်လိုက်သည်။

ဤစွဲချက်များအပေါ် ၂၀၀၁ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် နော်ဝေနိုင်ငံမှ တရားသူကြီး မို့စ် **(Mose)** (ဥက္ကဋ္ဌ)၊ သီရိလင်္ကာမှ အစိုကာ ဒီ ဇိုဆာ ဂူနဝါဒနာ **(Asoka de Zoysa Gunawardana)** နှင့် တူရကီနိုင်ငံမှ မီမက် ဂူနေး **(Mehmet Guney)** တို့ဖြင့် ဖွဲ့စည်းထားသော တရားသူကြီးအဖွဲ့ (၁) မှလည်း နှစ်မဲ၊ တစ်မဲ မဲအများစုဖြင့်၊ ဤအမှုတွင် တရားခံ၌အပြစ်ရှိကြောင်း တရားလိုဘက်မှ သက်သေအခိုင်အမာမပြနိုင်ဟု သတ်မှတ်ခဲ့ပြီးဖြစ်သည်။

၁၉၉၅ ခုနှစ် တရားရုံးများစတင်ကတည်းက တရားရုံးမှ ပထမဆုံးအကြိမ် တရားသေလွှတ်ခြင်းလည်း ဖြစ်ပါသည်။

အက်ဂ်နန့် ဘာဂေးရှိမာ၏ ရှေ့နေတစ်ဦးဖြစ်သူ ဖရန့်ကို ရော့ **(Francois Roux)** က တရားရုံး၏ ဆုံးဖြတ်ချက်ကို ကြိုဆိုလိုက်ပါပြီး၊ လူကြီးလူကောင်းနှစ်ဦးမှ အာမခံရမည်ဖြစ်ပြီး ဘယ်အချိန်မဆို ခုံရုံးမှဆင့်ခေါ်လျှင် ရုံးတော်သို့လာရောက်ရန်၊ ၎င်း၏ ပြင်သစ်နိုင်ငံ အိမ်လိပ်စာပေးရန်နှင့် အိမ်လိပ်စာပြောင်းတိုင်းအနီးဆုံးရဲစခန်းကို အကြောင်းကြားရန်၊ ခုံရုံးမှ အသိအမှတ်မပြုပဲ ပြင်သစ်နိုင်ငံမှ ထွက်ခွာခြင်းမပြုရန်၊ ခုံရုံးမှတခြားဆုံးဖြတ်ချက်မပေးပါက ခရီးသွားခွင့်အထောက်အထားများကို ပြင်သစ်ရဲများထံ ပြန်လည်အပ်နှံရန်စသည့် သူ့အမှုသည်အပေါ်ချမှတ်ထားသည့် ကန့်သတ်မှုများကို ဖယ်ရှားပေးရန် လျှောက်ထားခဲ့ပါသည်။

အယူခံတရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ကလောက်ဒီ ဂျော်ဒါ **(Claude Jorda)** က ၎င်းအား အမြန်ဆုံးလွှတ်ပေးရန် တရားသူကြီးအဖွဲ့မှ အမိန့်ချမှတ်လိုက်ပြီးဖြစ်၍ သူ့အပေါ်ချမှတ်ထားသည့် ကန့်သတ်ချက်များလျော့ပေါ့ပေးရေးအတွက် ဆုံးဖြတ်ပေးရန် မလိုအပ်တော့ကြောင်းဆိုပါသည်။

တရားခံရှေ့နေ ရော့ **(Roux)** က သူ့အမှုသည်အား တရားသေလွှတ်လိုက်ခြင်းက အပြည်ပြည်ဆိုင်ရာ တရားရုံးများသည် ပြစ်တင်ရှုတ်ချမှုအတွက် ယန္တရားတစ်ခုမဟုတ်ပဲ တရားမျှတမှုအတွက် ဖွဲ့စည်းထားသည့်အရာဖြစ်ကြောင်းသက်သေပြ လိုက်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ရဝမ်ဒါနိုင်ငံ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး **(ICTR)** ရဲ့ ရည်မှန်းချက်ပန်းတိုင်ဟာဖြင့် တရားမျှတမှု ရှာဖွေပေးရေးသာမဟုတ်ပဲ ရဝမ်ဒါနိုင်ငံတွင်း ပြန်လည်သင့်မြတ်ရေး တိုးတက်ဖြစ်ပေါ်လာရေးလည်းဖြစ်သည်ဟုဆိုပါသည်။

အက်ဂ်နန့် ဘာဂေးရှိမာ **(Ignace Balilishema)** အသက် (၄၇ နှစ်) သည် ကလေး လေးယောက်ရှိ ဖခင်တဦးဖြစ်ပြီး၊ ၁၉၉၉ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၀ ရက်နေ့၊ တောင်အာဖရိကတွင် အဖမ်းခံခဲ့ရခြင်းဖြစ်သည်။

## အင်ဒိုနီးရှားလူ့အခွင့်အရေးတရားရုံး၏ စီရင်ချက်များ တရားမျှတမှုရှိမရှိ

၁၉၉၉ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့နှင့် ၆ ရက်နေ့က အနည်းဆုံးလူ ၁၅ ဦး သေဆုံးခဲ့သော ရိုမန်ကက်သလစ် ဘုန်းတော်ကြီး ကားလို့စ် ဇီမန်င်းစ်ဘဲလိုး **(Carlos Xime-**

**nes Belo)** နေအိမ်နှင့် ရုံးကို အင်ဒိုနီးရှားပြည်သူစစ်များကတိုက်ခိုက်မှုကို ကာကွယ်ရန် ပျက်ကွက်ခြင်းဖြင့် ပြစ်မှုထင်ရှားကြောင်း လူ့အခွင့်အရေးတရားရုံးက အင်ဒိုနီးရှား စစ်ဘက်ဆိုင်ရာ အရာရှိတဦးကို ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ၅ နှစ် ထောင်ဒဏ်ချမှတ်လိုက်ပါသည်။

၂၄ နှစ်ကြာ အင်ဒိုနီးရှားအုပ်ချုပ်မှုအောက်မှ ခွဲထွက်ရန် ကြိုးပမ်းစဉ်ကာလ၊ ကုလသမဂ္ဂကြီးကြပ်မှုဖြင့်ကျင်းပသော လွတ်လပ်ရေးအတွက် ဆန္ဒမဲပေးပွဲကျင်းပစဉ်နှင့် ကျင်းပပြီးကာလများက သွေးထွက်သံယို အကြမ်းဖက်မှုနှင့်ပါတ်သက်၍ ဆိုဂျာဝို **(Soejarwo)** သည် ပထမဦးဆုံး အပြစ်ပေးခံရသူ အင်ဒိုနီးရှားလူမျိုး စစ်ဘက်ဆိုင်ရာအကြီးအကဲဖြစ်ပါသည်။

အစောပိုင်း တခြားအင်ဒိုနီးရှားလူမျိုး စစ်သားများနှင့် ဗျူရိုကရက်များကို အစီအရီ တရားသေလွှတ်ပေးခဲ့သည့် စီရင်ချက်နှင့် ပြစ်ဒဏ်ချမှတ်မှုများအပေါ် အကြီးအကျယ် အလိုမကျသော မှတ်ချက်များ ပေါ်ထွက်ခဲ့သည်။

ယခု ဆိုဂျာဝို အပေါ်ချမှတ်လိုက်သည့်ပြစ်ဒဏ်သည် တရားလိုဘက်မှ မျှော်လင့်ထားသည့် ထောင်ဒဏ်ရဲ့ ထက်ဝက်သာရှိပြီး၊ အင်ဒိုနီရှားနိုင်ငံတရားဥပဒေအရ ပြစ်မှုထင်ရှားပါက သေဒဏ်အထိပင် ကျခံနိုင်ပါသည်။ ထို့အပြင် လပေါင်းအတော်အတန်ကြာနိုင်သည့် အယူခံဝင်ခြင်းလုပ်ထုံးလုပ်နည်းများကြောင့် သူသည် အယူခံကြားနာမည့်အချိန်ထိ လွတ်လပ်နေဦးမည်ဖြစ်ပါသည်။

တရားသူကြီး အင်ဒီ ဆမ်ငန်ရို **(Samsam Nganro)** က တရားခံသည် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုကျူးလွန်ခြင်းဖြင့် ပြစ်မှုထင်ရှားကြောင်း၊ ဆရာတော်ဘဲလို နေအိမ်၌ဖြစ်ပွားခဲ့သော သတ်ဖြတ်မှုအပါအဝင် အကြမ်းဖက်မှုများကို ကာကွယ်ရန် ပျက်ကွက်ခဲ့ကြောင်းဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

တရားလိုဘက်က ထောင်ဒဏ် ၁၀ နှစ် အမိန့်ချမှတ်ပေးရန် တောင်းဆိုခဲ့သော်လည်း၊ တရားသူကြီးက သူသည် တိုက်ခိုက်မှုများကိုကာကွယ်ရန် ကြိုးစားခဲ့သည်ဟုဆိုကာ ထောင်ဒဏ် ၅ နှစ်သာ ချမှတ်ခဲ့သည်။

သူသည် တချို့သော အကြမ်းဖက်မှုများကိုကာကွယ်ရန် အကောင်းဆုံး ကြိုးစားခဲ့သည်ဟူ၍လည်းကောင်း၊ အကယ်၍ သူသည် ထိုသို့ မပြုလုပ်ခဲ့ပါက သေဆုံးအရေအတွက် ဒီထက်မက ပိုမိုများပြားလိမ့်မည်ဟု တရားသူကြီးက ဆိုပါသည်။

အင်ဒိုနီးရှား၏ တရားစီရင်ရေးကို စောင့်ကြည့်အကဲခတ်လျက်ရှိသည် တရားစီရင်ရေးဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့မှ မိုဟာမက် အက်စ်ရမ် **(Mohammad Asrun)** က အပြစ်ဒဏ်ချမှတ်ခြင်းသည် ဆိုးဝါးသော ရာဇဝတ်မှုအဖို့ မလုံလောက်သော စီရင်ဆုံးဖြတ်ချက်ဖြစ်သည်ဟူ၍လည်းကောင်း၊ ဤကဲ့သို့သော တရားခံအား သက်ညှာစွာ အပြစ်ပေးမည်ဆိုပါက သူသည် ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ကြောင်းဖြင့် ပြစ်မှုထင်ရှားသည်ဟု ပြောဆိုရန် မလိုအပ်ကြောင်း ဆိုပါသည်။

ယခုနှစ်များအတွင်း မကြာသေးမီက အကြမ်းဖက်မှုစွဲချက်ဖြင့် စွပ်စွဲခံရသူ အရာရှိ ၁၈ ယောက်ထဲမှ အင်ဒိုနီးရှားလူမျိုး ၁၀ ဦးကို စွဲချက်များမှ အစီအရီ ကင်းလွတ်ကြောင်း တရားသေလွှတ်ခဲ့ပြီး၊ နယ်မြေအုပ်ချုပ်ရေးမှူးနှင့် နာမည်ဆိုးဖြင့် ကျော်ကြားသော ပြည်သူ့စစ်ခေါင်းဆောင်တို့ နှစ်ဦးကိုသာ ပြစ်မှုထင်ရှားကြောင်းဖြင့် ထောင်ဒဏ်သုံးနှစ်နှင့် ဆယ်နှစ် အထိ ချမှတ်ခဲ့သည်။ သို့သော် ပြစ်မှုထင်ရှားကြောင်းဖြင့် ပြစ်ဒဏ်ချမှတ်ခံရသူ နှစ်ဦးစ

လုံးမှာ အရှေ့တီမော ဌာနေလူမျိုးများဖြစ်နေကြခြင်းမှာ ထူးထူးခြားခြား တိုက်ဆိုင်မှု မဖြစ်နိုင်ချေ။

ဆိုဂျာဝို (Soejarwo) က သူအပေါ်ချမှတ်သည့်အမိန့်ကို လက်မခံနိုင်ကြောင်း၊ ဤတရားစီရင်မှုသည် တရားမျှတမှုမရှိကြောင်း၊ လုံခြုံရေးအတွက် သူသည် အစွမ်းကုန် ကိုယ်ကျိုးစွန့်လုပ်ဆောင်ခဲ့ကြောင်းဆိုကာ တရားသူကြီးထံ အယူခံဝင်မည် ဖြစ်ကြောင်း လျှောက်ထားခဲ့ပါသည်။

အလွန်ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အင်ဒိုနီးရှားပြည်သူ့စစ်များ ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများကို ကာကွယ်ရန်ပျက်ကွက်မှုဖြင့် တရားစွဲဆို ပြစ်ဒဏ် ချမှတ်ခံရသူ ဒုတိယမြောက် အင်ဒိုနီးရှားလူမျိုး လုံခြုံရေးအရာရှိတဦးမှာ အရှေ့တီမောမြို့တော် ဒီလီ၏ ရဲအရာရှိချုပ်ဟောင်း ဒု–ဗိုလ်မှူးကြီး ဟာမင်န်း ဂလ်တွမ် (Lt-Colonel Herman Gultom) ဖြစ်ပါသည်။

တရားသူကြီးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ တရားသူကြီး အင်ဒရီယနီ နာဒင် (Andriani Nurdin) က ဟာမင်န်း ဂလ်တွမ်းသည် သူ့လက်အောက်ငယ်သားများနှင့် အင်ဒိုနီးရှား ထောက်ခံသူ ပြည်သူ့စစ်များ၏ အကြမ်းဖက်တိုက်ခိုက်မှုကို ကြိုတင်မှန်းဆရန်၊ ကာကွယ်ရန် ပျက်ကွက်ခဲ့ကြောင်း၊ တရားခံသည် တရားဝင် ခိုင်မာသည့်အထောက်အထားများအရ ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့ခြင်းဖြင့် ပြစ်မှုထင်ရှားကြောင်း စီရင်ချက်တွင် ထည့်သွင်းဖတ်ကြားသွားပါသည်။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ (၂၀) ရက်နေ့တွင် သူကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် ထောင်ဒဏ် သုံးနှစ် ကျခံစေရန် တရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မည် ဖြစ်ကြောင်း ဟာမင်န်း ဂလ်တွမ် က ဆိုပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများစီရင်ရန် ထူထောင်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံ အထူး တရားရုံးသည် အင်ဒိုနီးရှားတပ်များ အရှေ့တီမောမှ ဆုတ်ခွာအပြီး ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် နိုင်ငံတကာဖိအားဖြင့် ထူထောင်ခဲ့ခြင်း ဖြစ်ပြီး၊ လတ်တလော တရားမျှတမှုမရှိပဲဘက်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များကြောင့် ဝေဖန်ခံနေရပါသည်။

## တရားရုံးကအခြေခံဥပဒေချိုးဖေါက်ရာရောက်နိုင်ဟု အမျိုးသား ခွဲခြားမှုတိုက်ဖျက်ရေး ကော်မရှင်က ပြောကြား

ထိုင်းနိုင်ငံ။ ။ အမျိုးသားခွဲခြားမှုတိုက်ဖျက်ရေးကော်မရှင် (NCCC) အား အသာရေဖျက်မှု ကျူးလွန်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဟောင်း၏ တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ထိုအမှုကိုလက်ခံကြားနာရန် တရားရုံးတွင် အခွင့်အာဏာမရှိကြောင်း (NCCC) မှ ပြောဆိုသည်။

ဝန်ကြီးဟောင်း ရက်ခ်ီယက် ဆူတာနာ က ကော်မရှင်အဖွဲ့ဝင် ၁၄ဦးတို့သည် ၎င်းအား ဆေးများနှင့်ဆေးဘက်ဆိုင်ပစ္စည်းများရယူရန် ဝန်ကြီးဌာနကို လိမ်ညာခဲ့ကြောင်း မတရား

ကျေညာခဲ့သည်ဟုဆိုကာ **(NCCC)** အား အသာရေဖျက်မှုနှင့် ရာဇဝတ်တရားရုံးသို့ စက်တင်ဘာလ ၁၃ ရက်နေ့တွင် လျှောက်ထားခဲ့ခြင်းဖြစ်သည်။ တရားရုံးအနေဖြင့် ထိုအမှု လက်ခံလက်မခံကြားနာရန် နိုဝင်ဘာ ၂၈ ရက်နေ့ကို သတ်မှတ်ခဲ့သည်။ သို့သော် **(NCCC)** က ၎င်းတို့သည် အခြေခံဥပဒေအရ အပ်နှင်းထားသော အာဏာအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း အကယ်၍ မစ္စတာရတ်ခီယတ်၏ လျှောက်ထားချက်ကို တရားရုံးကကြားနာပါက တရားရုံးသည် အခြေခံဥပဒေအားချိုးဖေါက်ရာရောက်ကြောင်း တရားရုံးတော်သို့ ကန့်ကွက်ထားသည့်အတွက် ထိုအမှုကိုဆိုင်းငံ့ထားရ၏။

ဤနေရာမှ ဖြတ်ပါ

# စာစောင်မှာယူခြင်း

## အခြေခံဥပဒေရေးရာစာစောင် အမှတ် (၁၄)

သို့၊
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

အမည် ____________________

ရက်စွဲ ____________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များတင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

____________________

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊

____________________

____________________

မှာယူလိုသည့် စာအုပ်အရေအတွက် ( ) အုပ်၊
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက–
အမှတ်စဉ် ( )၊ အုပ်ရေ ( )အုပ်၊

စာအုပ်ပေးပို့ရမည့်လိပ်စာ ____________________

____________________

____________________

ဤအမှာစာကို –
Burma Lawyers' Council, P.O. Box 29, Huamark Post Office, Bangkok 10243 သို့လည်းကောင်း၊ Fax (02) 3821153 သို့ လည်းကောင်း ပေးပို့ရန်။

**ဤစာရွက်ကို ဆုတ်ဖြဲ၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။**